မြန်မာ့အလင်း

အတွဲ (၅၂)
အမှတ် (၃၂၁)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်

၂၀၁၃ ခုနှစ်၊ ဩဂုတ် ၂၂ ရက်၊ ကြာသပတေးနေ့။

နိုင်ငံတော် အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

ပြည်သူ့လွှတ်တော်အစည်းအဝေး

အမြန်လမ်းမကြီး ပိုမိုတိုးတက်ကောင်းမွန်ရန်နှင့် လမ်းအန္တရာယ်ကင်းရှင်းစေရန် လေ့လာဆန်းစစ်မှုများပြုလုပ်

နေပြည်တော် ဩဂုတ် ၂၁

ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို အစီအစဉ်(၈)ခုဖြင့်ဆောင်ရွက်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ် (၂)ဦး၏ ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ပြန်လည်ဖြေကြားခဲ့သည်။

ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို၏ ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီး တည်ဆောက်ထားရှိမှု၊ လမ်းအရည်အသွေး တည်ဆောက်ထိန်းသိမ်းမှုတို့နှင့်ပတ်သက်၍ သိရှိလိုကြောင်းမေးခွန်းနှင့်စပ်လျဉ်း၍ ယခုလက်ရှိတည်ဆောက်ပြီး ကွန်ကရစ်လမ်းသားအကျယ်မှာ (၂၅)ပေဖြစ်ပြီး လမ်းသားအပြည့် အသုံးပြုနိုင်ရန်ရည်ရွယ်၍ လမ်းတစ်ဖက်စီတွင် အမာခံလမ်းပခုံး (၃)ပေအကျယ် ဆောင်ရွက်ထားရှိပါကြောင်း၊ အန္တရာယ်ရှိနိုင်သည့် အကွေ့များ၊ တံတားအဝင်/အထွက် နေရာများနှင့် ယာဉ်မတော်တဆဖြစ်ပွားမှုများသောနေရာများတွင် ကွန်ကရစ်တုံးများ ယာယီတပ်ဆင်ထားပါကြောင်း၊ အမြန်လမ်းမကြီး ပိုမိုတိုးတက်ကောင်းမွန်ရန်နှင့် လမ်းအန္တရာယ်ကင်းရှင်းစေရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနက အနီးကပ်ကြီးကြပ်မှုဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လမ်းပိုင်းဆိုင်ရာ လေ့လာဆန်းစစ်မှုများ ပြုလုပ်လျက်ရှိပြီး အကြံပြုချက်များအပေါ် လိုအပ်သလိုပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ဒုတိယဝန်ကြီး၏ဖြေကြားမှုအပေါ် မေးခွန်းရှင်သူရဦးအောင်ကိုက "အမြန်လမ်းနဲ့ပတ်သက်ပြီး မတော်တဆမှုတွေ မကြာခဏဖြစ်နေပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကားလမ်းရဲ့ အရည်အသွေးစံချိန်မီခြင်း၊ မမီခြင်းဟာလည်းပဲ

စာမျက်နှာ ၇ ကော်လံ ၁ ❍

ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်)တွင် မိသားစုမှ စွန့်ပစ်လူနာများအား လက်ခံစောင့်ရှောက်ထား

နေပြည်တော် ဩဂုတ် ၂၁

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လိုအပ်သော စိတ်ကျန်းမာရေးစောင့်ရှောက်မှုများကို ရရှိနိုင်ရေး စီမံဆောင်ရွက်ထားရှိပါကြောင်းနှင့် လက်ရှိကျင့်သုံးလျက်ရှိသော The Lunacy Act. (India Act IV,1912) သည်လည်း ခေတ်နှင့်လျော်ညီခြင်းမရှိတော့ပါသဖြင့် ယခုအခါ ခေတ်နှင့်လျော်ညီသော စိတ်ကျန်းမာရေးစောင့်ရှောက်မှုဥပဒေ(မူကြမ်း)ကို ကျန်းမာရေးဝန်ကြီးဌာနက ရေးဆွဲလျက်ရှိပါကြောင်းဖြင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ယနေ့ကျင်းပသည့် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့တွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင် (ခ) ဦးအောင်ကျော်ဦး၏ စောင့်ကြပ်ကြည့်ရှုထိန်းသိမ်းမည့်သူမရှိသော စိတ်ရောဂါဝေဒနာရှင် လေလွင့်ပုဂ္ဂိုလ်များအား နိုင်ငံတော်က ကြပ်မတ်စီမံစောင့်ရှောက်သွားမည့်

စာမျက်နှာ ၇ ကော်လံ ၁ ✻

ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ကျောက်ဖြူဒေသ လျှပ်စစ်ဓာတ်အားရရှိရေး ဓာတ်ငွေ့အင်ဂျင်စက်များ ရောက်ရှိ

နေပြည်တော် ဩဂုတ် ၂၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ရခိုင်ပြည်နယ် ကျောက်ဖြူဒေသ လျှပ်စစ်မီးရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စွမ်းအင်ဝန်ကြီးဌာန ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှထွက်ရှိလာသော သဘာဝဓာတ်ငွေ့များအနက် ကျောက်ဖြူဒေသဖွံ့ဖြိုးရေးအတွက် ရရှိမည့် သဘာဝဓာတ်ငွေ့ ကုဗပေသန်း ၂၀ ကို အသုံးပြု၍ Gas Turbine စက် တည်ဆောက်ရန် စီစဉ်ဆောင်ရွက်ခဲ့ရာ စီမံကိန်းမှ သဘာဝဓာတ်ငွေ့ကိုသုံးစွဲ၍ ဓာတ်အားပေးစက် တည်ဆောက်လျှင် ရခိုင်ပြည်နယ်အတွင်း ဓာတ်အားပိုမိုဖြန့်ဖြူးနိုင်ခြင်း၊ ကျောက်ဖြူဒေသအတွင်း အကောင်အထည်ဖော်မည့် စက်မှုဇုန်များရေနက်ဆိပ်ကမ်းများသို့ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခြင်း၊ ရခိုင်ပြည်နယ်အတွင်း သုံးစွဲ၍ ပိုလျှံသည့် ဓာတ်အားများကို နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ပြန်လည်ပို့လွှတ်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိမည် ဖြစ်သည်။

သို့ရာတွင် ရွှေသဘာဝဓာတ်ငွေ့ စီမံကိန်းမှ သဘာဝဓာတ်ငွေ့သုံး Gas Turbine Combined Cycle Power Plant (GTCCPP)

စာမျက်နှာ ၉ ကော်လံ ၅ ▲

ကျောက်ဖြူဒေသ လျှပ်စစ်မီးရရှိရေးအတွက် ဓာတ်ငွေ့အင်ဂျင်များကို သင်္ဘောပေါ်မှ သယ်ချနေစဉ်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

သေးသေးလေးကပင် စတင်ပါ

နိုင်ငံတစ်နိုင်ငံ စတင်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အသေးစားစီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်ရေးသည် စီးပွားရေးလုပ်ငန်းကြီးများ၏ အခြေခံအုတ်မြစ်ဖြစ်ပါသည်။ ယနေ့ ဖွံ့ဖြိုးပြီးနိုင်ငံအများစုသည် အသေးစား စီးပွားရေးလုပ်ငန်းများဖြင့် စတင်ခဲ့ကြသည်။ စီးပွားနေအင်အား တိုးပွားလာသည်နှင့်အမျှ လုပ်ငန်းများတိုးချဲ့လုပ်ကိုင်ရင်း ကြီးမားသော စီးပွားရေးလုပ်ငန်းကြီးများအဖြစ်သို့ ရောက်လာသည်။ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများမှသည် စီးပွားရေးလုပ်ငန်းကြီးများအဖြစ်သို့ ချဲ့ထွင်လုပ်ကိုင်နိုင်ကြမှသာလျှင် နိုင်ငံနှင့်အဝန်း အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များပြီး လူတစ်ဦးချင်းစီ ဝင်ငွေတိုးကာ နိုင်ငံကြီးပွားချမ်းသာလာမည်ဖြစ်ပါသည်။

သို့အတွက် သေးသေးလေးကစပြီး စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ကြဖို့လိုပါသည်။ ကြီးမားသော ငွေကြေးခနအင်အားပြည့်စုံအောင်စောင့်၍မနေသင့်တော့ပါ။ ငွေကြေးအရင်းအနှီး ကျပ်သိန်း ၁၀၀ ရှိလျှင် သိန်း ၁၀၀ နှင့်တန်သော လုပ်ငန်း၊ ကျပ်သိန်း ၂၀၀ ရှိလျှင် သိန်း ၂၀၀ နှင့်တန်သော လုပ်ငန်း စသည်ဖြင့် အသေးအမွှားဆုံးအဆင့်မှ စတင်လုပ်ကိုင်ကြရမည် ဖြစ်ပါသည်။ အသေးစားစီးပွားရေးလုပ်ငန်းများ စတင်လုပ်ကိုင်ကြသူများအနေဖြင့် မှတ်ပုံတင်ကြေးပေးစရာမလိုကြောင်း၊ အခွန်ကင်းလွတ်ခွင့် သုံးနှစ်ပေးမည်ဖြစ်ကြောင်း အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီက အတိအလင်း ထုတ်ပြန်ကြေညာထားပြီး ဖြစ်ပါသည်။

ဤအချက်များသည် အသေးစားစီးပွားရေးလုပ်ငန်းများ အလျင်အမြန်တိုးတက်လာရေးအတွက် လမ်းဖွင့်ပေးလိုက်ခြင်း ဖြစ်သည်။ မှတ်ပုံတင်ကြေးနှင့် အခွန်ကင်းလွတ်ခွင့် ရရှိလိုက်သဖြင့် စီးပွားရေး လုပ်ငန်းများကို လွတ်လပ်စွာလုပ်ကိုင်နိုင်သည့် အနေအထားဖြစ်သည်။ ယင်းအခွင့်အရေးကို လက်လွတ်ဆုံးရှုံးမခံသင့်ပါ။ အမြန်ဆုံး စီးပွားရေးလုပ်ငန်းကို စတင်ဖို့ လိုပါသည်။

ကျွန်ုပ်တို့နိုင်ငံတွင် စီးပွားရေးလုပ်ကိုင်ရန် နယ်ပယ်များစွာ ရှိနေပါသေးသည်။ မွေးမြူရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ကုန်ကြမ်းမှကုန်ချောထုတ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်း စသည်ဖြင့် လုပ်ကိုင်နိုင်သောလုပ်ငန်းနယ်ပယ်များစွာ ရှိနေပါသည်။ မိမိတို့အနေအထား ငွေကြေးခနေ၊ ဈေးကွက်အခြေအနေပေါ်မှာမူတည်ပြီး စိတ်အားထက်သန်ရာလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်နိုင်ပါသည်။

မြန်မာနိုင်ငံတွင် အသေးစားစီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နိုင်သော အခြေခံသွင်းအားစုများဖြစ်သည့် ရေ၊ မြေ၊ လုပ်သား အလျှံပယ်ရှိပါသည်။ မိမိတို့နှင့်အဆင်ပြေမည့် အနေအထားတွင် လုပ်ငန်းများ စတင်နိုင်ပါသည်။ ယနေ့အချိန်အခါတွင် နိုင်ငံတော်က ပုဂ္ဂလိကကဏ္ဍများ အလျင်အမြန်ဖွံ့ဖြိုးလာရေး ဦးစားပေးဆောင်ရွက်နေပြီဖြစ်၍ အသေးစားစီးပွားရေးလုပ်ငန်းများ အမြန်ဆုံးစတင်လုပ်ကိုင်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

အလွတ်သတင်းထောက်များ လျှောက်ထားနိုင်

မြန်မာ့အလင်းသတင်းစာတိုက်သို့ အမြို့မြို့အနယ်နယ်မှ ပေးပို့လျက်ရှိသော အချို့သတင်းများသည် အချက်အလက်များပြည့်စုံသကဲ့သို့ တင်ပြပုံလည်း ကောင်းမွန်ပါသည်။ သို့ရာတွင် သတင်းမှန်ကန်ခိုင်မာမှု ရှိ မရှိ အတည်ပြုနိုင်ရေး၊ သတင်းတာဝန်ယူမှုရှိရေးစသည်တို့အတွက် သတင်းထောက်များအဖြစ် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ သို့ပါ၍ သတင်းကောင်းများ စာမျက်နှာပေါ်တွင် ဖော်ပြနိုင်ရေးအတွက် မြန်မာ့အလင်းသတင်းစာ၏ အလွတ် သတင်းထောက်များအဖြစ် ဆက်သွယ်လျှောက်ထားပြီး သတင်းပေးပို့ပါရန် ဖိတ်ခေါ်အပ်ပါသည်။ **စာတည်းအဖွဲ့**

ပြည်တွင်းသတင်း

ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန် လှူဒါန်းနိုင်

နေပြည်တော် ဩဂုတ် ၂၁

ဂေါတမဘုရားအလောင်းတော်ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦး ဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းတောစသည့် သံဝေဇနီယလေးဌာနအနက်မှ ပွင့်တော်မူရာ တစ်ဌာနကို တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့် သံဝေဇနီယသုံးဌာနကို နေပြည်တော်သတ္တဌာန အနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန် (နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၆၇-၄၁၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၆၊ ဦးဝင်းငွေ (အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၀၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း- ၀၆၇-၄၁၄၂၀၂၊ ၀၆၇-၄၁၄၂၀၄၊ စီမံရေးရာဌာနမှူး ဖုန်း- ၀၉-၆၄၀၀၃၉၄ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

မြန်မာ့ ရေနှင့်မြေ သယံဇာတများ ထိရောက်စွာအသုံးချဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၁

မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံ Manda Fermentation ကုမ္ပဏီတို့ လယ်ယာကဏ္ဍမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၂၀ ရက် နံနက် ၁၀ နာရီက နေပြည်တော် အမရဟိုတယ်၌ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်တို့က မြန်မာနိုင်ငံ၏ရေသယံဇာတနှင့် မြေသယံဇာတကို ထိရောက်စွာ အသုံးချပြီး ဂျပန်နိုင်ငံ ဈေးကွက်သို့ တင်ပို့နိုင်ရေး နှစ်ဖက် အရှိန်မြှင့်တင် ဆောင်ရွက်ရန် ဂျပန်နိုင်ငံကုမ္ပဏီများနှင့် မြန်မာနိုင်ငံလုပ်ငန်းရှင်များ တိုးမြှင့်အကောင်အထည် ဖော်ရေးတို့ကို ရှင်းလင်း ပြောကြားကြသည်။

ထို့နောက် ဂျပန်နိုင်ငံ Manda ကုမ္ပဏီမှ President & CEO Dr. Yoshinori Matsuura ဦးဆောင်သော စိုက်ပျိုးရေးပညာရှင်အဖွဲ့က မြန်မာနိုင်ငံ၏ ပုဂ္ဂလိကလယ်မြေများတွင် တီထွင်သုတေသနပြုထားသော အားဖြည့်မြေဆီများဖြင့် စမ်းသပ်သုတေသနပြု စိုက်ပျိုးခဲ့သည့် ရလဒ်များကို သီးနှံအမည်အလိုက် ရှင်းလင်း ပြောကြားကြသည်။ ဆွေးနွေးပွဲ အပြီး ပြည်ထောင်စုဝန်ကြီးများနှင့် ဂျပန်နိုင်ငံမှ စိုက်ပျိုးရေးပညာရှင်များသည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ငလိုက်ဆည်ရေသောက် စက်မှုလယ်ယာမြေ ၈၅ ဧက စိုက်ကွင်းသို့ သွားရောက်ကြပြီး ဂျပန်နိုင်ငံမှရင်းမျိုးစပါး စိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုများ၊ မျိုးစပါး မျိုးပွားစိုက်ခင်းများနှင့် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအနီးရှိ ဟိုင်နမ်မှရင်းမျိုး မြေပဲမျိုးသန့်မျိုးပွား ၁၀ ဧက စိုက်ခင်း ဖြစ်ထွန်းအောင်မြင်နေမှုများ၊ နဂါးမောက်စိုက်ခင်း၊ မျိုးစေ့နှင့် လယ်ယာသုံးပစ္စည်းအရောင်းဆိုင် နှင့် ဥတ္တရသီရိမြို့နယ် စက်စက်ယို ဆည်ရည်သောက် ဧက ၉၀၀ စိုက်ခင်းရှိ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ခင်းများ၊ ဆီထွက်သီးနှံ နေကြာ စိုက်ခင်းများကို လှည့်လည်လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

မော်လမြိုင်မြို့တွင် မီးလောင်မှုဖြစ်ပွား

မော်လမြိုင် ဩဂုတ် ၂၁

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ဩဂုတ် ၁၉ ရက် မွန်းတည့် ၁၂ နာရီက အထက်လမ်းမကြီး သံလွင်ဥယျာဉ်ဝင်း ဘိုကုန်းရပ်နေ ပိုင်ရှင် ဒေါ်တင်မာလင်း အသက် (၃၆နှစ်)၏ (City Top) စားသောက်ဆိုင်တွင် မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)** မီးလောင်မှုမှာ ၂၁ လက်မ ဆမ်ဆောင်းတီဗွီဖွင့်ထားစဉ် အပူလွန်ကဲပြီး ပေါက်ကွဲမှုဖြစ်ကာ ဆိုဖာသို့ ကူးစက်လောင်ကျွမ်းရာ စားသောက်ဆိုင်နှင့် ဆိုဖာတစ်လုံး စုစုပေါင်း ငွေကျပ် ၁၈၇၅၀၀၀ ခန့်ဆုံးရှုံးပြီး ထိခိုက်ဒဏ်ရာရ သေဆုံးမှုမရှိကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ မီးငြိမ်းသတ်ယာဉ် ခြောက်စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၂၃ ဦး၊ အရန်မီးသတ် ၃၅ ဦးဖြင့် မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် မီးကိုထိန်းနိုင်ပြီး မွန်းလွဲ ၁၂ နာရီခွဲတွင် ရေဂါလန် ၅၆၀၀ ဖြင့် မီးငြိမ်းနိုင်ခဲ့သည်။ မီးလောင်မှုနှင့်ပတ်သက်၍ ဆိုင်ဝန်ထမ်း ဦးအောင်အောင်အား မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်းသိရသည်။ **(၁၀၈)**

တောတောင်ပျက်ပြုန်း မြေဆီသုဉ်း၏။

Bachelor Of Business Administration

Study Bachelor Degree From ABAC in Myanmar

MPDC EDUCATION

MPDC နှင့် ABAC Thailand တို့ ပူးပေါင်း၍ Bachelor of Business Administration B.B.A သင်တန်းများကို ရန်ကုန်မြို့ နှင့် မန္တလေးမြို့တို့တွင် အောက်တိုဘာလမှ စ၍ စတင်ဖွင့်လှစ် သင်ကြားပေးတော့မည်ဖြစ်ပါသည်၊

Class Begin : October, 2013
Seminar Date : August 24, 2013 (Saturday - 1:00 PM)
Place : Room (205), Main Building, Myanmar Info-Tech.

B.B.A Seminar အတွက် လူဦးရေ ကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်း ရပါမည်

Tel : 01, 507043, 507047, 09 420114501, 09 73103785, 09 5028489, 09 43192360
E-Mail : sandra@newklink.com, khinmoephyu@a25ngv.com, paingthu@newklink.com

ပြည်တွင်းသတင်း

ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်တို့အား လူ့အခွင့်အရေး အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ ကင်တားနား လာရောက်တွေ့ဆုံ

နေပြည်တော်　ဩဂုတ်　၂၁

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့် ပြည်ထောင်စုရှေ့နေချုပ်တို့အား မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ ကင်တားနားသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါရုံးများ၌ သီးခြားစီလာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး ပကတိဖြစ်ပေါ် တိုးတက်မှုအခြေအနေများ၊ လူ့အခွင့်အရေးဆိုင်ရာ တိုးတက်မြှင့်တင်ရေးကိစ္စရပ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ၌ ၂၀၁၄ ခုနှစ်တွင် ဆောင်ရွက်မည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းစဉ်များနှင့် ပဋိပက္ခနယ်မြေများ၌ ကောက်ယူမည့် အစီအစဉ်များ၊ ရခိုင်ပြည်နယ်အတွင်း လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းစဉ်များနှင့် ယင်းလုပ်ငန်းစဉ်များအပေါ် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စာချွန်တော်များဖြင့် တောင်သူလယ်သမားများအား အကာအကွယ်ပေးနေမှုများ၊ Legal Reform နှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ဆောင်ရွက်နေမှုများကိုလည်းကောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

တွေ့ဆုံ ဆွေးနွေး

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ ကင်တားနားတို့ တွေ့ဆုံဆွေးနွေးစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ ကင်တားနားပြန်လည်ထွက်ခွာ

ရန်ကုန်　ဩဂုတ်　၂၁

မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ ကင်တားနားသည် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

ထိုသို့ မထွက်ခွာမီ ညနေ ၆ နာရီ ၄၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ခန်းမ၌ မီဒီယာတွေ့ဆုံပွဲကျင်းပရာ **(ဓာတ်ပုံ)** မစ္စတာ ကင်တားနားက ယခုခရီးစဉ်နှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်ကို ရှင်းလင်း ပြောကြားသည်။ ပြည်တွင်း၊ ပြည်ပမီဒီယာများက ယခုခရီးစဉ်နှင့် သိရှိလိုသည်များကို မေးမြန်းရာ မစ္စတာ ကင်တားနားက ပြန်လည်ဖြေကြားသည်။

သတင်းထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံ၌ လူ့အခွင့်အရေး အခြေအနေ အရပ်ရပ်သည် အပြုသဘောဆောင်စွာဖြင့် တိုးတက်လျက်ရှိပြီး ဆက်လက်တိုးတက်မည့် လက္ခဏာများကိုလည်း တွေ့မြင်နေရပါကြောင်း၊ သို့ရာ၌ တိုင်းရင်းသား လူမျိုးစုများနှင့် အမျိုးသားပြန်လည် သင့်မြတ်မှုရရှိရန်ဟူသော သမိုင်းရေးလိုအပ်ချက်အပါအဝင် စိန်ခေါ်မှု အများအပြားရှိနေဆဲဖြစ်ကြောင်း။

မြန်မာနိုင်ငံအတွင်း တိုက်ခိုက်နေမှုများ အဆုံးသတ်ကာ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အစိုးရအဖွဲ့က ပြည်ထောင်စုအဆင့် ကြိုးပမ်းဆောင်ရွက်မှုများကို စတင်ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ရပါကြောင်း။

ငြိမ်းချမ်းရေး တည်ဆောက်ခြင်းနှင့် အမျိုးသားပြန်လည်သင့်မြတ်မှု လုပ်ငန်းစဉ်တွင် ဒေသန္တရလူမှုအသိုက်အဝန်းများ အပါအဝင် အောက်ခြေလူထုပါ ပါဝင်ဆောင်ရွက်ခွင့်ရရှိရန် လိုအပ်ပါကြောင်း၊ အောက်ခြေအဆင့် ပြည်သူများ၏ အသံများကိုပါ မိမိတို့ နားထောင်ရန် လိုအပ်မည်ဖြစ်ပြီး ကောင်းမွန်သော အနာဂတ်ဘဝအတွက် ရပ်ရွာအသိုက်အဝန်းများက ယုံကြည်မှုရှိရှိဖြင့် ပါဝင်ဆောင်ရွက်လာကြရန်ဖြစ်ကြောင်း၊ အထူးသဖြင့် အမျိုးသမီးများ၏ အသံကို နားထောင်ဖို့ လိုအပ်မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများလည်း ပါဝင်ကြောင်း၊ ထိုအဖွဲ့အစည်းများသည် မြန်မာနိုင်ငံတိုးတက်မည်ဟု ယုံကြည်ထားကြပြီး ကောင်းမွန်သော အနာဂတ်ကို တည်ဆောက်နိုင်လိမ့်မည် ဖြစ်ပါကြောင်း။

ယခုကဲ့သို့ မိမိအားဖိတ်ခေါ်ပြီး ပူးပေါင်းဆောင်ရွက်သည့်အတွက် မြန်မာအစိုးရကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာပြည်သူများ၏ လူ့အခွင့်အရေး တိုးတက်အောင် ဆောင်ရွက်ရာတွင် မြန်မာပြည်သူပြည်သားများနှင့် အပြုသဘောဆောင် ဆောင်ရွက်သွားရန် ဆန္ဒရှိပါကြောင်း စသည်ဖြင့်ပြောကြားသွားသည်။

(သတင်းစဉ်)

လူမှုရေးပညာရပ်ဆိုင်ရာ တက္ကသိုလ်ဖွင့်လှစ်နိုင်ရေးဆွေးနွေး

နေပြည်တော်　ဩဂုတ်　၂၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်အား အစ္စရေး အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ Director of Training Department Mr. Mattanya Cohen နှင့် အစ္စရေးသံအမတ်ကြီး H. E. Mr. Hagay Moshe Behar တို့သည် ယမန်နေ့နံနက်၁၁နာရီတွင် အဆိုပါ ဝန်ကြီးရုံး မေခလာခန်းမ၌ လာရောက်တွေ့ဆုံပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် အစ္စရေးအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (IAIC) တို့အကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်များ၊ နည်းပညာ ဖလှယ်နိုင်မည့် အခွင့်အလမ်းများ၊ ဦးစားပေးဆောင်ရွက်မည့် အစီအစဉ်များ၊ လူမှုရေးပညာရပ်ဆိုင်ရာ တက္ကသိုလ် ဖွင့်လှစ်နိုင်ရေးအတွက် နည်းပညာပံ့ပိုးမည့် အစီအစဉ်များနှင့် အစ္စရေးနိုင်ငံမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများစေလွှတ်၍ သင်တန်းဖွင့်လှစ်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်ပိုင် အဆောက်အအုံနှင့် မြေနေရာ BOT စနစ်ဖြင့်လုပ်ကိုင်ခွင့်ပြု

ရန်ကုန်　ဩဂုတ်　၂၁

ရန်ကုန်မြို့ ယောမင်းကြီးရိပ်သာနှင့် စစ်သမိုင်းပြတိုက်တို့ကို ဟိုတယ်နှင့် ဈေးဝယ်စင်တာများ ဆောက်လုပ်ရန် ပြည်တွင်းကုမ္ပဏီနှစ်ခုအား BOT စနစ်ဖြင့် နှစ်ရှည်ငှားရမ်းလုပ်ကိုင်ခွင့်ပြုလိုက်ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)မှ သိရှိရသည်။

ဒဂုံမြို့နယ်ရှိ စစ်သမိုင်းပြတိုက်သို့ Yangon Technical Trading Group က လုပ်ကိုင်ခွင့်ရရှိပြီး ယောမင်းကြီးရိပ်သာကို Paramount Inlay Resources က လုပ်ကိုင်ခွင့် ရရှိခဲ့သည်။

ထို့ပြင် ဒဂုံမြို့နယ်အတွင်းရှိ စစ်ရုံးချုပ်ဟောင်း မြေနေရာကိုလည်း ပြည်တွင်း ရွှေတောင်ကုမ္ပဏီနှင့် စင်ကာပူအခြေစိုက် ကုမ္ပဏီဖြစ်သော Hyday(South Pacific) Investment Pte.,Ltd တို့အား BOT စနစ်ဖြင့်ပင် လုပ်ကိုင်ခွင့်ပြုထားသည်။

အဆိုပါ ကုမ္ပဏီနှစ်ခုသည် ပြည်ပရင်းနှီးမြှုပ်နှံမှု ဖက်စပ်လုပ်ငန်းအဖြစ် ထိုမြေရာ၌ နိုင်ငံတကာအဆင့်မီ ဟိုတယ်နှင့်ရုံးခန်းများ ဆောက်လုပ်သွားမည်ဟု သိရှိရသည်။

(မချို)

ယနေ့ မိုးလေဝသ အခြေအနေ

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။
နေပြည်တော်နှင့်ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များ
၂၁-၈-၂၀၁၃

ရွှေကျင်မြို့တွင် ၈ ဒသမ ၅၈ လက်မ၊ မဒေါက်မြို့တွင် ၈ ဒသမ ၅၄ လက်မ၊ မြောက်ဦးမြို့တွင် ၇ ဒသမ ၀၀ လက်မ၊ အမ်းမြို့တွင် ၅ ဒသမ ၄၇ လက်မ၊ သံတွဲမြို့တွင် ၄ ဒသမ ၃၃ လက်မ၊ တောင်ကုတ်မြို့နှင့်ကျိုက်မရောမြို့တို့တွင် ၄ ဒသမ ၁၆ လက်မစီ၊ ကျောက်တော်မြို့တွင် ၄ ဒသမ ၀၆ လက်မ၊ ပေါင်မြို့တွင် ၃ ဒသမ ၈၂ လက်မ၊ချောင်းဆုံမြို့တွင် ၃ ဒသမ ၇၀ လက်မ၊ မော်လမြိုင်မြို့တွင် ၃ ဒသမ ၅၈ လက်မ၊ကော့ကရိတ်မြို့တွင် ၃ ဒသမ ၅၀ လက်မနှင့် တံခွန်တိုင်မြို့တွင် ၃ ဒသမ ၃၀ လက်မတို့ဖြစ်ကြသည်။



နိုင်ငံတကာသတင်း

လျှပ်တစ်ပြက်ရိုက်ကူးထားသော ဓာတ်ပုံများအပေါ် တော်ဝင်မိသားစု၏ ပရိသတ်များ စိတ်ပျက်မိဟုဆို

လန်ဒန် ဩဂုတ် ၂၁

မင်းသားဝီလျံနှင့် ၎င်း၏ ကြင်ရာတော် ကိတ်တို့က ၎င်းတို့၏သားငယ် မင်းသားဂျော့ချ်၏ ထီးဟန်နန်းဟန်မပါဘဲ လျှပ်တစ်ပြက်ရိုက်ထားသည့် ဓာတ်ပုံများကို ဩဂုတ် ၁၉ ရက်က တရားဝင်ထုတ်ပြန်ပေးရာ ဗြိတိန်၏တော်ဝင်နန်းလျာအသစ်စက်စက်ကလေးကို ကြီးကျယ်ခမ်းနားစွာ တွေ့မြင်ရရန် မျှော်လင့်ထားကြသည့် တော်ဝင်မိသားစု၏ ပရိသတ်များ စိတ်ပျက်လက်ပျက်ဖြစ်သွားကြရသည်ဟု ဆိုသည်။

ဗြိတိန်၏ တတိယမြောက် နန်းလျာမင်းသားငယ် ဂျော့ချ်ကို ဇူလိုင် ၂၂ ရက်တွင် မွေးဖွားခဲ့ရာ ၎င်း၏ မိဘနှစ်ပါး နိုင်ငံတကာတွင် ရေပန်းစားမှုနှင့် ဗြိတိန်တော်ဝင်မိသားစုအား စိတ်ဝင်စားမှုတို့ကို အကြောင်းပြု၍ ကမ္ဘာတစ်ခွင်ရှိ မီဒီယာများက သဲသဲလှုပ်ဖော်ပြခဲ့ကြသည်။

မင်းသားငယ် ဂျော့ချ်၏ ပထမဦးဆုံးသော တရားဝင်ဓာတ်ပုံများကို တော်ဝင်ထီးနန်း၏ ထုံးတမ်းစဉ်လာအတိုင်း ရိုက်ကူးထားခြင်း မဟုတ်ဘဲ ယခုလ စောစောပိုင်းတွင် မင်းသမီးကိတ်၏ ဖခင် မိုက်ကယ်လ် မစ်ဒယ်လ်တန်က ဘက်ရှိုင်းယားရှိ မိသားစုနေအိမ် ဥယျာဉ်အတွင်း ရိုက်ခဲ့ခြင်းဖြစ်ပြီး ယင်းအနက် ပုံနှစ်ပုံကို ဝီလျံနှင့်ကိတ်တို့က တရားဝင်ထုတ်ပြန်ပေးခဲ့ခြင်းဖြစ်သည်။

ထုတ်ပြန်လိုက်သည့် ဓာတ်ပုံများတွင် မင်းသားငယ်၏ မျက်နှာမပေါ်လွင်ခြင်းနှင့် ဓာတ်ပုံအရည်အသွေးမကောင်းခြင်းတို့ကြောင့် စိတ်ပျက်ရကြောင်း တော်ဝင်မိသားစုကို တစိမ့်စိမ့်ကြည့်နေသူ တချို့က ပြောကြားသည်။ **(ရိုက်တာ)**

တန် ၁၀၀ ရှိ ဖောက်ခွဲရေးပစ္စည်းများ ပါကစ္စတန် ကွက်တာမြို့၌ ဖမ်းဆီးရမိ

ကွက်တာ ဩဂုတ် ၂၁

ပါကစ္စတန်အနောက်တောင်ပိုင်း ကွက်တာမြို့၌ လုံခြုံရေးတပ်များက ဝင်ရောက်စီးနင်းရှာဖွေစဉ် ဗုံးလုပ်ပစ္စည်း တန် ၁၀၀ နှင့် လူ ၁၀ဦးကို ဖမ်းဆီးလိုက်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါဖမ်းဆီးရမိ ဗုံးလုပ်ပစ္စည်းများတွင် ဗုံးများအတွင်း ရောနှောအသုံးပြုသည့် ဓာတုဗေဒပစ္စည်းများ၊ ဝိုင်ယာကြိုးနှင့်စနက်တံများပါဝင်ကြောင်း ဗိုလ်မှူးကြီး မက်ဘူးလ်ရှပ်ရှ်က ပြောကြားသည်။

ယခုနှစ်အစောပိုင်းက လူပေါင်း ၁၂၀ကျော်သေဆုံးခဲ့သည့် တိုက်ခိုက်မှုနှစ်ရပ်အတွင်း အလားတူ ဓာတုပစ္စည်းများထည့်သွင်းအသုံးပြုခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ ဘလူချီစတန်ပြည်နယ် ကွက်တာမြို့သည် တာလီဘန်တို့၏ အဓိကအကြမ်းဖက်တိုက်ခိုက်နေသော မြို့ဖြစ်သည်။ စောစောပိုင်းက ပိုတက်စီယမ်ကလိုရိတ် ၁၅တန် တင်ဆောင်မောင်းနှင်လာသော ကားတစ်စီးအတွင်း အမျိုးသားနှစ်ဦးကို ဖမ်းဆီးပြီးနောက် ကုန်လှောင်ရုံတစ်ခုအတွင်း လုံခြုံရေးအဖွဲ့က ဝင်ရောက်စီးနင်းရှာဖွေဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ **(ဘီဘီစီ)**

ဆော်ဒီ မြို့ပြကာကွယ်ရေးတပ်ဖွဲ့ဝင်များက ဝန်ပင့်စက်ကို အသုံးပြုကာ ကိုယ်အလေးချိန် ၁၃၄၅ပေါင်ရှိ ခါလက်မိုရှန်ရှေရီ (အသက်၂၀) အား လေယာဉ်ပေါ်သို့ တင်ဆောင်နေသည်ကို ဩဂုတ် ၁၉ ရက်က တွေ့ရစဉ်။ (၎င်းသည် ဆော်ဒီအာရေဗျနိုင်ငံ ဂျီဇန် မြို့တွင်နေထိုင်သူဖြစ်ပြီး အဝလွန်ရောဂါခံစားရခြင်းကြောင့် မြို့တော်ရီယာ့ဒ်သို့ ပို့ဆောင်ကာကုသမှုခံယူစေမည်ဖြစ်သည်။) **(ရိုက်တာ)**

မူဘာရက်အား အီဂျစ်တရားရုံးက ပြန်လွှတ်ပေးဖွယ်ရှိ

ကိုင်ရို ဩဂုတ် ၂၁

ဖြုတ်ချခံရသော အီဂျစ်သမ္မတဟောင်း ဟို့စ်နီမူဘာရက်အား အီဂျစ်တရားရုံးက ပြန်လွှတ်ပေးရန်စဉ်းစားနေပြီဖြစ်ကြောင်း ဩဂုတ်၂၁ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။ မူဘာရက်သည် ၂၀၁၁ ခုနှစ်အတွင်း ဆန္ဒပြသူများအား သတ်ဖြတ်မှုနှင့်တရားရင်ဆိုင်နေရသည်။ သို့သော်လည်း ၎င်းအား တစ်ချိန်က လာဘ်စားမှုစွဲချက်အပေါ် ရှင်းလင်းပြီးပါက တရားရုံးက လွှတ်ပေးဖွယ်ရှိကြောင်း ၎င်း၏ရှေ့နေကမျှော်လင့်ထားသည်။ ထိုစဉ်အတွင်း အီးယူနိုင်ငံခြားရေးဝန်ကြီးများသည် အီဂျစ်ကိုပေးနေသည့် ယူရိုဘီလီယံပေါင်းများစွာအနက်မှ လျှော့ချရေးကိစ္စနှင့်ပတ်သက်ပြီး ဆွေးနွေးဆုံးဖြတ်ကြမည်ဆိုသည်။ ပြီးခဲ့သောလက မိုဟာမက်မော်စီအား သမ္မတအဖြစ်မှ ဖြုတ်ချပြီးနောက် စစ်တပ်ကျောထောက်နောက်ခံပြုသော ကြားဖြတ်အစိုးရက ဆန္ဒပြသပိတ်စခန်း နှစ်ခုကို ဖြိုခွင်းခဲ့သည့်အတွက် အီးယူက စိုးရိမ်လျက်ရှိသည်။ **(ဘီဘီစီ)**

နယူးဂျာဆီတွင် ရေတပ်စခန်းတစ်ခု၌ ပေါက်ကွဲမှုဖြစ်

မစ်ဒယ်လ်တောင်း ဩဂုတ် ၂၁

နယူးဂျာဆီ ကမ်းရိုးတန်းအနီး ရေတပ်စခန်းတစ်ခု၏ လက်နက်တိုက်ပေါက်ကွဲမှုနှင့်မီးလောင်မှု ယမန်နေ့က ဖြစ်ပွားခဲ့ရာ လူရှစ်ဦး ဒဏ်ရာရရှိခဲ့သည့်အနက် တစ်ဦးမှာ စိုးရိမ်ရကြောင်း ရေတပ်အရာရှိများက ပြောကြားသည်။ မင်ဟက်တန်မှ ၄၅ မိုင်ခန့်အကွာ ကို့လ်တ်နက်မြို့နယ်အနီးရှိ ရေတပ်လက်နက်တိုက်ပေါက်ကွဲမှုဖြစ်ပွားရာသို့ မီးသတ်ကားများ၊ လူနာတင်ယာဉ်များနှင့် အရေးပေါ်သူနာပြုရဟတ်ယာဉ်တစ်စင်းတို့ လာရောက်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။ ဒေသစံတော်ချိန် နံနက် ၉ နာရီခန့်တွင် ရေယာဉ်ပြင်ဆင်ရေးအလုပ်ရုံတစ်ခု၌ ဖြစ်ပွားခဲ့သည့် အဆိုပါပေါက်ကွဲမှု၏ အကြောင်းရင်းကို စုံစမ်းနေဆဲဖြစ်သည်။ ဒဏ်ရာရရှိသူများမှာ ရေတပ်သားခုနစ်ဦးနှင့် အရပ်သား တစ်ဦးဖြစ်ကြောင်း၊ အလျား၃၅ ပေရှိ ဘက်စုံသုံး ရေယာဉ်တစ်စင်းကို ပုံမှန်ပြုပြင်ထိန်းသိမ်းမှု ပြုလုပ်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းကြောင့် အဆိုပါ ရေယာဉ်နှင့် ဆက်စပ်လျက်ရှိသော အဆောက်အအုံတွင် ပျက်စီးမှုအများအပြားဖြစ်ခဲ့ကြောင်း ရေတပ်စခန်း၏ ပြောရေးဆိုခွင့်ရှိသူ မိုက်ဘရက်ဒီက ပြောကြားသည်။ **(ရိုက်တာ)**

နယူးဂျာဆီ ရေတပ်စခန်း

ကင်မရွန်း၊ နိုင်ဂျီးရီးယားနဲ့ ဘာကာက်ဆိုင်းကျွန်းဆွယ်

မောင်မဟာ

ကင်မရွန်းနဲ့ နိုင်ဂျီးရီးယားနှစ်နိုင်ငံအကြား အငြင်းပွားနေတဲ့ ရေနံသယံဇာတပေါကြွယ်ဝတဲ့ ဘာကာက်ဆိုင်းကျွန်းဆွယ်ပိုင်ဆိုင်မှုနဲ့ ပတ်သက်ပြီး ငြိမ်းချမ်းစွာတွေ့ဆုံ ဆွေးနွေးဖို့ကြိုးစားနေတဲ့အပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ကြိုဆိုလိုက်ပါတယ်။

ဘာကာက်ဆိုင်း ကျွန်းဆွယ်ပိုင်ဆိုင်မှုနဲ့ ပတ်သက်ပြီး ကာလရှည်ကြာစွာ နှစ်နိုင်ငံ အငြင်းပွားမှုကို အဆုံးသတ်ပေးနိုင်မယ့် ငြိမ်းချမ်းရေးဆွေးနွေးပွဲပြန်လည်ကျင်းပနိုင်မှုဟာ ကင်မရွန်းနဲ့ နိုင်ဂျီးရီးယားနှစ်နိုင်ငံတို့ရဲ့ တင်းမာနေမှုတွေကို လျော့ကျ သွားစေနိုင်တယ်လို့လည်း ကုလသမဂ္ဂလုံခြုံရေး ကောင်စီမှတာဝန်ရှိသူတွေက ပြောကြားနေပါတယ်။ နှစ်နိုင်ငံနယ်စပ်မှာ ရှိနေတဲ့ ဘာကာက်ဆိုင်းကျွန်းဆွယ်ဟာ ဂိုင်ယာနာ ပင်လယ်ကွေ့မှာတည်ရှိနေတာဖြစ်ပြီး ရေနံပေါကြွယ်ဝတဲ့နေရာဖြစ်တာမို့ မကြာခဏ ပြဿနာဖြစ်ပွားကာ တိုက်ခိုက်မှုတွေဖြစ်ပွားတဲ့ကျွန်းလည်း ဖြစ်ပါတယ်။

ဒါကြောင့် ကုလသမဂ္ဂရဲ့ ကြားဝင်ဖျန်ဖြေမှုကြောင့် ကာလရှည်ကြာစွာဖြစ်ပေါ်နေတဲ့ အငြင်းပွားမှုဟာ လျော့ကျသွားခဲ့ပေမယ့် ပြီးခဲ့တဲ့နှစ်တွေက ပြန်လည်တင်းမာမှုတွေဖြစ်ပေါ်လာခဲ့တာ ဖြစ်ပါတယ်။

ဘာကာက်ဆိုင်းကို သူပိုင်ငါပိုင် အငြင်းပွားပြီး ပဋိပက္ခတွေဖြစ်ပေါ်ခဲ့တာမို့ ၂၀၀၂ ခုနှစ်တွင် နိုင်ငံတကာတရားရုံးက ဖြေရှင်းခဲ့တာကြောင့် ၂၀၀၆ ခုနှစ်မှာ ကတိကဝတ်တွေနဲ့အတူ သဘောတူညီမှုတွေ ရရှိခဲ့တာဖြစ်ပါတယ်။ အဲဒီတုန်းက သဘောတူညီမှုဟာလည်း အဲဒီအချိန်က ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်ရဲ့ ကမကထပြုမှုနဲ့ နိုင်ဂျီးရီးယားရော ကင်မရွန်းပါ သဘောတူလက်မှတ်ရေးထိုးခဲ့ကြတာဖြစ်ပါတယ်။

အဲဒီ သဘောတူညီချက်အရ ဘာကာက်ဆိုင်း ကျွန်းဆွယ်ပေါ်မှာ ကင်မရွန်းတို့ရဲ့ အာဏာသက်ရောက်မှုကို နိုင်ဂျီးရီးယားတို့က အသိအမှတ်ပြုရမှာဖြစ်သလို နိုင်ဂျီးရီးယားတို့ရဲ့ ပိုင်ဆိုင်မှုအပေါ် ကင်မရွန်းတို့က လိုက်နာရမှာဖြစ်ပါတယ်။

ဘာကာက်ဆိုင်း ကျွန်းဆွယ်ပေါ် အရေးကိစ္စတွေအားလုံးကို နှစ်နိုင်ငံပူးတွဲကော်မတီက ပူးပေါင်းဆောင်ရွက်ပေးရမှာဖြစ်ပြီး အချိန်ကန့်သတ်ချက်တစ်ရပ်အပေါ် တပ်ရုပ်သိမ်းမှုတွေလည်း ပြုလုပ်ပေးဖို့ နိုင်ဂျီးရီးယားတို့က သဘောတူခဲ့ကြပါတယ်။

ဘာကာက်ဆိုင်းကျွန်းဆွယ်ပေါ်မှာ နိုင်ဂျီးရီးယားတပ်ဖွဲ့ဝင်တွေ ၂၀၀၈ ခုနှစ်ကစတင်ပြီး ရုပ်သိမ်းခဲ့တာမို့ ကုလသမဂ္ဂရဲ့ အမိန့်ကို လိုက်နာကြောင်း ထုတ်ဖော်ပြသနိုင်ခဲ့ပါတယ်။

နှစ်နိုင်ငံ ပူးတွဲကော်မတီဟာ နိုင်ငံတကာတရားရုံးက ချမှတ်ထားတဲ့အမိန့်ကို လိုက်နာအကောင်အထည်ဖော်ဖို့ ဆောင်ရွက်နေပါတယ်။

ကင်မရွန်းနဲ့ နိုင်ဂျီးရီးယားအစိုးရတွေဟာ ကတိကဝတ်တွေအတိုင်း လိုက်နာစောင့်ထိန်းဖို့ လိုတယ်လို့လည်း ကုလသမဂ္ဂက သတိပေးထားပါတယ်။ ဒါ့အပြင် နှစ်နိုင်ငံအကြား ပင်လယ်ရေပိုင်နက် ကန့်သတ်ရေးနဲ့ ပတ်သက်ပြီး လက်တွေ့ကျတဲ့ ဖြစ်နိုင်ခြေနည်းလမ်းတွေနဲ့ ဖြေရှင်းသွားဖို့ ငြိမ်းချမ်းစွာဆွေးနွေးရေး နည်းလမ်းကိုပဲ အသုံးပြုဖို့ ရွေးချယ်ထားတာမို့ ရေနံနဲ့ သဘာဝဓာတ်ငွေ့သယံဇာတ ကြွယ်ဝတဲ့ ဘာကာက်ဆိုင်းကျွန်းဆွယ်အရေးဟာ အနာဂတ်မှာ စိတ်ဝင်စားစရာအကြောင်းအရာ ဖြစ်ပါတယ်။ ။

နိုင်ငံတကာသတင်း

ဖူကူရှီးမားစက်ရုံ ရေဒီယိုသတ္တိကြွရေများ ယိုစိမ့်

ဂျပန်နျူကလီးယားအေဂျင်စီက ဖူကူရှီးမား နျူကလီးယားစက်ရုံ ရေဒီယိုသတ္တိကြွရေများ ယိုစိမ့်မှုအတွက် သတိပေးအဆင့် ၁ မှ အဆင့် ၃ အထိ ပြုလုပ်သွားရန် စီစဉ်လျက်ရှိသည်။ အဆင့်မြင့် ရေဒီယိုသတ္တိကြွရေများ သိုလှောင်ကန်တစ်ကန်မှ စိမ့်ထွက်ပြီး စက်ရုံမြေကြီးအတွင်း စိမ့်ဝင်နေသည်ကို ဩဂုတ် ၁၉ ရက်က တွေ့ရှိခဲ့သည်ဟု ဆိုသည်။ ၂၀၁၁ ခုနှစ်က ငလျင်လှုပ်ပြီး ဆူနာမီဖြစ်ပေါ်ခဲ့သဖြင့် ထိခိုက်ပျက်စီးခဲ့ရသည့် ၎င်းနျူကလီးယားဓာတ်အားပေးစက်ရုံသည် ရေဒီယိုသတ္တိကြွရေများ စိမ့်ထွက်မှုရှိကြောင်း ဂျပန်နိုင်ငံက ယခုသီတင်းပတ်တွင် ကြေညာထားခဲ့သည်။

နုတ်ထွက်သောအီဂျစ်ဒုသမ္မတ သစ္စာဖောက်မှုဖြင့်တရားရင်ဆိုင်ရမည်

အီဂျစ်ကြားဖြတ်အစိုးရ ဒုတိယ သမ္မတဟောင်း မိုဟာမက်အယ်လ်ဘာရာဒီသည် စစ်တပ်ကျောထောက်နောက်ခံပြုသော ကြားဖြတ်အစိုးရက မွတ်စလင်ညီနောင်များအား သွေးထွက်သံယိုဖြိုခွင်းခဲ့ခြင်းကို မကျေနပ်၍ နုတ်ထွက်ရန်ဆုံးဖြတ်ခဲ့ခြင်းအပေါ် သစ္စာဖောက်မှုဖြင့် တရားစွဲဆိုထားသည်။ အယ်လ်ဘာရာဒီ၏အမှုကို စက်တင်ဘာ ၁၉ ရက်တွင် ကိုင်ရိုမြို့ တရားရုံး၌ စစ်ဆေးမည်ဖြစ်ကြောင်း တရားရုံးသတင်းရပ်ကွက်က ဩဂုတ် ၂၀ ရက်တွင် ပြောကြားသည်။ အယ်လ်ဘာရာဒီသည် ကုလသမဂ္ဂ နျူကလီးယားအေဂျင်စီအကြီးအကဲဟောင်းဖြစ်ပြီး အမျိုးသားကယ်ဆယ်ရေးတပ်ဦး (အင်န်အက်စ်အက်ဖ်)အဖွဲ့၏ ပူးတွဲခေါင်းဆောင်လည်းဖြစ်သည်။ ၎င်းသည် စစ်တပ်က မွတ်စလင်ညီနောင်များသပိတ်စခန်းနှစ်ခုကို ဖြိုခွင်းခဲ့ပြီးနောက် ဩဂုတ် ၁၄ ရက်တွင် ရာထူးမှ နုတ်ထွက်ခဲ့သည်။

ဆီးရီးယားတပ်များ ဓာတုလက်နက်သုံး တိုက်ခိုက်

ဆီးရီးယားသမ္မတ ဘရှာအယ်လ်အာဆတ်၏ သစ္စာခံတပ်များက ဒမတ်စကတ်မြို့အရှေ့ပိုင်း ဂေါက်တာအရပ်၌ သူပုန်တပ်များ အခြေချခရိုင်များကို တိုက်ခိုက်ရာတွင် ဩဂုတ် ၂၁ ရက်က အာရုံကြောထိခိုက်စေမည့်ဓာတ်ငွေ့ဖြင့် တိုက်ခိုက်ခဲ့၍ အနည်းဆုံး ၂၁၃ ဦး သေဆုံးသွားကြောင်း ဆီးရီးယားတက်ကြွလှုပ်ရှားသူများက ပြောကြားသည်ဟု ရိုက်တာသတင်းတွင် ဖော်ပြသည်။ ဒမတ်စကတ်မြို့အရှေ့ပိုင်း အိန်းတာမာ၊ ဇာမယ်ကာနှင့် ဂျိုဘားဆင်ခြေဖုံး အရပ်များ၌ ဆီးရီးယားအစိုးရတပ်များကပစ်ခတ်သော ဒုံးကျည်များကျရောက် ထိမှန်ခဲ့သဖြင့် လူရာနှင့်ချီပြီး သေဆုံးခဲ့ရကြောင်း တက်ကြွလှုပ်ရှားသူများက ထပ်လောင်းပြောကြားသည်။

မြင့်မောင်စိုး-စုစည်းသည်

အိပ်ပျော်နေစဉ်ဟောက်ခြင်းနှင့် သီချင်းဆိုလေ့ကျင့်ခန်း

နှစ်ခြိုက်စွာ အိပ်စက်ခြင်းသည် လူ့ခန္ဓာကိုယ်အတွက် အကောင်းဆုံးသော အားဆေးတစ်ခွက်ဖြစ်သည်ဟု ဆိုကြသည်။ သို့သော် အချို့သော အိပ်စက်သူတို့သည် အိပ်ပျော်နေစဉ် အသံအမျိုးမျိုးထွက်ကာ ဟောက်ခြင်းနှင့် အိပ်ပျော်ရင်း မေ့မြောနေသူများ ရှိတတ်သေးသည်။ ယင်းကဲ့သို့ ဖြစ်ပေါ်ခြင်းမှာ အိပ်ပျော်နေစဉ် လည်ချောင်းအပေါ်ပိုင်းနှင့် အာခေါင်အတွင်းပိုင်းရှိ ကြွက်သားများ လျော့ရဲကာ အသက်ရှူလမ်းကြောင်းကို ပိတ်ဆို့ရာမှ ဖြစ်ပေါ်လာရခြင်းပင်ဖြစ်သည်။

ထိုကဲ့သို့ အိပ်ပျော်နေစဉ်ဟောက်ခြင်းနှင့်မေ့မြောသွားခြင်းကို သီချင်းဆိုလေ့ကျင့်ခန်း ပြုလုပ်ပေးခြင်းဖြင့် လျှော့ချပေးနိုင်ကြောင်း ယူနိုက်တက်ကင်းဒမ်းမှ လေ့လာမှုသစ်တစ်ခုက ဆိုထားသည်။အဆိုပါလေ့လာမှုမှ သုတေသနပြုတွေ့ရှိချက်အရ သီချင်းဆိုလေ့ကျင့်ခန်း လုပ်ပေးခြင်းကြောင့် လည်ချောင်းကြွက်သားများ တင်းရင်းသန်မာစေကာ နှစ်ခြိုက်စွာအိပ်ပျော်နေစဉ် အသက်ရှူရပ်သွားပြီး မေ့မြောခြင်းဖြစ်စဉ်နှင့် အသံထွက်ဟောက်တတ်ခြင်းဖြစ်စဉ်ကို သက်သာစေသည်ဟု ဆိုသည်။

အိပ်ပျော်နေစဉ် ဟောက်ခြင်းနှင့် အိပ်နေစဉ် မေ့မြောသွားခြင်းတို့မှာ လူသန်းပေါင်းများစွာတို့တွင် ဖြစ်ပေါ်နေသည်ကိုတွေ့ရသည်။ ဟောက်ခြင်းကြောင့် အခြားသူများအား အနှောင့်အယှက်ဖြစ်စေနိုင်သော်လည်းအသက်အန္တရာယ်အထိ စိုးရိမ်ဖွယ်မရှိနိုင်ချေ။ သို့သော် အိပ်ပျော်နေစဉ် မေ့မြောခြင်းမှာမူ အသက်ရှူရပ်သွားနိုင်သဖြင့် များစွာအန္တရာယ်ရှိပါသည်။ ယင်းဖြစ်စဉ်မှတစ်ဆင့် ယာဉ်မတော်တဆမှုများ ဖြစ်နိုင်ခြေများကာ သွေးတိုးရောဂါလည်း ရစေသည်ဟု လေ့လာမှုတွင်ပါဝင်သူ ဒေါက်တာဟီလင်တန်က ဆိုထားသည်။ ဒေါက်တာဟီလင်တန်တို့ အဖွဲ့သည် ဟောက်တတ်သူ ၆၀ နှင့် အိပ်နေစဉ် မေ့မြောလေ့ရှိသူ ၆၀ တို့ကို ခေါ်ယူကာ သီချင်းဆိုလေ့ကျင့်ခန်းပြုလုပ်သူနှင့် မပြုလုပ်သူ အုပ်စုနှစ်ခုခွဲကာ သုံးလကြာ လေ့လာမှုပြုခဲ့ကြသည်။ ယင်းလေ့လာမှုအပြီး၌ နေ့စဉ်သီချင်းဆိုလေ့ကျင့်ခန်း ပြုလုပ်သူ အုပ်စုမှာ အိပ်ပျော်နေစဉ် သိပ်မဟောက်တော့ခြင်း၊ အကြိမ်အရေအတွက် လျော့သွားခြင်း၊ အသံတိုးသွားခြင်းနှင့် နှစ်ခြိုက်စွာအိပ်ပျော်ခြင်းစသည့် အကျိုးကျေးဇူးများ ရလာပြီး အခြားအုပ်စုမှာ ယခင်နှင့်ထူးခြားမှု မရှိသည်ကို တွေ့ခဲ့ရသည်။ ထို့ကြောင့် ဒေါက်တာဟီလင်တန်က "ဒီလေ့ကျင့်ခန်းက မခက်ခဲတဲ့လေ့ကျင့်ခန်းပါ။ ဟောက်တတ်တဲ့သူ၊ မေ့မြောတတ်တဲ့သူတွေ အတွက် သတင်းကောင်းတစ်ခုပါ"ဟု ဆိုသည်။

နေခြည်

ဂျပန်က သိပ္ပံဂြိုဟ်တု လွှတ်တင်မည်

ဂျပန်နိုင်ငံက လာမည့်သတင်းပတ်တွင် သိပ္ပံဆိုင်ရာဂြိုဟ်တုတစ်လုံးကို လွှတ်တင်မည်ဖြစ်ကြောင်း ဂျပန်အာကာသအေဂျင်စီက သတင်းထုတ်ပြန်လိုက်သည်။

အဆိုပါသိပ္ပံဂြိုဟ်တုကို အရှည် ၂၄ ဒသမ ၄ မီတာ၊ အချင်း ၂ ဒသမ ၆ မီတာ၊ အလေးချိန် ၉၁ တန်ရှိသော အက်စီလွှန်ဒုံးပျံဖြင့်လွှတ်တင်ရန် စီစဉ်ထားသည်။ ၎င်းအက်စီလွှန်ဒုံးပျံသည် သုံးဆင့်ဒုံးပျံ အမျိုးအစားဖြစ်ပြီး ဂျပန်နိုင်ငံမှ အာကာသသိပ္ပံပညာရှင်များက ထုတ်လုပ်ထားခြင်းဖြစ်သည်။

စီစဉ်

ယင်းသိပ္ပံဂြိုဟ်တုကို ဂျပန်နိုင်ငံ ကာဂိုရှီးမားစီရင်စုအနောက်တောင်ပိုင်း အူချီနူရာအာကာသယာဉ်လွှတ်တင်ရေးစခန်းမှ လွှတ်တင်ရန် စီစဉ်ထားသည်။ ဂျပန်သိပ္ပံပညာရှင်များက အမ်-၅ ဒုံးပျံကို ၂၀၀၆ ခုနှစ်က အနားပေးခဲ့ပြီးနောက် အသစ်ထုတ်လုပ်ထားသော ဒုံးပျံအမျိုးအစားဖြစ်သည်။

ယခုလွှတ်တင်မည့်ဂြိုဟ်တုတွင် စပရင့်-အေ အမည်ရှိ အာကာသကြည့်မှန်ပြောင်းတစ်ခုလည်း တပ်ဆင်သယ်ဆောင်သွားမည်ဖြစ်သည်။

၎င်းအာကာသကြည့်မှန်ပြောင်းသည် ဂြိုဟ်များ၏ အနေအထားကို ပထမဆုံးလေ့လာသုတေသနပြုမည့် အာကာသမှန်ပြောင်းလည်းဖြစ်သည်။

အဆိုပါသိပ္ပံဂြိုဟ်တုကို ဩဂုတ် ၂၇ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားရာ ရာသီဥတုအခြေအနေ၊ ဂြိုဟ်တုနှင့်ဒုံးပျံတို့၏ အနေအထားများပေါ် မူတည်ပြီး လွှတ်တင်မည်ဖြစ်သည်။ (ဆင်ဟွာ)



အာကာဟိန်း-ရေးသည်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ဆေးပညာသတင်းဆန်းများ(၄၆)

ဒေါက်တာကံညွန့်

သိပ္ပံပညာတိုးတက်လာတာဟာ ကျန်းမာရေးအတွက် အဓိကလိုအပ်တဲ့ အာဟာရဖွံ့ဖြိုးမှုမှာ အရေးပါတဲ့ ကောက်ပဲသီးနှံစိုက်ပျိုးရေးမှာ အထောက်အကူပြုပုံတွေကို ယခင်ဆောင်းပါးတွေမှာ ဖော်ပြခဲ့ပြီးပါပြီ။ ဒါတွေကတော့ မိုးခေါင်ရေရှားတဲ့အရပ်မှာ စိုက်ပျိုးနိုင်တဲ့အသီးအနှံ၊ အမြဲတမ်းလိုလို ရေကြီးနေတဲ့နေရာတွေမှာ စိုက်နိုင်တဲ့စပါး စတဲ့တီထွင်မှုတွေကို စိုက်ပျိုးရေးသိပ္ပံပညာရှင်တွေက တီထွင်နိုင်ခဲ့ကြတာတွေပါ။

ဗီတာမင် အာဟာရ သီးနှံများ တီထွင်

အခုတစ်ခါ အိန္ဒိယနိုင်ငံမှာ များပြားလာတဲ့ ကိုယ်ဝန်ဆောင်မိခင်တွေနဲ့ ကလေးသူငယ်တွေရဲ့ ကျန်းမာရေးအတွက် အထူးလိုအပ်တဲ့သံဓာတ်၊ တခြားအရေးကြီးတဲ့ VitA အပါအဝင် ဗီတာမင်တွေပါဝင်တဲ့ အာဟာရဓာတ်ဖြည့်သီးနှံမျိုးကိုလည်း တီထွင်လိုက်ကြပြန်ပါပြီ။ ဒီသီးနှံတွေကတော့ ဆန်၊ ပြောင်း၊ ကန်စွန်းဥနဲ့ ပီလောပီနံပင်တွေ ဖြစ်ပါတယ်။ ဒါကို အိန္ဒိယနိုင်ငံအစိုးရနဲ့အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်က စိုက်ပျိုးရေး သိပ္ပံပညာရှင်တွေက တီထွင်ခဲ့ကြတာဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံက မိခင်တွေမှာ သံဓာတ်နဲ့အာဟာရချို့တဲ့မှုကြောင့် ဖြစ်ရတဲ့ သွေးအားနည်းရောဂါကြောင့် မီးတွင်းထဲမှာပင် သေဆုံးမှုများနေရတာကြောင့် ဒါကိုကာကွယ်ဖို့ အခုအစီအစဉ်ကို တီထွင်လိုက်ရတာလို့ သိရပါတယ်။

အိန္ဒိယနိုင်ငံဟာ မွေးကင်းစကလေး အသေအပျောက်အများဆုံး နိုင်ငံတစ်နိုင်ငံပါ။ တစ်ကမ္ဘာလုံး သေဆုံးရသူအားလုံးရဲ့ သုံးပုံတစ်ပုံဟာ အိန္ဒိယနိုင်ငံကပါ။ ဒါဟာ မိခင်လောင်းတွေမှာ အာဟာရမပြည့်တာကြောင့်လို့ ဆိုပါတယ်။ UNICEF အဖွဲ့ကြီးရဲ့ အဆိုအရ သေဆုံးသူအားလုံးရဲ့ ၅၀ ရာခိုင်နှုန်းဟာ မိခင်မှာအာဟာရမပြည့်ဝတာကြောင့်လို့ ထောက်ပြထားပါတယ်။ စံချိန်စံနှုန်းအရ မွေးစကလေးကိုယ်အလေးချိန်ဟာ အနည်းဆုံး ၅ ဒသမ ၅ ပေါင်ရှိရမယ့်အစား ၁ ဒသမ ၄ ကနေ ၃ ဒသမ ၅ ပေါင်သာရှိတဲ့ ကလေး ၄၇ ရာခိုင်နှုန်းရှိနေတယ်လို့ဆိုပါတယ်။ ဒါတွေကြောင့် Hydrabad မြို့က ဆရာဝန်သုတေသီတစ်စုက မိခင်လောင်းတွေရဲ့အစားအသောက်ပုံစံနဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေကို လေ့လာမှုတစ်ခုပြုလုပ်နေတယ်ဆိုတာ တစ်ပါတည်း တင်ပြလိုက်ရပါတယ်။

မိုဘိုင်းဖုန်းနဲ့ ကျန်းမာရေးပညာပေး

သိပ္ပံပညာထွန်းကားလာတာဟာ ကျန်းမာရေးမှာ အထောက်အကူပြုနေပုံ နောက်သတင်းတစ်ပုဒ်ကိုလည်း ဆက်လက်တင်ပြပါဦးမယ်။ ကမ္ဘာ့ကုလသမဂ္ဂ ဆက်သွယ်ရေးဆိုင်ရာနည်းပညာဌာနရဲ့ ခန့်မှန်းချက်အရ ၂၀၁၄ ခုနှစ်ကျရင် လူတွေသုံးနေတဲ့ Mobile Phone အရေအတွက်ဟာ ကမ္ဘာ့လူဦးရေထက် ကျော်လွန်သွားလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ ဒီ Mobile Phone ကို ကျန်းမာရေးအတွက် အသုံးပြုဖို့ စတင်လိုက်တာကတော့ တောင်အာဖရိကနိုင်ငံပဲ ဖြစ်ပါတယ်။ ဒီလိုစတင်လိုက်တဲ့အဖွဲ့ကြီးကို Mobile Afflicated Maternal Aid (MAMA) လို့ အတိုကောက်ခေါ်ပါတယ်။ ဒီအဖွဲ့ကြီးက မိခင်တိုင်းလိုလိုမှာရှိနေတဲ့ ဆောင်ရန်ရှောင်ရန် အချက်တွေ ကလေးမမွေးခင် ဘယ်လိုပြင်ဆင်ရမယ်၊ မွေးပြီးနောက် မိခင်နို့တိုက်ပုံနည်းကအစ အားလုံးကိုပညာပေးဆောင်ရွက်နေတဲ့အစီအစဉ်ဖြစ်ပါတယ်။ ဒီအစီအစဉ်ဟာ လုံးဝအောင်မြင်နေတာကြောင့် အခုဆိုရင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတွေမှာလည်း အစီအစဉ်ကိုပြုလုပ်ဖို့ စတင်နေပြီဖြစ်ပါတယ်။ ကမ္ဘာတစ်လွှားမှာ မွေးမွေးချင်း ၂၄ နာရီအတွင်း သေဆုံးသူ ကလေးပေါင်း တစ်နှစ်မှာ တစ်သန်းရှိနေပြီး နိုင်ငံပေါင်း ၁၇၆ နိုင်ငံကို လေ့လာထားရာမှာတော့ ငါးနှစ်အောက်ကလေးသေဆုံးရမှုနှုန်းဟာ အိန္ဒိယ၊ အာဖရိကနှင့်ဆာဟာရအောက်ပိုင်းနိုင်ငံတွေမှာ အမြင့်ဆုံးဖြစ်နေကြောင်း တင်ပြလိုက်ရပါတယ်။

ဆားစားများလို့ လူနှစ်သန်းကျော် နှစ်စဉ်သေ

ယခုဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ဆားများများစားသုံးတာဟာ ကမ္ဘာပေါ်က လူပေါင်း ၂ ဒသမ ၃ သန်း နှစ်စဉ်သေဆုံးနေရတဲ့အကြောင်းရင်းတစ်ခုဆိုတဲ့ လေ့လာချက်တစ်ခု အကြောင်းပါ။ ဒီအရေအတွက်ဟာ နှစ်စဉ်သေဆုံးရသူအားလုံးရဲ့ ၁၅ ရာခိုင်နှုန်းပါ။ ဒီအကြောင်းကိုတော့ နိုင်ငံပေါင်း ၅၀ က တက္ကသိုလ် ၃၀၃ ခုက ပညာရှင် ၄၈၈ဦးပါတဲ့အဖွဲ့က ၁၉၉၀ပြည့်နှစ်မှ ၂၀၁၀ပြည့်နှစ်အတွင်း Global Burden of Diseases Study နာမည်နဲ့ လေ့လာမှုတစ်ခုပြုလုပ်ခဲ့တာကို American Heart Association ရဲ့ ညီလာခံမှာ တင်ပြခဲ့တာပါ။ ယင်းအစီရင်ခံစာမှာ ဖော်ပြထားတာကတော့ ဒီသေဆုံးမှု ၂ ဒသမ ၃ သန်းထဲမှာ ၄၀ ရာခိုင်နှုန်းဖြစ်တဲ့ လူ တစ်သန်းကတော့ အသက် ၆၅ နှစ်မတိုင်မီ သေဆုံးခဲ့ကြသူတွေလို့ ထောက်ပြထားပါတယ်။ သေဆုံးသူအားလုံးရဲ့ ၆၀ ရာခိုင်နှုန်းဟာ အမျိုးသားတွေဖြစ်ပြီး ၄၀ ရာခိုင်နှုန်း ကတော့ အမျိုးသမီးတွေဖြစ်တယ်လို့ဆိုပါတယ်။ နှလုံးရောဂါကြောင့် သေဆုံးသူ နှုန်းဟာ ၄၂ ရာခိုင်နှုန်းရှိပြီး ဦးနှောက်သွေးကြောပြတ်၊ လေဖြတ်ရောဂါကြောင့် သေဆုံးရသူကတော့ ၄၁ ရာခိုင်နှုန်းရှိပြီး ကျန် ၁၃ ရာခိုင်နှုန်းကတော့ နှလုံးသွေးကြောရောဂါနှင့် ဆက်နွယ်တဲ့တခြားရောဂါတွေကြောင့် သေဆုံးရတာလို့ ဆိုပါတယ်။ ဒါကြောင့် လူတွေရဲ့ ကျန်းမာရေးအတွက် ဆားလျှော့စားနိုင်သမျှ လျှော့စားကြဖို့ တိုက်တွန်းထားတာကို တင်ပြလိုက်ရပါတယ်။

ပဋိသန္ဓေတားဆေးအန္တရာယ်သတိပြုဖွယ်

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ Contraceptive ခေါ် ပဋိသန္ဓေတားဆေးရဲ့ အန္တရာယ်အကြောင်း လေ့လာထားတဲ့ သတင်းတစ်ပုဒ်ပါ။ ဒါကိုတော့ ပြင်သစ်နိုင်ငံက National Agency for the Safety of Drugs and Health Products အဖွဲ့ကြီးက လေ့လာထားတာပါ။ သူတို့နိုင်ငံမှာ ပဋိသန္ဓေတားဆေးသုံးစွဲမှုကြောင့် တစ်နှစ်မှာ လူ ၂၅၀၀ ကျော် နာမကျန်းဖြစ်ခဲ့ရပြီး ၂၀ ကျော် သေဆုံးနေရတယ်လို့ ဖော်ပြထားပါတယ်။ ဒီပဋိသန္ဓေတားဆေးတွေဟာသွေးကြောထဲမှာသွေးခဲမှုကိုဖြစ်စေပြီးနှလုံး၊အဆုတ်၊ ဦးနှောက်တို့ကိုဒုက္ခပေးနိုင်တာပါ။ များသောအားဖြင့် သေဆုံးရတဲ့ လူတွေနဲ့ပြင်းထန်စွာဝေဒနာခံရသူတွေဟာ Pulmonary Embolism ခေါ်တဲ့ အဆုတ်သွေးကြောပိတ်မှုကြောင့် ဖြစ်ရတာလို့ဆိုပါတယ်။ ပြင်သစ်နိုင်ငံဟာ ကမ္ဘာပေါ်မှာ တားဆေးအများဆုံးသုံးတဲ့နိုင်ငံဖြစ်ပြီး ၂၀၁၁ ခုနှစ်စာရင်းအရ သုံးစွဲသူ အမျိုးသမီး ၄ဒသမ ၂၇ သန်းကျော်ရှိတယ်လို့ဆိုပါတယ်။ ဒါဟာ တစ်ကမ္ဘာလုံး သုံးစွဲသူတွေရဲ့ ၆၀ ရာခိုင်နှုန်း ဖြစ်တယ်လို့သိရပါတယ်။ ဒါကြောင့် ပဋိသန္ဓေတားဆေးသုံးစွဲသူအမျိုးသမီးတွေဟာ သက်ဆိုင်ရာ ဆရာဝန်တွေနဲ့ပြသပြီး သတိထားသုံးစွဲဖို့ တင်ပြလိုက်ရပါတယ်။

နှလုံးကြွက်သား ပျက်စီးမှုကို ပြန်ကုသနိုင်မယ့် အစွမ်းထက်ဆေး

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ နှလုံးသွေးကြောပိတ်ရောဂါရှင်တွေနဲ့ဆိုင်တဲ့ သတင်းပါ။ နှလုံးသွေးကြောပိတ်ပြီး နှလုံးကြွက်သား ပျက်စီးမှုကို ပြန်ကုသနိုင်မယ့် အစွမ်းထက်တဲ့ ဆေးတစ်ခုကို အင်္ဂလန်နိုင်ငံက ဆေးသိပ္ပံပညာရှင်တွေက တွေ့ရှိခဲ့ပြီဆိုတဲ့ သတင်းပါ။ ဒီအကြောင်းကို Journal of Nature Medicine မှာဖော်ပြထားတာပါ။ ဒီဆေးနာမည်ကတော့ Mito SNO လို့ အမည်ပေးထားပြီး British Medical Research Council နဲ့ British Heart Foundation တို့က အတည်ပြုပေးခဲ့ကြတာပါ။

ဒီဆေးဟာ နှလုံးသွေးကြောပိတ်ရောဂါဖြစ်ပြီး နှလုံးသွေးကြောဖွင့်အောင် ဆေးပေးလိုက်တဲ့အခါ နှလုံးကြွက်သားဆဲလ်တွေထဲက ဆဲလ်တစ်ခုစီရဲ့ အရေးကြီးတဲ့ အစိတ်အပိုင်းဖြစ်တဲ့ Power House လို့ခေါ်တဲ့ Mitochondrium ထဲကို Free Radicals ဆိုတဲ့ အဆိပ်အတောက်တွေ ဝင်ရောက်လာတာကို တားနိုင်တဲ့ ဆေးဖြစ်တဲ့အတွက် နှလုံးကြွက်သား ပြန်လည်ရှင်သန်ရေးမှာ ထိရောက်တဲ့ ဆေးတစ်ခုဖြစ်တယ်လို့ သိရပါတယ်။ ဒီဆေးဟာ ကြွက်တွေကို စမ်းသပ်ရာမှာ အထူးအောင်မြင်ခဲ့ပြီး လူတွေဆီမှာလည်း စတင်စမ်းသပ်အသုံးပြုနေပြီလို့ ဆိုပါတယ်။ ဒီဆေးဟာ နှလုံးသွေးကြောပိတ်ရောဂါရှင်တွေအတွက် အသက်ကယ်ဆေးဖြစ်တာကြောင့် British Heart Foundation ဟာ ဒီဆေးမြန်မြန်ထွက်ပေါ်လာနိုင်အောင် အားထုတ်ဆောင်ရွက်နေတယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

ဆီးမထိန်းနိုင်ဖြစ်တာဟာ ကော်ဖီသောက်များတဲ့လူတွေ ပိုဖြစ်နိုင်

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ကော်ဖီများများသောက်ခြင်းဟာ ဆီးမထိန်းနိုင်တဲ့ရောဂါကို ပိုဆိုးစေတယ်ဆိုတဲ့ လေ့လာထားချက်ပါ။ လူတွေမှာ အသက်ကြီးလာရင် မိန်းမဖြစ်စေ၊ ယောကျာ်းဖြစ်စေ၊ ဆီးမထိန်းနိုင်ဖြစ်တတ်ကြပါတယ်။ ဒီလိုဖြစ်ရခြင်းဟာ အကြောင်းများစွာရှိပေမယ့် အများအားဖြင့် ယောကျာ်းတွေမှာဆိုရင် ဆီးကျိတ် (Prostate) ကြီးထွားမှု၊ အမျိုးသမီးတွေမှာဆိုရင် သားအိမ်ကျတဲ့ရောဂါတွေနဲ့လည်း ပတ်သက်ပြီး ဖြစ်တတ်ကြပါတယ်။ ယခုအမေရိကန်နိုင်ငံက လေ့လာထားချက်တစ်ခုမှာတော့ ဒီလိုဆီးမထိန်းနိုင်ဖြစ်တာဟာ ကော်ဖီသောက်တာများတဲ့လူတွေမှာ ပိုဖြစ်နိုင်တယ်ဆိုတဲ့ လေ့လာထားချက်ပါ။ ဒီလေ့လာချက်ကိုတော့ အမေရိကန်နိုင်ငံ Alabama University က ဆေးပညာရှင်တစ်စုက လေ့လာတွေ့ရှိခဲ့တာဖြစ်ပါတယ်။ ၎င်းတို့ဟာ ၂၀၀၅ ခုနှစ်ကနေ ၂၀၀၈ ခုနှစ်အတွင်း လူပေါင်း ၄၀၀၀ ကျော်ကို သုတေသနပြုလေ့လာခဲ့ကြတာဖြစ်ပါတယ်။ လူတစ်ယောက်ဟာ တစ်နေ့ကို Caffeine ဓာတ် 169 mgm ပုံမှန်သောက်သုံးနိုင်တယ်လို့ ဆိုပါတယ်။ ကော်ဖီ တစ်ခွက်မှာ Caffeine ဓာတ် ပုံမှန် 125 mgm ပါဝင်ပြီး 169 mgm ထက်ပိုသောက်တတ်သူတွေမှာ ပိုဖြစ်နိုင်ကာ များများပိုသောက်လေ ဆီးမထိန်းနိုင်ဖြစ်တတ်လေလို့ ထောက်ပြထားပါတယ်။ အမေရိကန်တစ်ဝန်း ဆီးမထိန်းနိုင်ရောဂါရှိသူတွေဟာ အသက် ၆၀ ကျော်သူတွေမှာ ၅ ရာခိုင်နှုန်းကနေ ၂၀ ရာခိုင်နှုန်းအထိရှိကြောင်း တင်ပြလိုက်ရပါတယ်။

စိတ်ကစဉ့်ကလျားရောဂါနဲ့ ဖော်လစ်အက်စစ်

Vitamin B အုပ်စုမှာပါတဲ့ Folic Acid ဟာ ကိုယ်ဝန်ဆောင်မိခင်တွေအတွက် ကလေးမှာ မွေးရာပါ ရောဂါတွေပါမလာဖို့ ကာကွယ်တဲ့အနေနဲ့ အထူးအရေးကြီးတယ်ဆိုတာ တင်ပြခဲ့ပြီးပါပြီ။ ယခုလူလတ်ပိုင်းနဲ့သက်ကြီးရွယ်အိုတွေမှာဖြစ်တတ်တဲ့ စိတ်ရောဂါတစ်ခုဖြစ်တဲ့ Schizo-Phrenia ခေါ်တဲ့ စိတ်ကစဉ့်ကလျားရောဂါမဖြစ်အောင် ကာကွယ်ရာမှာရော ကုသရာမှာပါ အရေးပါတဲ့အကြောင်း တွေ့ရှိချက်တစ်ခုကိုလည်း တင်ပြချင်ပါတယ်။ စိတ်ကစဉ့်ကလျားရောဂါဆိုတာ အသံမရှိဘဲ စိတ်ထဲမှာ အသံကြားနေရတာ၊ အရာဝတ္ထုတစ်ခုခုမရှိဘဲ စိတ်ထဲမှာ တစ်ခုခုမြင်ရသလို ခံစားနေရတဲ့ ရောဂါပါ။ ဒီတွေ့ရှိချက်ကိုတော့ အမေရိကန်နိုင်ငံ Charletown မြို့ Massachusetts General Hospital မှ ဆရာဝန်ကြီးတွေက လေ့လာတွေ့ရှိခဲ့တာဖြစ်ပါတယ်။ ၎င်းတို့တွေ့ရှိချက်အရ လူခန္ဓာကိုယ်ထဲက သွေးထဲမှာရှိတဲ့ FOLHL လို့အမည်ပေးထားတဲ့ Gene ဟာ Folic Acid ကို သွေးထဲမှာ များများရောက်အောင် ပြုလုပ်ပေးနိုင်ပြီး ဒီ Gene အားနည်းတဲ့လူတွေမှာ Folic Acid ကိုသွေးထဲမှာ အသုံးပြုနည်းပါးနေတာ တွေ့ရတယ်လို့ဆိုပါတယ်။ Folic Acid ဟာ ဦးနှောက်ရဲ့ ဆဲလ်တစ်ခုနဲ့တစ်ခု ဆက်သွယ်သတင်းပို့နိုင်တဲ့ (Neuro-Transmitter)တစ်ခုအဖြစ် အရေးကြီးတဲ့ ပစ္စည်းတစ်ခုဖြစ်တာကြောင့် သွေးထဲကို Folic Acid အရောက်နည်းသူတွေမှာ ဒီရောဂါဖြစ်ရတယ်လို့ ဆိုပါတယ်။ ဒါကြောင့် Vitamin B မှာပါဝင်တဲ့ Folic Acid နှင့် B_{12} ကို ဒီစိတ်ရောဂါတစ်မျိုးဖြစ်တဲ့ Schizo-Phernia ရောဂါမှာ အသုံးပြုဖို့တင်ပြရတာပါလို့ Jama Psychiartic ဂျာနယ်မှာ ဖော်ပြထားတာကို တင်ပြလိုက်ရပါတယ်။

ဆေးလိပ်သောက်သူကင်ဆာပျောက်ဖို့ခဲယဉ်း

အခုဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ (Colo-Rectal Cancer) အူမကြီးနှင့် မစင်အိမ်ကင်ဆာရောဂါရှိသူတွေဟာ ဆေးလိပ်သောက်တဲ့လူဖြစ်ခဲ့ရင်ခွဲစိတ်ကုသပြီးပေမယ့် ကင်ဆာရောဂါပျောက်သွားဖို့ခဲယဉ်းကြောင်း လေ့လာထားချက်တစ်ခုကိုလည်း ဖော်ပြချင်ပါတယ်။ ဒီလေ့လာချက်ကိုတော့ အမေရိကန်နိုင်ငံ Seattle မြို့က Hutchinson Cancer Research Centre က ပြုလုပ်တွေ့ရှိခဲ့တာ ဖြစ်ပါတယ်။ သူတို့ဟာ ယင်းကင်ဆာဝေဒနာရှင် ၂၀၀၀ကျော်ကို သုတေသနပြုခဲ့ရာမှာ ကင်ဆာရောဂါခွဲစိတ်ကုသပြီး ဆေးကုသမှုခံယူသူတွေမှာ သုံးနှစ်ကြာတဲ့အခါ ကင်ဆာလုံးဝပျောက်ကင်းနိုင်မှုဟာ ဆေးလိပ်မသောက်သူတွေမှာ ၇၄ ရာခိုင်နှုန်းခန့်ရှိပြီး ဆေးလိပ်သောက်သူတွေမှာတော့ ၇၀ ရာခိုင်နှုန်းရှိဖို့ မသေချာဘူးလို့ ဆိုပါတယ်။ ဆေးလိပ်မှာပါတဲ့ ဓာတုပစ္စည်းတွေဟာ တံတွေးကတစ်ဆင့်ပျော်ဝင်ပြီး အူမကြီးကို ရောက်သွားနိုင်တာကြောင့် ဒီလိုဖြစ်ရတာလို့ ဒီလေ့လာချက်မှာ ဖော်ပြထားပါတယ်။ အမေရိကန်နိုင်ငံတစ်ခုတည်းမှာ ဒီအူမကြီးနဲ့မစင်အိတ်ကင်ဆာဖြစ်နှုန်းဟာ ၂၀၁၃ ခုနှစ်မှာ လူပေါင်း ၁၀၂၅၀၀ ရှိခဲ့ပြီး ဒီရောဂါနဲ့ သေဆုံးရသူ ၄၀၀၀၀ ကျော်ရှိခဲ့တယ်လို့ဆိုပါတယ်။ ဒါကြောင့် ဒီရောဂါရှင်တွေ ဆေးလိပ်ဖြတ်ကြဖို့ကို ကုသမှုတစ်ခုအနေနဲ့ ထည့်သွင်းညွှန်ကြားထားကြောင်းတင်ပြရင်း ယခုအပတ်ဆေးပညာ သတင်းဆန်းများ တင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

WY စိတ်ကြွဆေးပြား ပဲခူးတွင်ဖမ်းမိ

ပဲခူး ဩဂုတ် ၂၁

ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး၏ ညွှန်ကြားချက်ဖြင့် တိုင်းဒေသကြီးရဲတပ်ဖွဲ့ အကူတပ်ခွဲ မှုခင်းဌာနမှ ရဲအုပ်တင်ဆန်း ဦးစီးသောအဖွဲ့သည် ဩဂုတ် ၁၉ ရက် ညနေ ၄ နာရီခွဲက သက်သေများနှင့်အတူ ပဲခူးမြို့ ဥသာမြို့သစ်(၄)ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်း လမ်းသွယ် အမှတ် (၅၁၅)နေ ဦးရဲမာန်ထွန်း (၄၄နှစ်)၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းအိမ်သို့ရောက်ရှိနေသော ရန်နောင်စိုး(ခ) ချစ်စမ်းမောင် (၂၈ နှစ်) အမှတ်(၆) ရပ်ကွက် ကော့ကရိတ်မြို့နေသူထံမှ WY စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြား ငါးပြားလျှင် တစ်ထုပ်ပလတ်စတစ်အိတ်ဖြင့် ထုပ်လျက် ငါးထုပ် ဆေးပြားအရေအတွက် ၂၅ ပြား ကာလတန်ဖိုးငွေကျပ်တစ်သိန်းခန့်ကိုလည်းကောင်း၊ ဆက်လက်ရှာဖွေရာနေအိမ်အပေါ်ထပ်အိပ်ခန်းအတွင်း ခုတင်သုံးထပ်သားအောက်မှ ပလတ်စတစ်အိတ်ဖြင့်ထုပ်လျက် ဆေးပြားငါးပြားပါ တစ်ထုပ်ကိုသိမ်းဆည်းရမိခဲ့သည်။ မူးယစ်စိတ်ကြွဆေးပြားများကိုလက်ဝယ်ထားရှိသုံးစွဲ၊ ရောင်းချဖြန့်ဖြူးသူ ရန်နောင်စိုး(ခ)ချစ်စမ်းမောင်နှင့် ရဲမာန်ထွန်း (ဝဲပုံ) တို့ကို ရဲအုပ်တင်ဆန်းဦးက တရားလိုပြုလုပ်လျက်အမှတ်(၃) ရဲစခန်း၌အမှုဖွင့်အရေးယူ ဆောင်ရွက်ထားသည်။ (၁၈၃)

စစ်ဘေးရှောင်တိုင်းရင်းသားများအား ထောက်ပံ့ငွေလှူ

လွိုင်ကော် ဩဂုတ် ၂၁

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် လွိုင်ကော်မြို့နယ် (ခွဲ) စစ်ဘေးရှောင်တိုင်းရင်းသားများအား ကချင်ပြည်နယ်အစိုးရကလှူဒါန်းသော အလှူငွေပေးအပ်ပွဲနှင့် အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၈ ရက်က လွိုင်ကော်မြို့နယ်(ခွဲ) ညောင်နှစ်ပင် စစ်ဘေးရှောင်စခန်း၌ ကျင်းပသည်။

အခမ်းအနားသို့ လွိုင်ကော်မြို့နယ်(ခွဲ) အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးအောင်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့(လွိုင်ကော်)မှ ဒုရဲမှူးအောင်လွင်နှင့်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

လွိုင်ကော်မြို့နယ်(ခွဲ) အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးအောင်က ကချင်ပြည်နယ်အစိုးရက လှူဒါန်းသော အလှူငွေကျပ် ၁၆၄၅၀၀ ကိုပေးအပ်လှူဒါန်းရာ စစ်ဘေးရှောင်တိုင်းရင်းသားများကိုယ်စား ညောင်နှစ်ပင်စခန်းတာဝန်ခံဦးနော်ဆန်းကလက်ခံယူသည်။ ထို့နောက်လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးတပ်ဖွဲ့မှ ဒုရဲအုပ်မျိုးမင်းအောင်က လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး အသိပညာပေးခြင်း အကြောင်းကိုလည်းကောင်း၊ ဒုရဲအုပ်စိုးကိုကိုအောင်က မှုခင်းကျဆင်းရေး အကြောင်းကိုလည်းကောင်း၊ပညာပေးဟောပြောပြီး အခမ်းအနားကို ညနေ ၃ နာရီတွင် ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ ညောင်နှစ်ပင်စခန်းတွင် စိန်လုံ၊ လွိုင်ဟိန်း၊ ဗျင်ဝိုင်၊ မန်ရှန်၊ ကန်တော်ရာ၊ ထိုင်ရာ၊ မော်ဂွန်း၊ ဇိန်ရော်၊ ပန်ဟုတ်စသည့် ရွာပေါင်းကိုးရွာမှ လာရောက် တိမ်းရှောင်လျက်ရှိသည်။ စစ်ဘေးရှောင်တိုင်းရင်းသားများအတွက် အစားအသောက်၊ ဆေးဝါးနှင့် အဝတ်အထည်များလိုအပ်လျက်ရှိကြောင်း သိရသည်။

ညဏ်မင်း(နမ့်ခမ်း)

လွှတ်တော်ရေးရာကဏ္ဍ

❍ ပြည်သူ့လွှတ်တော်မှ

အခြေခံ အကြောင်းအချက်ထဲမှာ ပါဝင်နေပါတယ်။ အမြန်လမ်းမကြီး တည်ဆောက်ခဲ့တဲ့အချိန်တုန်းက (၃) နှစ် ဆောက်ရမယ့်လမ်းကို (၂)နှစ်နဲ့ အပြီး ဆောက်တာမျိုးရှိတဲ့အတွက် အရည်အသွေးပိုင်းဆိုင်ရာမှာ လမ်းရဲ့ သိပ်သည်းမှုကအစ လိုအပ်ချက်တွေ များစွာ ဖြစ်ပေါ်နေပါတယ်။

လမ်းပိုင်းဆိုင်ရာ လိုအပ်ချက်(၅) ချက်ကို မေးခွန်းမှာ ထည့်သွင်း မေးမြန်းခဲ့ပါတယ်။ ဒီ(၅)ချက်နဲ့ ပတ်သက်ပြီးတော့လည်း ဆောက်လုပ်ရေးဝန်ကြီးဌာနက လမ်းပိုင်းကို အရည်အသွေးတိုးမြှင့်မှုတွေလုပ်နေတာ တွေ့ရပါတယ်။ သွားကြည့်ရင် တစ်ပတ်ပြီးတစ်ပတ် လမ်းကတိုးတက်ကောင်းမွန်လာတာ တွေ့ရပါတယ်။ အချို့နေရာတွေမှာတော့ ဘဏ္ဍာငွေသုံးစွဲရမှာဖြစ်တဲ့အတွက် အချိန်စောင့်ရမယ့် သဘောတော့ရှိပါတယ်။ ဒါပေမယ့်လည်း ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ရန်ကုန်-နေပြည်တော်-မန္တလေးအမြန်လမ်းကို ပိုပြီးအရည်အသွေးကောင်းမွန်အောင် လုပ်ဆောင်နေတာကိုတော့ ကျေနပ်ဖွယ်တွေ့ရှိရပါတယ်။ မတော်တဆမှုတွေလည်း တဖြည်းဖြည်းနဲ့ လျော့နည်းလာတာတွေ့ရပါတယ်။ ဒါကြောင့်မို့ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ ဖြေကြားချက်နဲ့ ဆောင်ရွက်ချက်က ကျေနပ်ဖွယ်ရှိကြောင်း ပြောကြားလိုပါတယ်" ဟု ပြောပြခဲ့သည်။

နောင်မွန်းမဲဆန္ဒနယ်မှ **ဦးဂျီဖုန်ဆားရဲ၏ ပူတာအိုခရိုင်အတွင်း လိုအပ်မည့်ယန္တရားများ ဖြည့်ဆည်းပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ မချမ်းဘော-ဖရုခ-နောင်မွန်း လမ်းသည် (၆၄)မိုင်ရှည်လျားပြီး ၎င်းလမ်းအတွက် စက်/ယာဉ်ယန္တရားများနှင့်စက်သုံးဆီများကို မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းအား အသုံးပြုသယ်ပို့ရပါကြောင်း၊ ၂၀၁၁ ခုနှစ်မှစ၍ နယ်မြေအခြေအနေအရ ဌာနပိုင်ယာဉ်/ယန္တရား (၂၂)စီး မီးရှို့ဖျက်ဆီးခံခဲ့ရပါကြောင်း၊ ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် လမ်းကြောင်းပြန်ပွင့်ခဲ့ပြီး မချမ်းဘော-ဖရုခ-နောင်မွန်း လမ်းလုပ်ငန်းများ ဆောင်ရွက်မည့် စက်/ယာဉ်ယန္တရားနှင့် စက်သုံးဆီများကို သယ်ပို့နိုင်ခဲ့ကာ ထိုအချိန်မှစ၍ လမ်းလုပ်ငန်းများစတင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ လက်ရှိအခြေအနေတွင် ပူတာအိုခရိုင်အတွင်း၌ မြေထိုးစက်တစ်စီး၊ မြေညှိစက်တစ်စီး၊ မြေတင်စက်တစ်စီး၊ မြေတူးစက်နှစ်စီး၊ လမ်းကြိတ်စက်ငါးစီးတို့ဖြင့် လမ်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး မချမ်းဘော-ဖရုခ-နောင်မွန်းလမ်းတွင် မြေညှိစက်တစ်စီး၊ မြေတူးစက်တစ်စီး၊ မြေတင်စက်တစ်စီးတို့ဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၅/၂၀၀၄)ကိုပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က လက်ခံဆွေးနွေးရန်သယ်နီးကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်က အဆိုတင်သွင်းခဲ့ရာ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းတင်က ကန့်ကွက်ရန်မရှိပါကြောင်းဖြင့် တင်ပြခဲ့ပြီး လွှတ်တော်က ယင်းဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် အတည်ပြုကြောင်းနှင့် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီနှင့် သက်ဆိုင်ရာကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားခဲ့ပြီး အစည်းအဝေး(၂၅) ရက်မြောက်နေ့ကို ဩဂုတ် ၂၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်စုပေါင်းခန်းမ၌ အပြန်အလှန်ဆွေးနွေးပွဲ (Debate) ကျင်းပ

နေပြည်တော် ဩဂုတ် ၂၁

နေပြည်တော် အမျိုးသားလွှတ်တော်အဆောက်အအုံ စုပေါင်းခန်းမ၌ ယနေ့ မွန်းလွဲ ၂ နာရီတွင် အပြန်အလှန်ဆွေးနွေးခြင်း (Debate) ကို "နိုင်ငံသစ်ထူထောင်ရာတွင် အလုံးစုံအရည်အသွေးတည်ဆောက်မှု လိုအပ်ချက်ဆိုင်ရာစာတမ်း" ခေါင်းစဉ်ဖြင့် ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် တက်ရောက် အမှာစကားပြောကြားခဲ့ပြီး စာရေးသူ ဆရာဦးချစ်စံဝင်းက အပြန်အလှန်ဆွေးနွေးပွဲနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် နေပြည်တော် အမျိုးသားလွှတ်တော်အဆောက်အအုံ စုပေါင်းခန်းမ၌ ကျင်းပသည့် အပြန်အလှန်ဆွေးနွေးခြင်း (Debate) သို့ တက်ရောက်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဖြည့်စွက်ဆွေးနွေး

ထို့နောက် တက်ရောက်လာကြသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ရွှေ၊ ဒေါက်တာမြင့်ကြည်၊ ဦးခက်ထိန်နန်နှင့် ဦးတင်ရွှန်တို့က စာတမ်းနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ စာရေးသူ ဆရာဦးချစ်စံဝင်းက ရှင်းလင်းဖြေကြားပြီး အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ပြန်လည် ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပတ္တမြားနဂါးသတ္တုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း ဒုတိယအကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၂၁

မြန်မာနိုင်ငံ ပတ္တမြားနဂါးသတ္တုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း ဒုတိယအကြိမ်မြောက် သင်းလုံးကျွတ် အစည်းအဝေးကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ဩဂုတ် ၂၀ ရက် ညနေပိုင်းတွင် ကျင်းပရာ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ သတ္တုနှင့်သယံဇာတရေးရာကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဖောင်ဒေးရှင်းနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း၏ သဝဏ်လွှာ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၏ သဝဏ်လွှာတို့ကို ဖတ်ကြားပြီး အမှာစကားပြောကြားသည်။ **(ဓာတ်ပုံ)**

ဆက်လက်၍ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းထွန်းက ဖောင်ဒေးရှင်းလုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး အတွင်းရေးမှူး ဦးလှဆွေက တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အလုပ်အမှုဆောင်အဖွဲ့များ ဖွဲ့စည်းခြင်း၊ အမည်စာရင်း ဖတ်ကြားတင်ပြခြင်းနှင့် တစ်နှစ်တာအတွင်း အသေးစိတ်ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဖောင်ဒေးရှင်းဥက္ကဋ္ဌက အသင်းသားအတည်ပြုလက်မှတ်နှင့် အသင်းဝင်စိစစ်ရေးကတ်ပြားများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✻ အမျိုးသားလွှတ်တော်မှ

အစီအစဉ်ကို သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနသည် စိတ်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို စိတ်ကျန်းမာရေးဆေးရုံကြီး (ရန်ကုန်)နှင့် စိတ်ကျန်းမာရေးဆေးရုံကြီး(မန္တလေး)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဆေးရုံကြီးများတွင် စိတ်ကျန်းမာရေးကုသမှုဌာနများထားရှိပြီး ပြည်သူလူထုအခြေပြု စိတ်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ကျေးလက်ကျန်းမာရေးဌာနများအဆင့်တွင် စိတ်ကျန်းမာရေးစောင့်ရှောက်မှုကို ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်လျက် ရှိပါကြောင်း၊ လက်ရှိ စိတ်ကျန်းမာရေးဆေးရုံကြီး (ရန်ကုန်)တွင် မိသားစုမှ စွန့်ပစ်လူနာများအား လက်ခံစောင့်ရှောက်ထားရှိပြီး ဆေးဝါးကုသပေးလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စောင့်ကြပ်ကြည့်ရှုထိန်းသိမ်းမည့်သူမရှိ၍ မြို့များ၊ ရွာများ၊ လမ်းများပေါ်တွင် လွတ်လွတ်လပ်လပ် သွားလာနေကြသော စိတ်ရောဂါဝေဒနာရှင်များအား တွေ့ရှိပါက သက်ဆိုင်ရာ မိသားစု၊ ဆွေမျိုး၊ မိတ်ဆွေ (သို့မဟုတ်) လူမှုရေးအဖွဲ့အစည်းများ (သို့မဟုတ်) လိုအပ်ပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ အကူအညီကိုရယူ၍ ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ စိတ်ကျန်းမာရေးကုသမှုဌာနများသို့ ပို့ဆောင်ခြင်းဖြင့် စိတ်ရောဂါဝေဒနာရှင်များအား ကူညီပံ့ပိုးပေးရန် လိုအပ်ပါကြောင်း ဖြေကြားခဲ့သည်။

"စိတ်မနှံ့သူတစ်ယောက် ရထားတိုက်ပြီး သေဆုံးသွားတယ်ဆိုတဲ့ သတင်းဖတ်ရပြီး ဒီမေးခွန်းကို မေးလိုက်တာပါ။ မိသားစုတွေ၊ ဆွေမျိုးတွေထဲမှာလည်း ဒီလိုမျိုးတွေ တွေ့ကြုံနေတာတွေရှိပါတယ်။ ကျွန်တော်ရဲ့ ဆွေမျိုးထဲက စိတ်မနှံ့သူတစ်ယောက်ကို ရန်ကုန်တံတားလေးဆေးရုံကို ပို့ပေးဖူးပါတယ်။ ဟိုတုန်းက အခြေအနေက အခုလိုမဟုတ်တော့ ဆေးရုံမှာ တော်တော်ဒုက္ခရောက်ပါတယ်။ အဲဒီမှာတော့ ရောဂါနည်းနည်းသက်သာတာနဲ့ ဆေးရုံမဆံ့လို့ အိမ်မှာပဲ ပြန်ကုသရပါတယ်။ အိမ်ရောက်မှ ရောဂါပြန်ဆိုးတော့ မိသားစုတွေ တော်တော်ဒုက္ခရောက်ပါတယ်။ ဆေးရုံမှာတောင် ရှော့ခ်ရိုက်ရတာ၊ ကြိုးတုပ်ထားရတာတွေ ရှိပါတယ်။ သူတို့ကို သေချာမစောင့်ရှောက်ပေးနိုင်တော့ သူတို့ဘဝလည်း ဆုံးရှုံးရတယ်။ မိသားစုအတွက်လည်း လူတစ်ယောက်ဆုံးရှုံးတယ်။ ပတ်ဝန်းကျင်အတွက်လည်း အန္တရာယ်များပါတယ်။ အဲဒါတွေကို နိုင်ငံတော်က ဆောင်ရွက်ပေးစေချင်ပါတယ်။ ပြည်ထောင်စုဝန်ကြီးကတော့ ရန်ကုန်နဲ့ မန္တလေးမှာ ဆေးရုံကြီးတွေဖွင့်လှစ်ပြီး ကုသပေးနေတဲ့အပြင် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ ဆေးရုံကြီးတွေမှာလည်း ကုသပေးနေတယ်လို့ ပြောပါတယ်။ နယ်တွေမှာရှိတဲ့ စိတ်မနှံ့သူတွေကို သတ်သတ်မှတ်မှတ်နဲ့ အမြဲစောင့်ကြပ်ကုသပေးနိုင်ဖို့ နိုင်ငံတော်က သူတို့အတွက်သီးသန့်ဆေးရုံလေး လုပ်ပေးစေချင်ပါတယ်"ဟု မေးခွန်းရှင် ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦးက ပြောပြခဲ့သည်။

တင်သွင်းခဲ့

အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြုပြီး ပေးပို့လာသော **တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကြမ်း**ကို လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ကော်မတီ၏အစီရင်ခံစာကို တင်သွင်းခဲ့သည်။

ယနေ့အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေး(၂၅)ရက်မြောက်နေ့ကို ဩဂုတ် ၂၃ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်၊ နိုင်ငံသားများ၏မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌအား မြန်မာနိုင်ငံဆိုင်ရာဗြိတိသျှသံရုံးမှ ပထမအတွင်းဝန် လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၁

ပြည်သူ့လွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးဌေးဦးအား မြန်မာနိုင်ငံဆိုင်ရာ ဗြိတိသျှသံရုံးမှ ပထမအတွင်းဝန် Mr.Wayne Lves သည် ယနေ့နံနက် ၁၀ နာရီတွင် လွှတ်တော်ဝင်းအတွင်းရှိ လွှတ်တော်အဆောက်အအုံကော်မတီအဆောင် အမှတ်(၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ဆွေးနွေးခဲ့

ထိုသို့တွေ့ဆုံရာတွင် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ၊ ပြောင်းလဲကျင့်သုံးနေသည့် စနစ်သစ်နှင့် လိုက်လျောညီထွေ ဖြစ်လာသော ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များ၊ လူ့အခွင့်အရေးနှင့် ပတ်သက်သည့် လွှတ်တော်အတွင်း၊ လွှတ်တော်ပြင်ပ ဆောင်ရွက်နေမှုများ၊ ကော်မတီ၏ လုပ်ငန်းများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် တည်ငြိမ်အေးချမ်းမှုရရှိရေး ကိစ္စရပ်များနှင့် ပြောင်းလဲကျင့်သုံးနေသော နိုင်ငံရေးစနစ်နှင့်အညီ ဖြစ်ပေါ်လာသော နိုင်ငံတကာဆက်ဆံရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ်ဝန်ကြီးချုပ် မိုင်းဆတ်မြို့ ဖွံ့ဖြိုးရေးတွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၁

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်သည် ဩဂုတ် ၁၈ ရက် နံနက် ၁၀ နာရီက မိုင်းဆတ်မြို့ မြို့မအားကစားခန်းမ၌ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ် ခုနစ်ရပ်ဖြစ်သည့် လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေး၊ အလုပ်အကိုင်ရရှိရေး၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ ငွေရေးကြေးရေးကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်ရေးတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

စစ်ဆေးခဲ့

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် မိုင်းဆတ်အထကတည်ဆောက်ရန် လျာထားမြေနေရာ၊ မြို့တွင်း ရေစီးရေလာကောင်းမွန်ရေး ရေဆိုးထုတ်မြောင်းဖောက်လုပ်မည့်နေရာ၊ မိုင်းဆတ်လေဆိပ်၊ မိုးစပါးမျိုးယှဉ်ပြိုင် စမ်းသပ်စိုက်ခင်းနှင့် မြို့နယ်ပြည်သူ့ဆေးရုံတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

စာပေမြင့်မှ လူမျိုးတင့်မည်

ပြည်တွင်းသတင်း

ပန်းစေတီနှင့် ပေါက်စေတီပူဇော်ပွဲ တောင်ငူမြို့၌ စည်ကားစွာကျင်းပ

တောင်ငူ ဩဂုတ် ၂၁

တောင်ငူမြို့(၂)ရပ်ကွက် ရတနာဂုဏ်မြင့်ကျောင်းတိုက်တွင် ရွှေလင်းယုံဆရာတော်ကြီး ကြီးမှူး၍ နှစ်စဉ် ကျင်းပဆဲဖြစ်သည့် ဝါခေါင်လပြည့်နေ့ (မေတ္တာအခါတော်နေ့) နံနက် ၅ နာရီခွဲတွင် ပန်းစေတီများ၊ ပေါက်စေတီများကို ဆွမ်းကပ်အနေကဇာတင်ခြင်းများ ပြုလုပ်သည်။

လှူဒါန်းပူဇော်

တောင်ငူမြို့ပေါ်ရှိ ဒေသခံပြည်သူများမှ ကျိုက်ထီးရိုးစေတီပုံ၊ စေတီပုထိုးပုံများကို ပန်းပွင့်အမျိုးစုံလင်စွာဖြင့် ဝေဝေဆာဆာအလှဆင်ပြီး လှူဒါန်းပူဇော်ကြသည်။

ထိုနေ့တွင် ဥပုသ်သီလဆောက်တည်သူများ၊ ဘုရားဖူးများ၊ ပရဟိတအသင်းအဖွဲ့များ၊ အလှူရှင်များဖြင့် စည်ကားလျက်ရှိသည်။ **သူရ(တောင်ငူ)**

လေဖိအားနည်းရပ်ဝန်း အိန္ဒိယနိုင်ငံမြောက်ပိုင်း ဖြတ်ကျော်ဝင်ရောက်

နေပြည်တော် ဩဂုတ် ၂၁

ယနေ့ နံနက်၆နာရီခွဲအချိန် တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေခဲ့သော လေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ ဩရိဿမြောက်ပိုင်းကမ်းခြေသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

တာချီလိတ်မြို့ လွယ်တော်ခမ်း ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် အက်ဖီတမင်းနှင့် မျောက်တံဆိပ်အနံ့ဆေးရည်များ ဖမ်းဆီးရမိ

တာချီလိတ် ဩဂုတ် ၂၁

တာချီလိတ်(မူးယစ်)မှ တပ်ဖွဲ့ဝင်များသည် လွယ်တော်ခမ်းပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ယမန်နေ့ညနေပိုင်းက တာချီလိတ်မှ မိုင်းဆတ်သို့ ကျထော(ခ)အိုက်ထွန်း မောင်းနှင်လာသော ၄ဂ/--- Tiger Hilux ယာဉ်နှင့်အိုက်မိန်း မောင်းနှင်လာသော ၄ဂ/--- Tiger Hilux ယာဉ်တို့အား သတင်းအရ စစ်ဆေးရှာဖွေရာ ကျထော(ခ)အိုက်ထွန်း မောင်းနှင်လာသော ယာဉ်နောက်ခန်းမှ အက်ဖီတမင်း ၅၀ ကီလို၊ စိတ်ကြွဆေးပြား ထုတ်လုပ်ရာတွင်အသုံးပြုသည့် မျောက်တံဆိပ် အနံ့ဆေးရည် ၅၀၀ မီလီလီတာဝင်ပုလင်း ၄၀၀ စုစုပေါင်း ၂၀၀ လီတာနှင့် အိုက်မိန်း မောင်းနှင်လာသော ယာဉ်နောက်ခန်းရှိ စက္ကူဂျပ်ဖာ လေးဖာအတွင်းမှ အက်ဖီတမင်း ၅၀ ကီလို စုစုပေါင်း အက်ဖီတမင်း ၁၀၀ ကီလိုနှင့် အနံ့ဆေးရည် ၂၀၀ လီတာ(စုစုပေါင်း တန်ဖိုးငွေကျပ် သိန်း ၂၀၀၀၀)သိမ်းဆည်းရမိခဲ့သဖြင့် ကျထော(ခ) အိုက်ထွန်း (၄၅ နှစ်) အား မယ(ပ) ၁၀၁/၂၀၁၃၊ မူး/စိတ်ပုဒ်မ ၁၅/၁၉ (က) အရလည်းကောင်း၊ အိုက်မိန်း (၃၃ နှစ်) အား မယ(ပ)၁၀၂/၂၀၁၃၊ မူး/စိတ်ပုဒ်မ ၁၅/၁၉ (က)အရလည်းကောင်း တာချီလိတ်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**

ကျထော(ခ)အိုက်ထွန်းနှင့် အိုက်မိန်းတို့အား ဖမ်းဆီးရမိသည့် အက်ဖီတမင်း ၁၀၀ ကီလိုနှင့် အနံ့ဆေးရည် ၂၀၀ လီတာနှင့်အတူ တွေ့ရစဉ်။

မှုခင်းတပ်ဖွဲ့သည် သုတေသနပြုခြင်းနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ကြရမည်

နေပြည်တော် ဩဂုတ် ၂၁

ယနေ့နံနက် ၉နာရီက မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းသည် နေပြည်တော်ရှိ မှုခင်းရဲတပ်ဖွဲ့ဌာနချုပ်တွင် မှုခင်းရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ ဌာနမှူးများ၊ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး တပ်ဖွဲ့ခွဲအသီးသီးမှ တပ်ဖွဲ့ခွဲမှူး၊ တပ်ဖွဲ့စုမှူးများကို တွေ့ဆုံ၍ မူဝါဒဆိုင်ရာများ မှာကြားသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲထောက်ချုပ် ရဲမှူးချုပ် သိန်းဦး၊ ရဲလေ့ကျင့်ရေးအရာရှိချုပ် ရဲမှူးချုပ် ဝင်းခေါင်၊ မှုခင်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ရဲမှူးချုပ် အောင်ဝင်းဦးတို့ တက်ရောက်ကြသည်။

ရဲချုပ်က ပြောကြားရာ၌ နိုင်ငံတကာရှိ ရဲတပ်ဖွဲ့တိုင်းတွင် အထူးမှုခင်းများ ဖော်ထုတ်ခြင်းနှင့် ပတ်သက်၍ မှုခင်းရဲတပ်ဖွဲ့ကို အထူး အလေးထားကြောင်း၊ ရဲအရာရှိများအား စုံစမ်းစစ်ဆေးမှုနှင့် နည်းပညာဆိုင်ရာ စွမ်းရည်မြှင့်တင်ရေးအတွက် လေ့ကျင့်ပေးရမည်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် နယ်မြေရဲများကို မှုခင်းတပ်ဖွဲ့ဝင်များကဲ့သို့ မှုခင်းဖော်ထုတ်ရာတွင် ပြောင်မြောက်စွာ လုပ်ကိုင်တတ်အောင် စုံထောက်သင်တန်းများဖြင့် စွမ်းရည်မြှင့်တင်ပေးရမည်ဖြစ်ကြောင်း။

ထို့အပြင် ပြစ်မှုကျူးလွန်သူများသည် နေ့စဉ်နှင့်အမျှ ဆန်းသစ်သော နည်းပညာကို အသုံးပြုကျူးလွန်နေကြသဖြင့် မှုခင်းတပ်ဖွဲ့သည် နည်းပညာအခြေခံသောတပ်ဖွဲ့ဖြစ်ရန်လိုအပ်သည့် အားလျော်စွာ လေ့လာ၊ သုတေသနပြုခြင်းနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကို အမြဲရှေးရှုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ Criminal Intelligence ကို နိုင်ငံတွင်းမှာသာမက နိုင်ငံတကာနှင့်ပါ ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ပြင်ဆင်ကြိုးပမ်းရမည်ဖြစ်ကြောင်း မှာကြားခဲ့သည်။ **(သတင်းစဉ်)**

ပြည်တွင်းသို့ ကမ်းလွန်သဘာဝဓာတ်ငွေ့များ ပုံမှန်ပြန်လည်ပို့လွှတ်ဖြန့်ဖြူး

နေပြည်တော် ဩဂုတ် ၂၁

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ရတနာကမ်းလွန်သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးစင် (Platform)ရှိ သဘာဝဓာတ်ငွေ့ သန့်စင်ကိရိယာ ချွတ်ယွင်းမှုဖြစ်ပေါ်ခဲ့သဖြင့် ကမ်းလွန်သဘာဝဓာတ်ငွေ့ပို့လွှတ်မှုအား ဩဂုတ် ၂၀ ရက် နံနက် ၇ နာရီ ၄၅ မိနစ်မှ စတင်ရပ်ဆိုင်းခဲ့ပြီး ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ည ၉ နာရီတွင် ပြုပြင်မှုများပြီးစီးသဖြင့် ပြည်တွင်းသို့ ကမ်းလွန်သဘာဝဓာတ်ငွေ့များ ပုံမှန်ပြန်လည် ပို့လွှတ်ဖြန့်ဖြူးပေးခဲ့ရာ ည ၁၂ နာရီအချိန်မှစ၍ ရန်ကုန်မြို့ရှိ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများ စတင်လည်ပတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟီးနိုးရှစ်ဘီးယာဉ် ပလက်ဖောင်းတိုက်မိကာ ယာဉ်သုံးစီးကိုဆက်တိုက်တိုက်မိပြီး ယာဉ်တိမ်းမှောက်မှုဖြစ်

ရန်ကုန် ဩဂုတ် ၂၁

ဩဂုတ် ၂၀ ရက် ည ၁၁ နာရီ ၁၅ မိနစ်က ဆိပ်ကမ်းမြို့နယ် ကွန်ကရစ်လမ်းအတိုင်း ဗိုလ်တထောင်ဘက်မှ အလုံမြို့နယ်ဘက်သို့ ယာဉ်မောင်းစုံစမ်းဆဲ မောင်းနှင်လာသော ၉ယ/. . . ဟီးနိုးရှစ်ဘီးယာဉ်သည် မော်တင်ဆိပ် (၄)လမ်းနှင့် (၅)လမ်းကြားအရောက် လမ်း၏ယာဘက် ပလက်ဖောင်းအား တိုက်မိကာအရှိန်မထိန်းနိုင်ဘဲ ကမ်းနားလမ်းဘေးတွင် ညအိပ်ရပ်ထားသည့် ၆ခ/. . . မှန်လုံယာဉ်၊ 4F/. . . တိုယိုတာဖစ်၊ ၄ယ/. . . နစ်ဆန်း (၁၂)ဘီးယာဉ်တို့ကို ဆက်လက်တိုက်မိခဲ့ပြီး ကွန်ကရစ်လမ်းဘေး ရေမြောင်းပေါ်သို့ တစောင်းအနေအထားဖြင့် တိမ်းမှောက်ခဲ့ကြောင်းသိရသည်။**(ယာပုံ)**

အမှုဖွင့်အရေးယူ

ယာဉ်မောင်းမှာ အခင်းဖြစ်နေရာတွင် ယာဉ်ကိုထားကာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ယာဉ်အားမဆင်မခြင်မောင်းနှင်သူ ၉ယ/. . . ယာဉ်မောင်းကို ဆိပ်ကမ်းမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူကာ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(စိုးဝင်း -SP)



တာချီလိတ်-ကျိုင်းတုံသွားကားလမ်းမပေါ်တွင် စိတ်ကြွရူးသွပ်ဆေးပြား၊ ချောင်းဆိုးပျောက်ဆေးနှင့် ဆူဒိုအက်ဖီဒရင်း ဆေးပြားများဖမ်းဆီးရမိ

တာချီလိတ် ဩဂုတ် ၂၁

တာချီလိတ်(မူးယစ်)မှ တပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့ ဟောင်လိတ်အုပ်စု ဟွေခိုက်ရွာအနီး တာချီလိတ်-ကျိုင်းတုံသွား ကားလမ်းမပေါ်တွင် ယမန်နေ့ မွန်းလွဲပိုင်း အိုက်အွန် မောင်းနှင်လာသည့် မော်တော်ယာဉ် ၄ယ/. . . အား သတင်းအရရှာဖွေရာ ယာဉ်၏ အရှေ့ခန်းဝဲဘက် Tool Box အတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ သိမ်းဆည်းရမိပြီး ကွင်းဆက် ဖော်ထုတ်ချက်အရ တာချီလိတ်မြို့နယ် ဖန်မင်အုပ်စု မယ်ဟုတ်ကျေးရွာနေ စိုင်းတစ်၏ နေအိမ်အားရှာဖွေရာ နေအိမ်အနောက်ဘက် မီးဖိုချောင်တဲအတွင်း မြေကျင်းတူး၍ ဝှက်သိမ်းထားသော ပလတ်စတစ်ပုံးအတွင်း NASOLIN ချောင်းဆိုးပျောက်ဆေးပြား ၄၈၀၀၀ နှင့် ဆူဒိုအက်ဖီဒရင်းဆေးပြား ၁၃၅၆၀၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၃၅၉ ဒသမ ၆ သိန်းတို့အား သိမ်းဆည်းရမိသဖြင့် အိုက်အွန်(၂၇ နှစ်)ဝမ်ကျောက်လုံရွာ ဖန်မင်အုပ်စုတာချီလိတ်မြို့နယ်နှင့် စိုင်းတစ်(၂၉ နှစ်) မယ်ဟုတ်ရွာ ဖန်မင်အုပ်စု တာချီလိတ်မြို့နယ်နေသူတို့နှစ်ဦးအပေါ် တာချီလိတ်မြို့မရဲစခန်းက မယ(ပ)၉၉/၂၀၁၃၊ မူး/စိတ်ပုဒ်မ ၁၅/၁၉(က)/၂၁ အရလည်းကောင်း၊ စိုင်းတစ် (၂၉ နှစ်)၊ မယ်ဟုတ်ရွာ ဖန်မင်အုပ်စု တာချီလိတ် မြို့နယ်နေသူအပေါ် တာချီလိတ်မြို့မရဲစခန်း မယ(ပ) ၁၀၀/၂၀၁၃ မူး/စိတ်ပုဒ်မ ၁၅/၁၆(ခ) အရလည်းကောင်း အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**

အိုက်အွန်နှင့် စိုင်းတစ်တို့အား စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၊ ချောင်းဆိုးပျောက်ဆေးပြား ၄၈၀၀၀ နှင့် ဆူဒိုအက်ဖီဒရင်းဆေးပြား ၁၃၅၆၀၀ နှင့်အတူ တွေ့ရစဉ်။

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ကျင်းပ

သီပေါ ဩဂုတ် ၂၁

ကျောက်မဲခရိုင် သီပေါမြို့နယ် ကျောင်းသစ်အုပ်စု ကျောင်းသစ်ကျေးရွာ မူလတန်းကျောင်းတွင် ဩဂုတ် ၁၉ ရက် မွန်းလွဲ ၂ နာရီက ကျောင်းသား ကျောင်းသူ ၂၀၀ အား အာဟာရဒါနအဖြစ် နွားနို့နှင့် ပေါင်မုန့် ကျွေးမွေးခဲ့ပြီး သီပေါမြို့အတွင်းရှိ မူလတန်းကျောင်းများအား သီပေါမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ အလှူရှင်များစုပေါင်း၍ အပတ်စဉ် တနင်္လာနေ့တိုင်း တိုက်ကျွေးမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

● ကျော့ဖုံးမှ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဩဂုတ် ၁၉ ရက်၊ ၂၀ ရက်နှင့် ၂၁ ရက် နံနက်ပိုင်းတွင် တပ်မတော်နည်းပညာတက္ကသိုလ် လေ့ကျင့်ရေးဌာန အစည်းအဝေးခန်းမ၌ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၆) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်၍ ဗိုလ်လောင်းများအား စစ်လက်ရုံး စိစစ်ရွေးချယ်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းများ နေ့လယ်စာ စားသုံးနေမှုကို လှည့်လည်ကြည့်ရှု၍ ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်အားပေးသည်။

မွန်းလွဲပိုင်းတွင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် တပ်မတော်နည်းပညာတက္ကသိုလ် အနော်ရထာတပ်ရင်း ဗိုလ်လောင်း အိပ်ဆောင်များအတွင်း စစ်ဝတ်ပစ္စည်းနှင့် ချပ်ဝတ်တန်ဆာများ ခင်းကျင်းထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆီးဂိမ်းအတွက် Scania Bus များ ကူညီပံ့ပိုးပေးသောကုမ္ပဏီများအား ဂုဏ်ပြု

နေပြည်တော် ဩဂုတ် ၂၁

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်နှင့် မိတ်ဖက်ကုမ္ပဏီများမှ Scania Bus အစီး ၁၀၀ ကူညီပံ့ပိုးပေးခြင်းအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို ယနေ့ နေ့လယ်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာအားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အကူအညီပေးသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်အတွက် မော်တော်ယာဉ်များ ကူညီပေးခြင်းသည် မြန်မာအားကစားအသင်းအတွက်သာမက အားကစားဝန်ကြီးဌာနအတွက်လည်း အားတက်စရာပင်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။ (အောက်ပုံ)

ထို့ပြင် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းကလည်း ကူညီပံ့ပိုးပေးသည့် ကုမ္ပဏီများအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် အကူအညီပေးခြင်းအတွက် ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်းဖြင့် ပြောကြားခဲ့ပြီး ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ဇော်နိုင်က ကူညီပံ့ပိုးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းတို့က ကူညီပံ့ပိုးသော Octagon International Services Co., Ltd.၊ Scania Group (Sweden)၊ OCBC Bank (Singapore)၊ E-Lite Express ၊ ရွှေမန္တလာယာဉ်လိုင်း၊ မြတ်မန္တလာထွန်းယာဉ်လိုင်း၊ မန္တလာမင်းယာဉ်လိုင်း၊ ခိုင်မန္တလေးယာဉ်လိုင်း၊ လင်းယုန်မိုးကောင်းကင်ယာဉ်လိုင်းနှင့် လုမ္ဗနီယာဉ်လိုင်းတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

◆ ကျော့ဖုံးမှ

စက္ကော့ဘူတာတို့ ဖြစ်သည်။ အဆိုပါဘူတာများအနက် ဆင်ခေါင်းဘူတာ၊ ဒေါင့်ကြီးဘူတာ၊ အိမ်မဲဘူတာနှင့် စက္ကော့ဘူတာတို့မှာ တည်ဆောက်ခဲ့ပြီးဖြစ်သည်။ ပန်းတနော်ဘူတာမှာ တည်ဆောက်ဆဲဖြစ်ပြီး ကြံ့တိုင်းကြီးနှင့် မရမ်းဘူတာတို့မှာ တည်ဆောက်ရန် ကျန်ရှိနေရာ တည်ဆောက်ရေး စီစဉ်လျက် ရှိသည်။

ဧရာဝတီတံတား (ညောင်တုန်း)-ပုသိမ်(ဘဲဂရက်) ရထားလမ်းပိုင်းသည် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ပေါင်းငါးမြို့နယ်ကို ဖြတ်သန်းထားရာ ယင်းမြို့နယ်များမှာ ကန်ကြီးဒေါင့်မြို့နယ်၊ ကျောင်းကုန်းမြို့နယ်၊ အိမ်မဲမြို့နယ်၊ ပန်းတနော်မြို့နယ်နှင့် ညောင်တုန်းမြို့နယ်တို့ဖြစ်သည်။

ဤရထားပိုင်း ဖောက်လုပ်ရာတွင် မြစ်ချောင်းပေါများသော ဧရာဝတီတိုင်းဒေသကြီးအတွင်း ဖြစ်ရာ ပေ ၄၀ အောက်တံတား၊ ပေ ၄၀နှင့် ၁၈၀ အကြား တံတားများနှင့် ပေ ၁၈၀ အထက်တံတားများကိုလည်း တည်ဆောက်ခဲ့ရသည်။ ပေ ၄၀ အောက် တံတားအစင်း ၁၁၀ ရှိရာ ၎င်းတံတားအားလုံး တည်ဆောက်ပြီးစီးခဲ့ပြီ ဖြစ်သည်။

ထို့အပြင် ပေ ၄၀ နှင့် ပေ ၁၈၀ အကြားတံတားအစင်းအရေအတွက်မှာ စုစုပေါင်း ၁၄ စင်းရှိရာ ယင်းတံတားအားလုံးမှာလည်း တည်ဆောက် ပြီးစီးခဲ့ပြီဖြစ်သည်။ တစ်ဖန် ပေ ၁၈၀ အထက် တံတားသုံးစင်းအနက် တံတားနှစ်စင်းမှာ တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်သည်။

တည်ဆောက် ပြီးစီးခဲ့ပြီဖြစ်သော ပေ ၁၈၀ အထက် တံတားနှစ်စင်းမှာ မန္တလေးကုန်းတံတားနှင့် အိမ်မဲတံတားတို့ဖြစ်သည်။ တည်ဆောက်နေဆဲ ပေ ၁၈၀ အထက် တံတားမှာ သုံးခွချောင်းတံတားဖြစ်ပြီး ၅၀ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။ ယင်းတံတား တည်ဆောက်မှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေမည့်လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန်ဆောင်ရွက်ရာတွင် မြေပြင်ဘူမိအခြေအနေ အခက်အခဲများ၊ ရာသီဥတုအဟန့်အတားများ ကြုံတွေ့ရပြီး ယင်းအခက်အခဲများကို ကျော်လွှားကာ တည်ဆောက်ဖောက်လုပ်ရခြင်းဖြစ်သည်။

စုစုပေါင်း ခရီးမိုင် ၉၈ မိုင်ရှိသော ရန်ကုန်-ပုသိမ်ရထားလမ်း ဖောက်လုပ်မှုမှာ ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း အပြီးတည်ဆောက်ရန် မျှော်မှန်းထားရာ သတ်မှတ်ချိန်အတွင်း ပြီးစီးရန် ရထားလမ်းပိုင်းအလိုက် ဆောင်ရွက်လျက်ရှိသဖြင့် ဒေသဖွံ့ဖြိုးရေး၊ ကုန်စည်နှင့်ခရီးသည် တင်ပို့သယ်ဆောင်ရေး တို့အတွက် ထိရောက်သော ပံ့ပိုးဖြည့်ဆည်းမှုများ ဆောက်ရွက်ပေးနိုင်တော့မည် ဖြစ်သည်။ **(မြန်မာ့အလင်း)**

လူကုန်ကူးခံရသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများအား ထိန်းသိမ်းစစ်ဆေးမေးမြန်းလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၁

ဩဂုတ် ၁၉ ရက် ညနေ ၅ နာရီ ခွဲခန့်က ဧရာဝတီတိုင်းဒေသကြီး ငပုတော်ကောင်းမြို့နယ်(ခွဲ) နံ့သာပုကျေးရွာ ဂိုရန်ကြီးကျွန်းကမ်းခြေ၌ ဘင်္ဂါလီ ၅၃ ဦးအား တာဝန်ရှိသူများကတွေ့ရှိသဖြင့် ထိန်းသိမ်းထားကြောင်း သိရသည်။

၎င်းတို့၏ ထွက်ဆိုချက်အရ မောင်တောမြို့နယ် ငါးခူရကျေးရွာနေ လူပွဲစား အာယု (ဘင်္ဂါလီ) (၃၅ နှစ်)က လူတစ်ဦးလျှင် ငွေကျပ် တစ်သိန်းခွဲ၊ နှစ်သိန်းယူပြီး မလေးရှားနိုင်ငံသို့ ပို့ဆောင်ပေးမည်ဟုဆိုကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံထဲသို့ ခေါ်ဆောင်သွားကြောင်း၊ ထို့နောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၂၀၀ ကျော်ခန့်တို့နှင့်အတူ ဩဂုတ် ၁၃ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အုန်းကျွန်းမှ စက်လှေဖြင့် ထွက်ခွာခဲ့ကြောင်း၊ ဩဂုတ် ၁၉ ရက် ညနေ ၅ နာရီခန့်က ဧရာဝတီတိုင်းဒေသကြီး ငပုတော်ကောင်းမြို့နယ်ခွဲရှိ ဂိုရန်ကြီးကျွန်းအနီးသို့ရောက်ရှိစဉ် ရာသီဥတုဆိုးရွားပြီး လှိုင်းလေထန်သောကြောင့် ကမ်းခြေအနီးစောင့်ဆိုင်းစဉ် အဆိုပါ ဖမ်းဆီးရမိ ၅၃ ဦးမှာ အစာနှင့်ရေ ရိက္ခာပြတ်လပ်၍ စက်လှေပေါ်မှခုန်ချလျက် နံ့သာပုကျေးရွာသို့ ကူးခပ်ခဲ့ရာ ကမ်းခြေ၌သက်ဆိုင်ရာ အဖွဲ့များက ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်းနှင့် ဖမ်းဆီးရမိသူများအား သက်ဆိုင်ရာမှလိုအပ်သည်များ စစ်ဆေးမေးမြန်းလျက်ရှိကြောင်း သိရသည်။ **(မြဝတီ)**

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့် သက်တော်ရှည်ဆရာတော်ကြီးများ၏ ဥတုဇရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညို

နေပြည်တော် ဩဂုတ် ၂၁

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်သည် ဘဝနတ်ထံပျံလွန်တော်မူသွားသော ပဲခူးမြို့ ပန်းလှိုင်စာသင်တိုက်ကြီးမှ သက်တော်ရှည်ဆရာတော်ကြီးများဖြစ်ကြသည့် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနိပုဏနှင့် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသာသနတို့၏ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်များအား ဩဂုတ် ၂၀ ရက် ညပိုင်းက ဖူးမြော်ကြည်ညိုသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အန္တိမအဂ္ဂိဈာပန သာဓုကီဠနသဘင် ပြုလုပ်မည့်ကိစ္စနှင့်ပတ်သက်၍ လျှောက်ထားကာ လှူဖွယ်ပစ္စည်းနှင့် ဈာပနအလှူတော်ငွေများ ပေးအပ်လှူဒါန်းခဲ့သည်။ **(သတင်းစဉ်)**

▲ ရှေ့ဖုံးမှ

တည်ဆောက်ရေးကာလမှာ နှစ်နှစ်ခန့် ကြာမြင့်နိုင်မည်ဖြစ်သည်။

သို့ဖြစ်၍ ကျောက်ဖြူဒေသနှင့် အနီးတစ်ဝိုက် အမြန်ဆုံးလျှပ်စစ်မီးလင်းနိုင်ရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ ပြည်တွင်းသုံးစွဲရန် ရခိုင်ပြည်နယ် ကျောက်ဖြူဒေသမှ ရရှိမည့် သဘာဝဓာတ်ငွေ့ဖြင့် စက်တင်ဘာလလယ်ခန့်တွင် စတင်ဓာတ်အားဖြန့်ဖြူးရေးအတွက် Gas Engineငယ်များ ငှားရမ်းဆောင်ရွက်ရေး Open Tender ခေါ်ယူခဲ့သည်။ တင်ဒါအောင်မြင်သော Parami Energy Services Co., Ltd. မှ ကျောက်ဖြူဒေသ မီးလင်းရေးအတွက် အင်္ဂလန်နိုင်ငံ AGGREKO ကုမ္ပဏီမှ မှာယူတင်သွင်းခဲ့သော Gas Engine Container ငါးလုံးနှင့် Gas Engine နှင့် ဆက်စပ်ပစ္စည်းများအားလုံး ပါဝင်သည့် Container ခုနစ်လုံးတို့ သယ်ဆောင်လာသောသင်္ဘောသည် မြန်မာနိုင်ငံ ရန်ကုန်မြို့ အေးရှားဝေါလ်ဆိပ်ကမ်းသို့ ဩဂုတ် ၂၀ ရက် ည ၇ နာရီတွင် ဆိုက်ရောက်ခဲ့သည်။

ရောက်ရှိလာသော ပစ္စည်းများအား ကျောက်ဖြူမြို့သို့ ရေလမ်းခရီးဖြင့် အချိန်မီဆက်လက်ပို့ဆောင်နိုင်ရေး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းတို့မှ တာဝန်ရှိသူများက အနီးကပ်ကြပ်မတ် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောင်းနေအရွယ်ကလေးငယ်များ နို့တိုက်ကျွေးရေးတွင် အလှူရှင်များ ပါဝင်လှူဒါန်းနိုင်ရန်နှိုးဆော်

နွားနို့တွင် ပရိုတင်းဓာတ်၊ကယ်လ်စီယမ်ဓာတ်၊ ဗိုက်တာမင်များအပြင် အဆီ၊ သကြားဓာတ်နှင့် သတ္တုဓာတ်များ ပါဝင်သဖြင့်ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများအပါအဝင် လူတိုင်းနေ့စဉ်သောက်သုံးသင့်ပါသည်။ နွားနို့ နေ့စဉ်သောက်ခြင်းဖြင့် ကိုယ်ခန္ဓာဖွံ့ဖြိုးခြင်း၊ အရပ်ရှည်ခြင်း၊ အရိုးအဆစ်သန်မာခြင်း၊ ကျန်းမာရေးကောင်းမွန်ခြင်း၊ ဉာဏ်ရည်ဖွံ့ဖြိုးခြင်းနှင့် အသားအရေလှပခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်ပါသည်။ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခြေခံပညာကျောင်းများရှိ မူလတန်းအဆင့် ကျောင်းသားကျောင်းသူလေးများကို ကျောင်းဖွင့်ရက်များတွင် နွားနို့တိုက်ကျွေးရန် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ နွားနို့အလှူရှင်များရှာဖွေ၍ စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ယခုလက်ရှိ နေပြည်တော် ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်ရှိ မူလတန်း ကျောင်းသားကျောင်းသူ ၄၇၀၀၀ ဦးအား သုံးနှစ်ဆက်တိုက် နွားနို့တိုက်ကျွေးလျက် ရှိပါသည်။ သို့ဖြစ်ပါ၍ "ကျန်းမာဖွံ့ဖြိုးဉာဏ်ရည်တိုးဖို့ နွားနို့နေ့စဉ်သောက်ကြစို့" ဆိုသည့် ဆောင်ပုဒ်အတိုင်း မြန်မာတစ်နိုင်ငံလုံးရှိ မူလတန်းအဆင့် ကျောင်းသားကျောင်းသူလေးများကို နေ့စဉ်နွားနို့တိုက်ကျွေးရေးလွှမ်းခြုံနိုင်ရန်အတွက် စေတနာရှင် အလှူရှင်များမှ ပါဝင်ကူညီလှူဒါန်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
နေပြည်တော်

စစ်တောင်းနှင့်ရွှေကျင်မြစ်ရေ စိုးရိမ်ရေမှတ်အထက်တည်ရှိ

နေပြည်တော် ဩဂုတ် ၂၁

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ဩဂုတ် ၂၁ ရက် နံနက် ၆ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိခဲ့ပြီး ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၃၉ စင်တီမီတာ (၁ ဒသမ ၃ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှနောက် ၄၈ နာရီအတွင်း ၃၀ စင်တီမီတာ (၁ ပေခန့်) ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ဩဂုတ် ၂၁ ရက် နံနက် ၆ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိခဲ့ပြီး ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁၂ စင်တီမီတာ (၀ ဒသမ ၄ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှနောက် ၂၄နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။

ဟင်္သာတ၊ ဇလွန်နှင့် ပဲခူးမြို့တို့၌ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၂၁

ယနေ့ မြန်မာစံတော်ချိန် နံနက် ၉ နာရီခွဲအချိန် တိုင်းထွက်ချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၃၈ စင်တီမီတာ (၁ ဒမသ ၂ ပေခန့်) တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက် ၂၄ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မြန်မာစံတော်ချိန် နံနက် ၉ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီ မြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၆၁ စင်တီမီတာ (၂ ပေခန့်)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မြန်မာစံတော်ချိန် နံနက် ၉ နာရီခွဲအချိန်တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ် ရေမှတ်အောက် ၈၀ စင်တီမီတာ (၂ ဒသမ ၆ ပေခန့်) တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။

သစ်တောနှင့်သစ်ပင်
ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို
နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ပြည်တွင်းပြည်ပ ခရီးသွားများ လုံခြုံချောမွေ့စေရေး အလုပ်ရုံဆွေးနွေးပွဲ ညောင်ဦးမြို့၌ကျင်းပ

ညောင်ဦး ဩဂုတ် ၂၁

ညောင်ဦးမြို့ အနော်ရထာခန်းမအတွင်း ဩဂုတ် ၁၉ ရက် နံနက် ၈ နာရီခွဲက ပြည်တွင်းပြည်ပ ခရီးသွားများ လုံခြုံချောမွေ့စေရေး အလုပ်ရုံဆွေးနွေးပွဲတစ်ရပ် ကျင်းပခဲ့သည်ဟု သိရှိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် အခမ်းအနားမှူးအဖြစ် ဒေါ်ဝင်းဝင်းကြည်က ဆောင်ရွက်ပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ငြိမ်းနှင့် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးငွေးလွင်၊ ဦးသန်းငွေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်အတွင်းမှ ရပ်မိရပ်ဖများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ အနေးယာဉ်လုပ်ငန်းရှင်များ၊ ဘုရားဂေါပကအဖွဲ့ဝင်များ၊ ရှေးဟောင်း

ယဉ်ကျေးမှုနယ်မြေဖြစ်သော ရပ်ကွက်ကျေးရွာအုပ်စု ၁၇ စုမှ အုပ်ချုပ်ရေးမှူးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဥက္ကဋ္ဌများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဥက္ကဋ္ဌများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအဖွဲ့မှ ဥက္ကဋ္ဌများ၊ မီဒီယာများ တက်ရောက်ပြီး နိုင်ငံခြားသားများနှင့် ပြည်တွင်းပြည်ပ ဧည့်သည်တော်များအား ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံပြီး ဧည့်လမ်းညွှန်များ ထားရှိပေးရန်၊ လုံခြုံရေးတာဝန်များ ချထားပေးရန်၊ ညအမှောင်ထုဖြစ်နေပြီး လျှပ်စစ်မီးမရောက်ရှိနိုင်သောလမ်းများကို ဆိုလာပြားများနှင့် မီးလင်းနိုင်ရေးစသည်ဖြင့် တင်ပြဆွေးနွေးကြသည်။ ပြည်တွင်းပြည်ပခရီးသွားများအတွက် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးကိုလည်း တင်ပြဆွေးနွေးခဲ့ကြသည်ဟု သိရှိရသည်။ **ကျော်ငွေး**

ကောလာဟလကြောင့် မကွေးတွင် ဓာတ်မီးများရောင်းကောင်း

မကွေး ဩဂုတ် ၂၁

မကွေးတိုင်းဒေသကြီး မကွေးမြို့ သိင်္ဂါဂီရိရပ်ကွက်နှင့် မြို့ဟောင်းရပ်ကွက်တို့တွင် လူနှင့်သဏ္ဌာန်တူ ပုံစံတစ်ခုသည် ညဥ့်နက်ပိုင်းအချိန်များ၌ အိမ်ခေါင်မိုးတစ်ခုပေါ်မှ တစ်ခုဆီသို့ ဟိုသည်ပြေးလွှားနေသည်ဟု ဩဂုတ် ၁၅ ရက်မှစတင်ကာ ကောလာဟလသတင်းဖြစ်ပေါ်နေကြောင်း သိရသည်။

ကောလာဟလသတင်း စတင်ဖြစ်ပေါ်ပုံမှာ ရွှေပင်းမောလ်တစ်ခုတွင် အလုပ်လုပ်သူ သိင်္ဂါဂီရိရပ်ကွက်နေသူအမျိုးသမီးတစ်ဦးသည် အလုပ်မှပြန်လာပြီး ည ၁၀ နာရီကျော်ခန့်တွင် နေအိမ်အတွင်းရှိ အုန်းပင်အောက်ရေချိုးကန်၌ ရေချိုးနေစဉ် အုန်းပင်ပေါ်မှ လူနှင့်သဏ္ဌာန်တူသည့်ပုံစံတစ်ခုသည် အိမ်ခေါင်မိုးပေါ်သို့ ပြေးတက်သွားကြောင်း အဆိုပါသဏ္ဌာန်ကို မြင်တွေ့ရသည့်အတွက် လန့်၍ ပင်အော်မိကြောင်းဖြင့် သတင်း စတင်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

၎င်းသတင်းဖြစ်ပေါ်ပြီး နောက်ရက်များတွင် သိင်္ဂါဂီရိရပ်ကွက်အတွင်းရှိ အခြားနေအိမ်များ၌လည်း ညဥ့်နက်ပိုင်းလူခြေတိတ်ချိန်များတွင် လူနှင့်တူသည့်သဏ္ဌာန်တစ်ခု ခေါင်မိုးများပေါ်တွင် ပြေးလွှားနေသည်ဟူ၍ သတင်းထပ်မံထွက်ပေါ်ရာ သိင်္ဂါဂီရိနှင့်မြို့ဟောင်းရပ်ကွက်နေသူများမှာ ညဥ့်နက်ပိုင်းအချိန်များတွင် အထူးသတိထားသွားလာနေကြပြီး စိုးရိမ်ထိတ်လန့်လျက်ရှိနေကြောင်း သိရသည်။

"အဲဒီသတင်းက သိင်္ဂါဂီရိနဲ့ မြို့ဟောင်းရပ်ကွက်နေသူများအကြား ကျော်ကြားနေတယ်။ လူတွေက ဘာမှန်းမသိဘဲ စိုးရိမ်ထိတ်လန့်နေကြတယ်။ ဒီသတင်းဖြစ်ပေါ်နေပြီးကတည်းက သူခိုးတွေ သောင်းကျန်းလာတယ်"ဟု သိင်္ဂါဂီရိရပ်ကွက်နေသူ ဦးသိန်းဟန်က ပြောကြားသည်။

"ညညဆို ခေါင်မိုးပေါ်တွေမှာ လူတစ်ဦး ပြေးလွှားနေတယ်ဆိုတဲ့ သတင်းကြောင့် ဓာတ်မီးတွေလာလာဝယ်ကြတာများလို့ ကျွန်တော့်ဆိုင်မှာ ဓာတ်မီးရောင်းအား မြင့်တက်လာတယ်"ဟု မကွေးမြို့ နတ်မောက်လမ်းပေါ်ရှိ လျှပ်စစ်ပစ္စည်းဆိုင် ပိုင်ရှင်တစ်ဦးက ဆိုသည်။

သတိပေး

သိင်္ဂါဂီရိရပ်ကွက်နှင့်မြို့ဟောင်းရပ်ကွက်အုပ်ချုပ်သူများက ၎င်းသတင်းမှာ ကောလာဟလသာဖြစ်ကြောင်း၊ စိုးရိမ်ထိတ်လန့်ရန် မလိုအပ်ကြောင်းဖြင့် သတိပေးနှိုးဆော်ထားရကြောင်း သိရသည်။

ဝသန်ထွန်း(မကွေး)

မှုခင်းသတင်းများ

မကွေးမြို့ အေးစေတီဘုရား အလှူခံပုံးအခိုးခံရ

မကွေး ဩဂုတ် ၂၁

မကွေးမြို့၏ အထင်ကရစေတီတစ်ဆူဖြစ်သော ကန်သာရပ် အေးစေတီဘုရားကြီး၏ ရင်ပြင်တော်နားရှိ အလှူခံပုံးတစ်လုံး ဩဂုတ် ၁၄ ရက်က ပျောက်ဆုံးနေကြောင်း ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။ ဖြစ်စဉ်မှာ ဩဂုတ် ၁၄ ရက် မွန်းတည့် ၁၂ နာရီခန့်က ဂေါပကအဖွဲ့လုံခြုံရေးဝန်ထမ်းသည် နေ့လယ်ထမင်းစားပြန်ရန် အလှူခံပုံးကို အေးစေတီမွှာရုံအတွင်း သော့ခတ်သိမ်းဆည်းမည်အပြု ပျောက်ဆုံးနေသည်ကိုတွေ့ရ၍ ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးဟန်ထွန်းကို ချက်ချင်းအကြောင်းကြားခဲ့ပြီး အတွင်းရေးမှူးက မြို့မရဲစခန်းသို့ သတင်းပို့ခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့ဝင်မှူးနှင့် တာဝန်ရှိသူများ စုံစမ်းရှာဖွေမှုများ ဆောင်ရွက်ခဲ့သည်။ အလှူခံပုံးအတွင်း၌ ဘုရားအလှူခံဖြတ်ပိုင်းအရ ကျပ် ၂၅၉၃၀၀ နှင့် နဝကမ္မအလှူငွေကျပ် ၃၀၀၀၀ ခန့် စုစုပေါင်းခန့်မှန်းငွေကျပ် ၂၈၉၃၀၀ ပါသွားကြောင်း သိရသည်။ အဆိုပါ အလှူခံပုံးကို အေးစေတီဘုရားနှင့် မျက်နှာချင်းဆိုင်ရှိ မင်းကြီးကန်(ကန်သာပေါင်)အတွင်း၌ ပြန်လည်ရှာဖွေတွေ့ရှိခဲ့သည်။

အလှူခံပုံးကို တွေ့ရသည့်အခါ သော့မဖျက်ဘဲ မှန်ခွဲ၍ ငွေကျပ် ၆၀၀၀ သာကျန်ရစ်ခဲ့ပြီး ကျန်ငွေအားလုံးကို ယူဆောင်သွားကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်ကို ဂေါပကအဖွဲ့က မြို့မရဲစခန်း၌ အမှုဖွင့်ထားသည်။ ဂေါပကအဖွဲ့အတွင်းရေးမှူးက "အလှူခံပုံးက ငွေယူသွားသူကို သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ အပူတပြင်းစုံစမ်းရှာဖွေနေဆဲဖြစ်ပါတယ်။ မျက်မြင်သက်သေတွေရဲ့ထွက်ဆိုချက်အရ သံသယရှိသူဟာ အသက်မပြည့်သေးတဲ့ ကလေးတစ်ယောက်လို့ ထင်မြင်ရပါတယ်။ လုံခြုံရေးဝန်ထမ်းရဲ့အလစ်၊ အငိုက်ကိုစောင့်ပြီး လုပ်ရှားသွားတာပါ။ အဲဒီနေ့က ဥပုသ်နေ့ဆိုတော့ ဘုရားမှာလည်း လူမပြတ်ဘူး။ အရင်ကတော့ ဒီလိုဖြစ်စဉ်မျိုးတွေ မဖြစ်ဖူးပါဘူး။ အမြန်ဖော်ထုတ်ဖမ်းဆီးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်" ဟု ပြောပြသည်။ **ပိုင်ဇေ(မကွေး)**

အမျိုးသမီးတစ်ဦး အဆိပ်သောက်သေဆုံး

ကောလင်း ဩဂုတ် ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ် အောက်ကလုံကျေးရွာတွင် အမျိုးသမီးတစ်ဦး အဆိပ်သောက်သဖြင့် သေဆုံးသွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ဩဂုတ် ၁၉ ရက် ညနေ ၃ နာရီခွဲက အောက်ကလုံရွာနေ မပေါက်(၂၀ နှစ်)ဆိုသူသည် ထမင်းဟင်းချက်ပြုတ်သည့် ကိစ္စနှင့်ပတ်သက်၍ ဖခင်ဆူပူကြိမ်းမောင်းသည်ကို မခံမရပ်နိုင်ဖြစ်ကာ နေအိမ်ပေါ်တက်ပြီး ပုစွန်သတ်သောဆေးများသောက်၍ သတိလစ်နေစဉ် အစ်ကိုရင်းဖြစ်သူ နိုင်ဦးနှင့် နိုင်ဝင်းတို့က တွေ့ရှိသဖြင့် ချောင်းနားတိုက်နယ်ဆေးရုံသို့ပို့ရာ ညနေ ၅ နာရီခွဲတွင် လမ်းခရီး၌ သေဆုံးသွားသဖြင့် ဓမ္မတာအတိုင်းသေဆုံးခြင်းဟုတ် မဟုတ်သိရှိနိုင်ရန် ကောလင်းရဲစခန်းမှ သေမှုသေခင်းရေးဖွင့်ဆောင်ရွက်ထားသောအမှုဖြစ်ကြောင်း သိရသည်။

လူအောင်(ကသာ)

၄၉ သိန်းကျော်တန်ဖိုးရှိ ဘိန်းမည်းများ ဖမ်းဆီးရမိ

မြစ်ကြီးနား ဩဂုတ် ၂၁

ကချင်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၇ ရက်က ဝိုင်းမော်မြို့နယ်အတွင်း ငွေကျပ် ၄၉ သိန်းကျော်တန်ဖိုးရှိ ဘိန်းမည်းများ သယ်ဆောင်လာသူနှစ်ဦးကို ဖမ်းဆီးအရေးယူနိုင်ခဲ့သည်။ ဖြစ်စဉ်မှာ ဩဂုတ် ၁၇ ရက် ညနေ ၄ နာရီခွဲက ဝိုင်းမော်မြို့နယ်အတွင်း မူယစ်ဆေးဝါးများ သယ်ဆောင်မည့်ကြိုတင်သတင်းအရ မြို့မရဲစခန်းမှ ဒုရဲအုပ်မျိုးဝင်းနိုင် ဦးဆောင်သောတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ဝါရှောင်ကျေးရွာ ကားကျွင့်တံတား၌စောင့်ဆိုင်းနေစဉ် ဒေါ်အလေးမီး မောင်းနှင်ကာ ဒေါ်အားဆာမီး စီးနင်းလိုက်ပါလာသည့်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ ဆိုင်ကယ်ခွကြား၌ HIGH CLASS စာတန်းပါ နီညိုရောင်အတွင်း ပလတ်စတစ်အကြည်ဖြင့်ပတ်၍ ၄ုက်ပျော့ရွက်ဖြင့်ထုပ်ပိုးထားသည့် ဘိန်းမည်း အလေးချိန် ၃၇၅ ဂရမ်ပါတစ်ထုပ်၊ ၂၅၀ ဒသမ ၅၂ ဂရမ်ပါတစ်ထုပ်၊ ၇၁၅ ဒသမ ၃၅ ဂရမ်ပါတစ်ထုပ်၊ ၆၁၉ ဒသမ ၉၄ ဂရမ်ပါတစ်ထုပ်၊ ၆၁၂ ဒသမ ၃၅ ဂရမ်ပါ တစ်ထုပ်၊ ၆၇၃ ဒသမ ၆၇ ဂရမ်ပါတစ်ထုပ် စုစုပေါင်းကာလတန်ဖိုးငွေကျပ် ၄၉၀၀၅၀၀ တန်ဖိုးရှိ ဘိန်းမည်း ၃ ဒသမ ၂၆၇ ကီလိုဂရမ်ကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။ မူးယစ်ဆေးဝါးများ သယ်ဆောင်လာသည့် ဒေါ်အလေးမီး (၄၅ နှစ်)နှင့် ဒေါ်အားဆာမီး(၅၁ နှစ်)တို့ နှစ်ဦးကို ဝိုင်းမော်ရဲတပ်ဖွဲ့မှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မိုဃ်းကျ(မြစ်ကြီးနား)

ရပ်ကွက်အတွင်းဈေးဆိုင်မှစိတ်ကြွရူးသွပ်ဆေးပြားဖမ်းမိ

တပ်ကုန်း ဩဂုတ် ၂၁

နေပြည်တော် တပ်ကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းတင်၏ ညွှန်ကြားချက်ဖြင့် မြို့မရဲစခန်းမှူး ဒုရဲမှူး သန်းဝင်း၊ ဒုစခန်းမှူး ရဲအုပ်ဖြူထွန်းစိန်တို့၏ကြီးကြပ်မှုဖြင့် နယ်ထိန်းဒုရဲအုပ် မြင့်ကံနှင့်နယ်ထိန်းတပ်ဖွဲ့ဝင်များသည် သက်သေအောင်ဇေယျရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစောမင်း၊ ဦးအောင်ချိုဝင်း၊ ဦးအောင်တင်ဝင်းတို့ ပူးပေါင်းအဖွဲ့ဖြင့် ဩဂုတ် ၁၈ ရက် ညနေ ၅ နာရီက ဘုရင့်နောင်ရပ်ကွက်နယ်မြေ(၃)နေ မချိုမော်အေး၏ဈေးဆိုင်ကို ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၄၄ ပြား (၄ ဒသမ ၄ ဂရမ်) တန်ဖိုးငွေကျပ် ၂၂၀၀၀၀ ကို သိမ်းဆည်းရမိ၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တင်ထွန်းတာ

ပြည်နယ်အဆင့် ပြိုင်ပွဲများ ကျင်းပ

မြစ်ကြီးနား ဩဂုတ် ၂၁

ပြည်နယ်အဆင့်စကားရည်လုပွဲ၊ ကျပန်းစကားပြော၊ ကဗျာရွတ်နှင့် ပုံပြောပြိုင်ပွဲကို ဩဂုတ် ၁၉ ရက် နံနက် ၈ နာရီက မြစ်ကြီးနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အေးမြသီတာခန်းမ၌ ကျင်းပရာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာ တက်ရောက်အမှာစကားပြောကြားခဲ့သည်။

အထက်တန်းအဆင့်၌ အဆို/အပြောကို ကျောင်းသား ကျောင်းသူ ၁၂ ဦးနှင့် အလယ်တန်းအဆင့်ကျပန်းစကားပြောပြိုင်ပွဲကို ကျောင်းသားကျောင်းသူရှစ်ဦးက ယှဉ်ပြိုင်ကြပြီး အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း ပင်လုံခန်းမ၌ မူလတန်းအဆင့် ကဗျာရွတ်ပြိုင်ပွဲကို ကျောင်းသား ကျောင်းသူရှစ်ဦးနှင့် ၃၈ ဖြာမင်္ဂလာပုံပြင်များမှ နှစ်သက်ရာ ပုံပြင်ကို ကျောင်းသား ကျောင်းသူရှစ်ဦးတို့က ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် ပြိုင်ပွဲအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို ပြည်နယ်ပညာရေးမှူးက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးခဲ့ကြောင်း သိရှိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ပျိုရွယ်သူမျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ခြင်းဆိုင်ရာ ဗဟိုအဆင့်အသိပေးဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၁

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကျန်းမာရေးဦးစီးဌာနနှင့် IPPF တို့ပူးပေါင်း၍ Young People and SRH; (MYA/12/A1) ပျိုရွယ်သူမျိုးဆက်ပွား ကျန်းမာရေးမြှင့်တင်ခြင်းဆိုင်ရာ ဗဟိုအဆင့်အသိပေးဆွေးနွေးပွဲကို ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီခွဲက နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်က အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဒေါ်သဇင်နွယ်က ပျိုရွယ်သူမျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပေးဆွေးနွေးခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ မန္တလေးတိုင်းဒေသကြီး(ညောင်ဦး၊ မြင်းခြံ၊ ကျောက်ပန်းတောင်း၊ အမရပူရ၊ ကျောက်ဆည်မြို့နယ်)နှင့် မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တို့မှ သင်တန်းသား သင်တန်းသူ ၃၄ ဦး တက်ရောက်ကြပြီး သင်တန်းကို ဩဂုတ် ၂၃ ရက်အထိ ငါးရက်ကြာ သင်ကြားပို့ချသွားမည် ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မိုးရွာသွန်းမှုကြောင့် မြေပဲစိုက်တောင်သူများ ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိ

မြောင် ဩဂုတ် ၂၁

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်ရှိ မြေပဲစိုက်တောင်သူများသည် မြေပဲပင်များအောင်မြင်ဖြစ်ထွန်းစေရေးအတွက် မိုးရွာသွန်းမှု လိုအပ်လျက်ရှိရာ ဩဂုတ် ၁၉ရက်က မိုးရွာသွန်းမှုကြောင့် မြေပဲစိုက်တောင်သူများ ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိကြောင်း သိရသည်။

"ဒီနေ့ မိုးရွာသွန်းမှုကြောင့် ကျွန်တော်တို့မြို့နယ်မှာရှိတဲ့မြေပဲစိုက်တောင်သူတွေအတွက် ရွှေမိုး၊ ငွေမိုးလို့ပြောလို့ ရပါတယ်။ တကယ်လို့များ မိုးမရွာခဲ့ရင် ကျွန်တော်တို့ မြေပဲပင်တွေ ရှင်သန်ကြီးထွားမှာ မဟုတ်ဘူး။ အိမ်မှာမွေးထားတဲ့ ခိုင်းနွားတွေအတွက်ရောနွားခြံ၊ သိုးအုပ်၊ ဆိတ်အုပ်တွေအတွက် အစာရှားပါးမှုဖြစ်မှာ စိုးရိမ်ရတယ်။ အခုလို မိုးရွာသွန်းမှုကြောင့် နွားစာအတွက် မပူရတော့ပါဘူး"ဟု မြောင်မြို့နယ် ကူးတို့ကုန်းကျေးရွာနေ ကိုရန်နိုင်ဦးက ပြောပြသည်ကို သိရသည်။ "ကျွန်တော်က မြေပဲကို မိုးမရွာခင်မြေအခြောက်ပေါ်မှာချထားတယ်။ တစ်မျိုးပြောရင် မိုးကိုမျှော်ပြီး ချထားတာပါ။ မြေပဲပင်က အတော်အသင့် မိုးခေါင်တဲ့ရာသီဥတုဒဏ်ခံတယ်လေ။ အားဆေးတို့ ပိုးသတ်ဆေးတို့တော့ ဖျန်းပေးရတာပေ့ါ။ အခုမြေပဲပင်က ဥစွယ်ချနေပြီဆိုတော့ ဩဂုတ် ၁၉ ရက်က မိုးရွာခဲ့တာကြောင့် အပင်လည်းကောင်း၊ အရင်နှစ်ကထက်ကို မြေပဲဥထွက်နှုန်းပိုပါလိမ့်မယ်"ဟု မြောင်မြို့တောင်ရပ်ကွက်ရှိ မြေပဲစိုက်တောင်သူ ကိုဖြိုးက ပြောပြသည်။

မြောင်မြို့နယ်သည် တစ်ချိန်က စစ်ကိုင်းတိုင်းဒေသကြီး၏ ဆီအိုးကြီးဖြစ်ခဲ့သကဲ့သို့ ယခုနှစ်တွင်လည်း စစ်ကိုင်းတိုင်းဒေသကြီး၏ အားထားရမည့် ဆီအိုးကြီးအဖြစ် ဧကန်မုချ ပေါ်ပေါက်လာမည်ကို ဖော်ပြရေးသားလိုက်ပါသည်။ **တင်ကိုကို(မြောင်)**

အရက်မူးရာမှ သားအဖချင်းစကားများ ဓားခုတ်မှုဖြစ်ပွား

ပွင့်ဖြူ ဩဂုတ် ၂၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကုလားဟောင်းကျေးရွာ၌ ဩဂုတ် ၁၈ ရက်ညနေ ၅ နာရီက လူသတ်မှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ ဖခင်ဖြစ်သူ ဦးကုလား (၅၀ နှစ်) သည် အရက်မူးနေရာမှ သားဖြစ်သူ မောင်ပေတူး (၂၇ နှစ်)နှင့် စကားများရာ ဖခင်ဖြစ်သူဦးကုလားက သားဖြစ်သူကို အရိုးအသွား ၂၄ လက်မရှိ ဓားရှည်ဖြင့်ခုတ်ရာ သားဖြစ်သူမှာ ၎င်းဓားဒဏ်ရာဖြင့်ပင် အခင်းဖြစ်ပွားရာနေရာ၌ သေဆုံးသွားခဲ့သည်။

၎င်းဖြစ်စဉ်နှင့်ပတ်သက်၍ ပွင့်ဖြူမြို့မရဲစခန်းမှ စခန်းမှူးရဲအုပ်လှမြင့်၊ ဒုလုံခြုံရေးမှူး သိန်းနိုင်တို့က သွားရောက်စစ်ဆေးပြီး အရေးယူလျက်ရှိကြောင်း သိရသည်။ **ခင်မောင်ငွေး(ပွင့်ဖြူ)**

မလေးရှား-မြန်မာ သတင်းအချက်အလက်နှင့် နည်းပညာအခွင့်အလမ်းများဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

မြန်မာနိုင်ငံ ကွန်ပျူတာအသင်း (MCF)၊ မြန်မာနိုင်ငံဆိုင်ရာ ကွန်ပျူတာလုပ်ငန်းရှင်များအသင်း (MCIA)၊ မလေးရှား ပြည်ပကုန်သွယ်မှု ကော်ပိုရေးရှင်း (MATRADE)နှင့် မလေးရှားသံရုံးတို့ ပူးပေါင်းကျင်းပသော မလေးရှား-မြန်မာနည်းပညာအခွင့်အလမ်းများဆွေးနွေးပွဲနှင့် စီးပွားရေးလုပ်ငန်းများ သီးသန့်တွေ့ဆုံပွဲအခမ်းအနားကို ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal ဟိုတယ်၌ ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မလေးရှားနိုင်ငံမှ သတင်းအချက်အလက်နှင့် နည်းပညာကုမ္ပဏီပေါင်း ၂၀ နှင့် အကျိုးဆောင်ကုမ္ပဏီများက အိုင်စီတီနည်းပညာ ဆက်နွှယ်လုပ်ငန်းများဖြစ်သော e-Government,e-Visa, e-Procurement, e-Passport, Hospitality, Online Payment Gateway, Financial Management System, Core Banking System Technology နှင့် Electronic Identification Systems များကို ကဏ္ဍအလိုက် ရှင်းလင်းပြောကြားကြသည်။

မြန်မာနိုင်ငံ၏ လက်ရှိအိုင်စီတီလုပ်ငန်းအနေအထားသည် တိုးတက်မှုအများဆုံးရှိနေသော လုပ်ငန်းဖြစ်ကြောင်း၊ နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင် အများစုစိတ်ဝင်စားမှုအရှိဆုံးလုပ်ငန်းတစ်ရပ်လည်း ဖြစ်ကြောင်း၊ သတင်းအချက်အလက်နှင့် နည်းပညာလုပ်ငန်းဆိုင်ရာအခြေခံအဆောက်အအုံများကို တိုးတက်တည်ဆောက်လျက်ရှိပြီး နိုင်ငံတကာစီးပွားရေးလုပ်ငန်းများအနေဖြင့် အိုင်စီတီနည်းပညာဆိုင်ရာ အတွေ့အကြုံများကို မျှဝေသင်ယူရန် လိုအပ်နေပြီး နှစ်ဦးနှစ်ဖက်အကျိုးများစေမည့် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပါကြောင်း၊ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာပညာရှင်များနှင့် အသက်မွေးဝမ်းကျောင်းပြုသူ ၆၀၀၀ ခန့်ကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ ကွန်ပျူတာတက္ကသိုလ်များမှ နှစ်စဉ်မွေးထုတ်ပေးလျက်ရှိပြီး ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံကွန်ပျူတာအသင်းနှင့် ပုဂ္ဂလိကကျောင်းများပေါင်းလျှင် ဦးရေ ၁၀၀၀၀ ခန့် နှစ်စဉ်မွေးထုတ်လျက်ရှိကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းအားလုံးသည် နည်းပညာဆိုင်ရာလုပ်ငန်းများကို အသုံးချမှသာ ရရှိနိုင်ပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍစုံတွင် သတင်းအချက်အလက်နှင့် နည်းပညာလိုအပ်ချက် မြင့်မားနေသဖြင့် ရင်းနှီးမြှုပ်နှံလိုသူများအတွက် အခွင့်အလမ်းကောင်းများ ဖြစ်ပါကြောင်းဖြင့် မြန်မာနိုင်ငံ၏ လက်ရှိဆောင်ရွက်နေသော သတင်းအချက်အလက်နှင့် နည်းပညာလုပ်ငန်းများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းက ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော မလေးရှားအိုင်စီတီလုပ်ငန်းရှင်များနှင့် မြန်မာလုပ်ငန်းရှင်များက ကဏ္ဍအလိုက်သီးသန့်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

မလေးရှား ပြည်ပကုန်သွယ်မှု ကော်ပိုရေးရှင်း၏ မြန်မာနိုင်ငံအတွင်း ဖော်ဆောင်မည့် စီးပွားရေးကဏ္ဍတစ်ရပ်အနေဖြင့် မလေးရှားကုမ္ပဏီများနှင့် မြန်မာလုပ်ငန်းရှင်များပါဝင်သော စီးပွားရေးဆိုင်ရာတွေ့ဆုံမှုပေါင်း(၁၈၈)ကြိမ်ခန့်ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။ **မိုးသူ**

ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

မူဆယ် ဩဂုတ် ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်ခရိုင် မူဆယ်မြို့နယ် ၁၀၅ မိုင် မိုင်းယုကျေးရွာအုပ်စုရှိ အောင်သီရိမင်္ဂလာသုခကျောင်းတွင် ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီက ယဉ်ကျေးလိမ္မာတနင်္ဂနွေဓမ္မသင်တန်းဖွင့်ပွဲ ကျင်းပသည်။ ဆက်လက်၍ အတွင်းရေးမှူး ဦးသန်းတင်က သင်တန်းသား သင်တန်းသူ ၂၁၇ ဦးကို ဆရာတော်ထံ အပ်နှံ၍ သင်တန်းနည်းပြဆရာတော် အရှင်ခေမာစာရကသင်တန်းအကြောင်း သိကောင်းစရာများ မိန့်ကြားသည်။

“ဒီသင်တန်းကို တနင်္ဂနွေနေ့တိုင်း နံနက် ၁၁ နာရီမှ ညနေ ၄ နာရီ အထိ သင်တန်းသား သင်တန်းသူများကို သင်ကြားပို့ချသွားမှာပါ။ ဒါ့အပြင် ညနေ ၄ နာရီခွဲကနေ ၆ နာရီ အထိ ဓမ္မစကြာ ရွတ်ဖတ်ပူဇော်မှာဖြစ်ပြီး လူငယ်လူရွယ်တွေအတွက် အကျိုးရှိတဲ့ အစီအစဉ်တွေကိုလည်း ဖြည့်စွက်သွားဦးမှာဖြစ်ပါတယ်”ဟု အောင်သီရိမင်္ဂလာသုခဆရာတော် ဦးကေသရက မိန့်ကြားခဲ့သည်။ **သိန်းဇော်(ရွှေလီဦး)**

ဇာတ်ညွှန်းရေးသားခြင်းဆိုင်ရာသင်တန်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၂၁

အရည်အသွေးမြင့်မားသည့် မြန်မာဇာတ်ညွှန်းရေးသားသူများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ ဗြိတိသျှကောင်စီ၊ ရန်ကုန်ရုပ်ရှင်ကျောင်းနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတို့ ပူးပေါင်း၍ ဇာတ်ညွှန်းရေးသားခြင်း အနုပညာသင်တန်းကို ဩဂုတ် ၁၉ ရက်တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးလူမင်းက “ကျွန်တော်တို့ သင်တန်းဖွင့်ရတဲ့ ရည်ရွယ်ချက်ကတော့ နောင်မျိုးဆက်ကို အဲဒီလိုစနစ်တကျ

သင်ကြားတတ်မြောက်ထားတဲ့ အသိပညာရှင်၊ အနုပညာရှင်တွေက ဦးဆောင်လေ့ကျင့်ပေးခြင်းဖြင့် နောင်အနာဂတ်မှာ တိုင်းပြည်ရဲ့ပြောင်းလဲမှုနဲ့အတူ ကျွန်တော်တို့ အနုပညာလောကသားတွေဟာ နိုင်ငံတကာအနုပညာအသိုင်းအဝိုင်းမှာ ဝင်ဆံ့မှာပါ။ ကျွန်တော်တို့ တိုင်းပြည်မှာ အခုရိုက်ကူးထုတ်လွှင့်နေတဲ့ ပုံသဏ္ဌာန်တွေက ပြည်တွင်းမှာပဲ အချင်းချင်းနားလည်တဲ့ ဘာသာရပ်တွေနဲ့ ရိုက်ကူးထုတ်လွှင့်ပြီး အနုပညာကို ဖန်တီးနေကြတယ်။ နွားခြေရာခွက်လေးထဲမှာပဲ မဟုတ်ဘူး။ ပင်လယ်ပြင်ကို ကူးခတ်ရတော့မယ့် အခြေအနေကျရင် စနစ်တကျ သင်ကြားတတ်မြောက်ထားမှသာ နောက်မှာ မကျန်ရစ်ခဲ့မှာဖြစ်တဲ့ရည်ရွယ်ချက်နဲ့ ဖွင့်လှစ်ခဲ့တာပါ၊ သင်တန်းသားတွေရဲ့ သတ်မှတ်ချက်အရည်အချင်းကို ဗြိတိသျှကောင်စီရော၊ Yangon film school ရော၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဇာတ်ညွှန်းအဖွဲ့တွေရောပူးပေါင်းပြီး ရွေးချယ်ခဲ့ပါတယ်။ သင်တန်းသား ၁၆ ဦးဆိုတဲ့ အတိုင်းအတာကတော့ ဟိုဘက်က သင်ကြားပေးနိုင်တဲ့ဆရာရဲ့ လိုလားချက်ပါ။ နောက်ထပ်သင်တန်းတွေလည်း ဖွင့်လှစ်ပေးသွားဖို့ရည်ရွယ်ချက်ရှိပါတယ်။ Certificate တွေ ကိုင်ဆောင်နိုင်အောင် နိုင်ငံခြားကို ပညာသင်တွေစေလွှတ်ဖို့အထိ ရှိပါတယ်” ဟု ဖြေကြားသည်။

အဆိုပါ သင်တန်းကို ဗြိတိသျှလူမျိုး ဒါရိုက်တာစာရေးဆရာမ ရေချယ်လ်မက်သ်ယူးစ်က ဦးဆောင်ပို့ချကြောင်း သိရသည်။ သင်တန်းကို ဩဂုတ် ၁၉ ရက်မှ ၃၁ ရက်အထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ နံနက် ၉ နာရီခွဲမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **မြတ်စန္ဒီသင်းဇော်**

ကျားအင်္ဂါပြောင်းလဲပြီးသည့် မောင်စိန်မြင့် ကျန်းမာရေးကြောင့် ထိုင်းနိုင်ငံ၌ သွားရောက်ကုသမည်

ကျောက်မဲ ဩဂုတ် ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နှင့် ၃၅ မိုင်ခန့်ကွာဝေးသော ပန်စံကျေးရွာမှ ကျား/မ အင်္ဂါနှစ်မျိုးပါ မောင်စိန်မြင့်အား ယောကျ်ားအင်္ဂါအဖြစ် ပြောင်းလဲလိုက်ပြီးဖြစ်သော်လည်း ဆီးလမ်းကြောင်းယိုစိမ့်မှုပြဿနာကြောင့် ထိုင်းနိုင်ငံဆေးရုံတွင် ဆက်လက်ဆေးကုသမှုခံယူရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလူငယ် မောင်စိန်မြင့်သည် ၂၀၁၂ အောက်တိုဘာလဆန်းက ခွဲစိတ်ကုသရန် ငွေကြေးအခက်အခဲရှိသဖြင့် အဖြူရောင်နှလုံးသားပရဟိတအဖွဲ့ ကျောက်မဲနှင့် မန္တလေးရောက် ကျောက်မဲသူ ကျောက်မဲသားများ ကူညီပံ့ပိုးမှုဖြင့် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးနှင့် ဆီးနှင့်ကျောက်ကပ်ဌာနမှ အထူးကုဆရာဝန်ကြီး ဒေါက်တာတင်မောင်လင်းနှင့် ဆရာဝန်များ၊ သူနာပြုဆရာမများက ခွဲစိတ်ကုသပေးနိုင်ခဲ့သည်။ ယင်းခွဲစိတ်ကုသမှုကို ခြောက်ကြိမ်ခန့်ပြုလုပ်ခဲ့သော်လည်း ဆီးသွားလမ်းကြောင်း ယိုစိမ့်မှုပြဿနာကြောင့် ထိုင်းနိုင်ငံဆေးရုံတွင် ဆေးကုသမှုခံယူရမည်ဖြစ်ကြောင်း သိရသည်။

“ကျွန်မက သားကိုပြုစုစောင့်ရှောက်ဖို့ လိုက်ပါခွင့်ရသူပါ။ စာရွက်စာတမ်းအချက်အလက်အပြည့်အစုံကို အသင်းဥက္ကဋ္ဌ အဖြူရောင်နှလုံးသားပရဟိတအဖွဲ့ကတစ်ဆင့် ပို့လိုက်ပါတယ်။ ကျွန်မတို့က ရှမ်းတိုင်းရင်းသားတောသူတောင်သားတွေပါ။ ဆင်းရဲပါတယ်။ တစ်နေ့လုပ်တစ်နေ့စားပါ။ လက်ဖက်ခူးတဲ့ အလုပ်နဲ့ တောင်ယာအလုပ်ကလွဲလို့ ဘာမှလုပ်တာ မဟုတ်ဘူးလေ။ အခုလို သားလေးရဲ့ကျန်းမာရေးကို အစစအရာရာအကူအညီပေးကြတဲ့ ဆရာဝန်ကြီးတွေ၊ အသင်းအဖွဲ့တွေကို

ဘယ်လိုကျေးဇူးဆပ်ရမှန်းတောင် မသိတော့ပါဘူး”ဟု မောင်စိန်မြင့်၏မိခင်က ပြောသည်။

“သားက ဆေးကုသပြီးလို့ ပျောက်ကင်းသွားရင် ကိုရင်ဝတ်ချင်ပါတယ်၊ တစ်ခါမှလည်း ရှင်မပြုရသေးဘူး။ မန္တလေးမှာသွားနေပြီး ကျေးဇူးရှင်တွေကို ပြန်လည်ကျေးဇူးဆပ်လိုပါတယ်၊ လူမှုရေးအလုပ်တွေလုပ်ချင်ပါတယ်”ဟု မောင်စိန်မြင့်က ပြောသည်။

မောင်စိန်မြင့် (၁၈ နှစ်) **(အပေါ်ပုံ)** ကို မိုင်းလုံတပ်နယ် ပန်စံကျေးရွာ၌ မွေးဖွားခဲ့ပြီး မွေးဖွားစာရင်း ငါးဦးအနက် အကြီးဆုံးသားဖြစ်ကာ တက္ကသိုလ်ဝင်တန်းအထိ အထက(၁)ကျောက်မဲ၌ ပညာသင်ကြားခဲ့သည်။

ဆက်သွယ်ကူညီနိုင်

မောင်စိန်မြင့်၏ ခွဲစိတ်ကုသစရိတ်ထောက်ပံ့ကူညီလိုပါက အဖြူရောင်နှလုံးသားပရဟိတအဖွဲ့ ကျောက်မဲ ဖုန်း-၀၉-၆၇၀၆၃၀၅ နှင့် မန္တလေးရောက် ကျောက်မဲသူ ကျောက်မဲသားများအသင်း ဖုန်း-၀၉-၂၀၂၈၂၁၄၊ ၀၉-၉၁၀၀၄၈၁၈ တို့ထံသို့ ဆက်သွယ်ကူညီနိုင်ကြောင်း သိရသည်။

ကိုကို(ကျောက်မဲ)

အရောင်းအဝယ်အားစက်နေသည့် တမူးနန်းဖာလုံဈေး

ကလေး ဩဂုတ် ၂၁

မြန်မာနိုင်ငံ နယ်စပ်ဈေးများထဲတွင် အသာစီးရယူထားသော တမူးမြို့ နန်းဖာလုံနယ်စပ်ဈေးသည် မိုးတွင်းကာလ ဖြစ်သောကြောင့် မြန်မာနိုင်ငံဘက်မှ ဈေးရောင်းဈေးဝယ်များ၊ အိန္ဒိယ အင်ဖားရ်မြို့မှ ဈေးရောင်းဈေးဝယ်များသည် စိုက်ပျိုးရေးကိစ္စများနှင့် အိန္ဒိယနိုင်ငံ၏လွတ်လပ်ရေးနေ့အတွက် ပျော်ပွဲရွှင်ပွဲများရှိနေခြင်းတို့ကြောင့် ဈေးရောင်း ဈေးဝယ်များ အားစက်နေကြောင်း နန်းဖာလုံဈေးရောင်းသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

“နန်းဖာလုံဈေးကို အဓိကလာရောက်ပြီး ဝယ်ယူကြတာက အင်ဖားရ်မြို့တွင်းက ကုန်သည်သူဌေးတွေပါ၊ ကိုယ်စားလှယ်တွေကို လာဝယ်ခိုင်းတာလည်းရှိတယ်။ သူတို့တွေလာမှ ဈေးကရောင်းလို့ ကောင်းပါတယ်။ သူတို့က တစ်နှစ်စာစုပြီးဝယ်ကြတာကများတယ်။ တချို့ကလည်း ရာသီစာတွေဝယ်တာရှိတယ်။ မြန်မာဈေးဝယ်တွေကျတော့ ပွင့်လင်းရာသီရောက်မှ လာဝယ်ကြတယ်။ ဈေးဝယ်လာတာကတော့ နေရာဒေသအနှံ့ကပါပဲ။ မြန်မာဈေးဝယ်တွေအနေနဲ့က အိန္ဒိယပစ္စည်းတွေဖြစ်တဲ့ ပေါင်းအိုးတို့၊ စောင်တို့၊ လုံချည်တို့၊ မီးမွှေးတိုင်တို့၊ အာမွှေးတို့၊ နိုင်တီတူးတို့ ဝယ်တာများတယ်။ နန်းဖာလုံဈေးကနိုဝင်ဘာ၊ ဒီဇင်ဘာလဝန်းကျင်မှရောင်းကောင်းနိုင်မယ်” ဟု ဒေသခံပြည်သူတစ်ဦးကပြောသည်။

တမူးမြို့ နန်းဖာလုံဈေးသည် ၁၉၉၇ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့သော နယ်စပ်ဈေးဖြစ်ပြီး ဈေးကို အဆင့်မြှင့်တင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။ **သျှင်နေမင်း**

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၂-၈-၂၀၁၃ (ကြာသပတေးနေ့)

နံနက်ပိုင်း

၆း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၄၅	သဘာဝတရားတို့ဖြစ်တည်ရာ နာဂစကြာလိုဏ်ဂူတော်မဟာ
၇း၀၀	ပြည်တွင်းသတင်း၊ မိုးလေဝသသတင်း
၇း၃၀	မြန်မာ့ရုပ်မြင်သံကြားဇာတ်လမ်း (နီတိစကားဇာတ်လမ်းများ) စွမ်း
၈း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
၉း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
၁၀း၅၀	လယ်ယာကဏ္ဍဖွံ့ဖြိုးဖို့စက်မှုလယ်ယာကူးပြောင်းစို့

နေ့လယ်ပိုင်း

၁၂း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း
၁၂း၂၅	မြန်မာဗီဒီယိုဇာတ်လမ်း **သတ္တိခွန်အားပေးသနားပါ** ပြေတီဦး၊ စိုးမြတ်သူဇာ၊ နဝရတ် ဒါရိုက်တာ-ကိုဇော်(အရှက်ဦး)

ညပိုင်း

၁၅း၀၀	ပြည်တွင်းသတင်း
၁၆း၀၀	ပြည်တွင်းသတင်း
၁၆း၃၅	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၆း၄၅	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာပို့ချချက် ပထမနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၁၈း၀၀	ပြည်တွင်းသတင်း၊ မိုးလေဝသသတင်း
၁၉း၀၀	ပြည်တွင်းသတင်း
၁၉း၂၅	နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေမင်းသားရဲ့ သုခကမ္ဘာ** (အပိုင်း-၂၀)
၂၁း၀၀	ပြည်တွင်းသတင်း - ညဏ်ရည်ချင်းပြိုင်ဘယ်သူနိုင် - နိုင်ငံခြားဇာတ်လမ်းတွဲ **နိမိတ်ပုံရိပ်** (အပိုင်း-၂၆)

ဟိုပန်မြို့၌ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်မည်

ဟိုပန် ဩဂုတ် ၂၁

‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လာရောက်တာဝန်ထမ်းဆောင်မည့် ဌာနဆိုင်ရာဝန်ထမ်းများ နေထိုင်မှုအဆင်ပြေစေရန် ရည်ရွယ်ချက်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဟိုပန်မြို့ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနပိုင် ကွင်းအမှတ်(၃) မြေ ၄ ဒသမ ၃၂ ဧကတွင် ဝန်ထမ်းအိမ်ရာအဆောက်အအုံဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီကကျင်းပရာ ‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ထွန်းလူ ဦးစီးအဖွဲ့ဝင်နှင့် ခရိုင်အဆင့်တာဝန်ရှိသူများက သတ်မှတ်နေရာတို့၌ တစ်ပြိုင်နက် ပန္နက်တင်စိုက်ထူပေးသည်။ အဆိုပါအဆောက်အအုံများသည် သံကူကွန်ကရစ်(RC)အမျိုးအစားဖြစ်ပြီး ခြောက်ခန်းတွဲ နှစ်ထပ်တစ်လုံး၊ လေးခန်းတွဲ နှစ်ထပ်တစ်လုံး၊ နှစ်ခန်းတွဲ နှစ်ထပ်တစ်လုံး စုစုပေါင်း ဝန်ထမ်းအိမ်ရာ သုံးလုံးတို့ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း အပြီးဆောက်လုပ်မည်ဟု သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြည်ထဲရေးဝန်ကြီးဌာန
တည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရေးကော်မတီ
တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့/ဦးစီးဌာနများတွင် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် “အဆိုပြုတင်ဒါ”အဆိုပြုလွှာ၊ ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံနှင့် အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များအား ၁၁-၆-၂၀၁၃ ရက်နေ့မှ ၁၀-၇-၂၀၁၃ ရက်နေ့အထိ ရောင်းချခဲ့ပြီး ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းသည့် အဆိုပြုလွှာများကို တည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရေးကော်မတီမှ စိစစ်ရွေးချယ်၍ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့် ကိုက်ညီသောကုမ္ပဏီများ အမည်စာရင်းအား ၂၆ -၈-၂၀၁၃ မှ ၂၈-၈-၂၀၁၃ ရက်နေ့အထိ ပြည်ထဲရေးဝန်ကြီးရုံး (ရုံးအမှတ် ၁၀) တွင် လာရောက်ကြည့်ရှုနိုင်ပါသည်။

၃။ ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံတင်သွင်းရမည့် ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လုပ်ငန်းအုပ်စုအမှတ်စဉ်(၁) မှ (၉၀) အထိအား ၆-၉-၂၀၁၃ ရက်နေ့ ၀၉၀၀ နာရီမှ ၁၂၀၀ နာရီအချိန်အတွင်းနှင့် အကျဉ်းဦးစီးဌာန၊ လုပ်ငန်းအုပ်စု အမှတ်စဉ် (၁)မှ (၈)အထိအား ၁၃-၉-၂၀၁၃ ရက်နေ့ ၀၉၀၀ နာရီမှ ၁၂၀၀ နာရီအချိန်အတွင်း ပြည်ထဲရေးဝန်ကြီးရုံး၊ ရုံးအမှတ်(၁၀)၌ လာရောက်တင်သွင်းရမည်ဖြစ်ပါသည်။ (သတ်မှတ်ချိန်ကျော်လွန်၍ တင်သွင်းလာသော ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံများကို လက်ခံစဉ်းစားခြင်းမပြုပါ။)

၄။ အိတ်ဖွင့်တင်ဒါစိစစ်ကြေညာခြင်းကို အောက်ပါအတိုင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) မြန်မာနိုင်ငံရဲတပ်ဖွဲ့။ ၆-၉-၂၀၁၃ မှ ၁၂-၉-၂၀၁၃ရက်နေ့အထိ

(ခ) အကျဉ်းဦးစီးဌာန။ ၁၃-၉-၂၀၁၃ ရက်နေ့

၅။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က) ပြည်ထဲရေးဝန်ကြီးရုံး ဖုန်း - ၀၆၇-၄၁၂၄၃၆၊ ၀၆၇-၄၁၂၄၃၇

(ခ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဖုန်း - ၀၆၇-၄၁၂၁၃၈၊ ၀၆၇-၄၁၂၂၅၈

(ဂ) အကျဉ်းဦးစီးဌာန ဖုန်း - ၀၆၇-၄၃၁၄၁၆၊ ၀၆၇-၄၃၁၄၂၀

တင်ဒါရွေးချယ်ရေးဦးစီးကော်မတီ

ပြည်တွင်းသတင်း

ချင်းပြည်နယ်တွင် ကုန်းမြင့်လယ်ယာ ဧက ၁၀၀၀၀ ကျော် ဖော်ထုတ်

တီးတိန် ဩဂုတ် ၂၁

ချင်းပြည်နယ်တွင် ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ရေးကို ယခု ဘဏ္ဍာရေးနှစ်မှစ၍ ၂၀၃၀ ခုနှစ်အထိ ၁၆ နှစ်အတွင်း ဧကပေါင်း ၁၀၀၀၀ ကျော် ဖော်ထုတ်သွားမည်ဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က ပြောကြားသည်။

ကုန်းမြင့်လယ်ယာမြေ ဖော်ထုတ်ခြင်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ယခုနှစ်က စတင်ကာ သက်ဆိုင်ရာဒေသ အစိုးရများကို လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်။ ဩဂုတ် ၁ ရက်က ကျင်းပသော ပြည်သူ့လွှတ်တော် အစည်းအဝေး၌ တိုင်းရင်းသားမျိုးနွယ်စုများ၏ ရွှေ့ပြောင်းတောင်ယာစနစ်မှ လှေကားထစ်လယ်ယာစနစ်သို့ ကူးပြောင်းဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရက ဆောင်ရွက်ထားမှုကို သိရှိလိုကြောင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလှထွန်းက မေးမြန်းရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဖြေကြားခဲ့ခြင်းဖြစ်သည်။

တိုင်းရင်းသားဒေသများတွင် ရွှေ့ပြောင်းတောင်ယာစနစ်ကိုသာ ကျင့်သုံးနေရသဖြင့် သစ်တောပြုန်းတီးမှုများလည်း ဖြစ်ပေါ်နေပြီးနောက် မြေဆီလွှာမကောင်းမွန်မှုကြောင့် ဒေသခံပြည်သူများ စားဝတ်နေရေးအခက်အခဲဖြစ်ပေါ်နေရကြောင်း၊ အိမ်နီးနားချင်းနိုင်ငံများရှိ နယ်စပ်ဒေသတွင် နေထိုင်ကြသူများအား သက်ဆိုင်ရာအစိုးရများက စိုက်ပျိုးရေးအတွက် ထောက်ပံ့ပေးမှုများ ပြုလုပ်နေသောကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားဒေသများရှိ ဒေသခံများအတွက် စိုက်ပျိုးရေးမြေများ ဖော်ထုတ်ပေးသင့်ကြောင်း ခန္တီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းက လွှတ်တော်သို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ချင်းပြည်နယ်သည် မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုအနက် ဖွံ့ဖြိုးမှုအနည်းဆုံး ပြည်နယ်တစ်ခုဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး အပါအဝင် လူနေမှုဘဝနှင့် စားဝတ်နေမှုဘဝ နိမ့်ကျသော ပြည်နယ်တစ်ခုဖြစ်ကြောင်း သိရသည်။ **နေစု(ချင်းရိုးမ)**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၂၁-၈-၂၀၁၃ ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၇၀၅၅၀၀-၆၆၄၀၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၆၈ - ၉၇၈	ကျပ်
ဥရောပ	တစ်ယူရို	၁၂၉၀ - ၁၃၀၅	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၆၂ - ၇၇၈	ကျပ်
ထိုင်း	တစ်ဘတ်	၃၁. ၈ - ၃၂. ၃	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅ - ၁၅. ၅၆	ကျပ်
တရုတ်	တစ်ယွမ်	၁၅၇- ၁၆၂	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၀ - ၂၉၈	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်
ဒီဇယ်	တစ်လီတာ	၉၃၀	ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀	ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀	ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀	ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၅၀၀-၅၆၀၀	ကျပ်
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၂၀၀၀-၃၀၀၀	ကျပ်
၃။	ငါးရံ့	တစ်ပိဿာ	၅၀၀၀-၇၅၀၀	ကျပ်
၄။	ငါးဖယ်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀	ကျပ်
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	၄၀၀၀-၆၈၀၀	ကျပ်
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၂၀၀၀-၂၈၀၀၀	ကျပ်
၇။	ငါးသလောက်	တစ်ပိဿာ	၇၈၀၀-၂၂၀၀၀	ကျပ်
၈။	ကြက်	တစ်ပိဿာ	၄၅၀၀-၁၂၀၀၀	ကျပ်
၉။	ဝက်	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၀။	အမဲ	တစ်ပိဿာ	၃၅၀၀-၇၀၀၀	ကျပ်
၁၁။	ဆိတ်	တစ်ပိဿာ	၁၁၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။	နှမ်းဆန်	တစ်အိတ်	၁၈၄၀၀
၂။	ပေါ်ကွဲ	တစ်အိတ်	၂၃၀၀၀
၃။	ပေါ်ဆန်း	တစ်အိတ်	၂၅၀၀၀-၂၉၅၀၀
၄။	မြေပဲဆီ	တစ်ပိဿာ	၃၇၀၀
၅။	စားအုန်းဆီ	တစ်ပိဿာ	၁၅၀၂
၆။	ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၇၄၀-၈၁၀
၇။	ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၅၀-၁၈၀၀
၈။	ကြူကုတ်ကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၂၅-၁၀၅၀
၉။	အာလူး(အောင်ပန်း)	တစ်ပိဿာ	၄၅၀-၅၂၀
၁၀။	ဝါးခယ်မငရုတ်ရှည်	တစ်ပိဿာ	၂၃၅၀-၂၄၀၀
၁၁။	ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၄၀၀၀
၁၂။	သကြား	တစ်ပိဿာ	၉၇၅-၁၀၇၅

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ကြက်သွန်နီဈေးနှုန်း ထပ်မံမြင့်တက်လာ

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန် ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဩဂုတ် ၂၀ ရက်က ကြက်သွန်နီဈေးနှုန်း ထပ်မံမြင့်တက်လာပြီး စားအုန်းဆီ ပြည်ပမှ တင်သွင်းသော အရင်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၀ ခန့်ကျပြီး ပြည်တွင်းရောင်းဈေးနှုန်း အနည်းငယ်သာကျဆင်းကြောင်း သိရသည်။

ကြက်သွန်နီစိုက်ပျိုးသော ဒေသအချို့တွင် ရေကြီးမှုကြောင့် ကြက်သွန်နီစိုက်ခင်း ပျက်စီးမှုရှိလာပြီး အထွက်လျော့နိုင်ကြောင်း၊ အိန္ဒိယပြည်တွင်းဈေးနှုန်းများပါ မြင့်တက်လာ၍ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်သို့ပို့ရန် မြန်မာပြည်အလယ်ပိုင်းရှိ ကြက်သွန်နီထွက်ရှိရာဒေသများသို့ တိုက်ရိုက်ဆင်း ဝယ်ယူနေကြရာ နယ်ဈေး တစ်ပိဿာ ငွေကျပ် ၇၅၀ ဝန်းကျင်ရှိလာကြောင်း၊ ရန်ကုန်သို့ ကြက်သွန်နီတစ်ပိဿာ ကားခ ငွေကျပ် ၄၀ ဝန်းကျင်ရှိနေရာ ရန်ကုန်ဈေးကွက်တွင် ဩဂုတ် ၁၇ ရက်က တစ်ပိဿာ ကျပ် ၃၀၊ ၁၉ ရက်က ကျပ် ၃၀၊ ၂၀ ရက်က ကျပ်၅၀၊ ဒိုင်ဖွင့်ရက် သုံးရက်တွင် တစ်ပိဿာ ငွေကျပ် ၁၁၀ ဈေးမြင့်တက်လာသည်ဟု သိရသည်။ ဩဂုတ် ၁၇ ရက်က ပိဿာချိန် ၉၆၀၀၀၊ ၁၉ ရက်က ၂၄၀၀၀၀၊ ၂၀ ရက်က ၁၆၈၀၀၀ ဝင်ရောက်ရာ ဩဂုတ် ၂၀ ရက်က ဆိပ်ဖြူတစ်ပိဿာ ငွေကျပ် ၇၄၀-၇၈၀-၇၉၀-၈၁၀ နှုန်းသို့ မြင့်တက်လာသည်ဟု သိရသည်။

ယခင်နှစ် ၂၀၁၂ ဩဂုတ် ၁၈ ရက်တွင် ဆိပ်ဖြူကြက်သွန်နီ တစ်ပိဿာ ၅၅၀-၆၉၅-၇၃၀-၇၆၀ ကျပ်နှုန်းရှိခဲ့ပြီး ဒီဇင်ဘာ ၄ ရက်တွင် ၁၄၅၀-၁၆၅၀-၁၇၅၀-၁၈၅၀ နှုန်းထိ ဈေးမြင့်ခဲ့ကြောင်း၊ ယင်းဒီဇင်ဘာ ပထမပတ်အတွင်း ကြက်သွန်နီဈေးနှုန်း တစ်ရက်လျှင် တစ်ပိဿာ ကျပ် ၃၀၀ အထိ အတက်အကျဖြစ်ခဲ့သည်ဟု အဝယ်တော်များက ဆိုသည်။

၂၀၁၀ နှစ်လယ်ပိုင်းတွင် ကြက်သွန်နီတစ်ပိဿာ ငွေကျပ် ၁၇၀-၂၅၀ အတွင်းသို့ ဈေးကျခဲ့သော်လည်း နှစ်ကုန်ပိုင်းတွင် တစ်ပိဿာ ၆၅၀- ၇၅၀- ၈၀၀-၈၅၀ နှုန်းသို့ ပြန်လည်မြင့်တက်ခဲ့ကြောင်း သိရသည်။ ၂၀၁၂ နှစ်ကုန်ပိုင်း ကြက်သွန်နီဈေးကောင်းခဲ့၍ နွေကြက်သွန်စိုက်ပျိုးသူ များပြားပြီး အထွက်နှုန်းပိုခဲ့ကြောင်း၊ အိန္ဒိယတွင် ဩဂုတ်နှင့် စက်တင်ဘာလတွင် ကြက်သွန်နီအသစ် ထွက်ပေါ်မည်ဖြစ်ရာ ပြည်ပဈေး တစ်တန်(ပိဿာ ၆၁၂) ဒေါ်လာ ၆၅၀ နှုန်းဝန်းကျင်ဖြစ်နေရာမှ ပြန်ကျနိုင်ကြောင်း သိရသည်။

ပြည်ပမှတင်သွင်းလာသော စားအုန်းဆီ FOBဈေးနှုန်း တစ်တန်လျှင် ဩဂုတ် ၂ ရက်တွင် ၇၉၅ ဒေါ်လာဖြင့် ပြည်ပမှတင်သွင်းလာသော ဆိပ်ကမ်းရောက် အရင်းဈေးနှုန်းမှာ ငွေလဲနှုန်း ၉၈၇ ကျပ်ဖြင့် တစ်ပိဿာလျှင် ၁၅၁၅ ကျပ် ဖြစ်ခဲ့သော်လည်း ဩဂုတ် ၂၀ ရက် FOB ဈေးနှုန်း ၈၀၅ ဒေါ်လာ ဖြစ်လာချိန်တွင် ငွေလဲနှုန်း ၉၇၁ ကျပ် အရင်းဈေး တစ်ပိဿာ ၁၄၆၉ ကျပ်သာရှိကြောင်း၊ FOB ဈေးနှုန်းမြင့်တက်လာသော်လည်း အရင်းဈေးများ ကျဆင်းလာသည်ကို ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းရုံးမှ ထုတ်ပြန်သော ပြည်ပစားအုန်းဆီ နေ့စဉ်ဈေးနှုန်းစာရင်းများအရ သိရသည်။ ပြည်တွင်းစားအုန်းဆီ လက်ကားဈေးနှုန်းများမှာ ဩဂုတ်၂ ရက်တွင် တစ်ပိဿာ ကျပ် ၁၅၅၀၊ ဩဂုတ် ၁၆ ရက်တွင် ၁၅၂၅-၁၅၃၀ ကျပ်၊ ဩဂုတ် ၂၀ ရက်တွင် ၁၅၁၅ ကျပ်နှုန်းရှိနေကြောင်း ဆီဈေးကွက်မှ သိရသည်။ စားအုန်းဆီ ဆိပ်ကမ်းရောက် တစ်ပိဿာအရင်းဈေးနှုန်းမှာ ကျပ် ၁၄၆၀ ဝန်းကျင်တွင် ရှိနေသည့်အတွက် ပြည်တွင်း လက်ကားဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၁၅၀၀ အောက် ကျဆင်းနိုင်ကြောင်း၊ ဩဂုတ်တတိယပတ်အထိ သုံးပတ်တာကာလအတွင်း ပြည်ပမှ စားအုန်းဆီ တန်ချိန် နှစ်သောင်းကျော် ဝင်ရောက်ခဲ့ကြောင်း ပြည်ပသင်္ဘောကြီးကုန်ချ စာရင်းများအရ သိရသည်။ **ခင်ဆိုင်**

ကုန်အမှတ်တံဆိပ်သတိပေးတားမြစ်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ အဝေရာလမ်း၊ အမှတ်(၁၄)ရှိ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသည့် Myanmar Alliance Marketing Co.,Ltd. သည် အောက်ဖော်ပြပါ "Monster X" ကုန်အမှတ်တံဆိပ်၏တစ်ဦးတည်းပိုင်ရှင်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မှတ်ပုံတင်စာချုပ်အမှတ်-၅၂၈၀/၂၀၁၃

အထက်ပါ ကုန်အမှတ်တံဆိပ်ကို Int'l Class 12 တွင် ပါဝင်သော မော်တော်ဆိုင်ကယ်အပိုပစ္စည်းများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ထုတ်လုပ်အသုံးပြုလျက်ရှိပါသည်။

အဆိုပါ တံဆိပ်အမှတ်အသားကို တစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ အတုအပပြုလုပ်ခြင်း၊ ပုံတူကူးချခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ ပိုင်ရှင်၏ခွင့်ပြုချက်မရရှိဘဲ တုပသုံးစွဲရောင်းချခြင်းများတွေ့ရှိပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဝင်းမူတင် M.A,H.G.P,D.B.L,M.A(Business Law)
လိုင်စင်အမှတ်(၁၉၂၇၆)၊ စာတိုက်သေတ္တာအမှတ်(၆၀)၊
အမှတ်-၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့

ငါးရစ် ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

စက်မှုဝန်ကြီးဌာန
အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း
တာယာများအကျိုးတူရောင်းချဖြန့်ဖြူးလိုသူများအားဖိတ်ခေါ်ခြင်း

အမှတ်(၂)ကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ အမှတ်(၂၁)အကြီးစားစက်ရုံ(သံဖြူ)နှင့် အမှတ်(၂၂)အကြီးစားစက်ရုံ(ဘီလင်း)တို့မှထုတ်လုပ်သည့် မော်တော်ယာဉ်တာယာ (BIAS TYRE & RADIAL TYRE)များကို ဈေးကွက်အတွင်း ကျယ်ပြန့်စွာ ရောင်းချဖြန့်ဖြူးရန်အတွက် ပြည်တွင်း/ပြည်ပမှ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွားရန် အစီအစဉ်ရှိပါသည်။

အကျိုးတူရောင်းချဖြန့်ဖြူးရန် စိတ်ပါဝင်စားသူများအနေဖြင့် စိတ်ပါဝင်စားမှုဖော်ပြခြင်း အဆိုပြုလျှောက်လွှာ(Expression of Interest)တွင် လုပ်ကိုင်ဆောင်ရွက်လိုသော အချက်အလက်များအား အဆိုပြုဖော်ပြ၍ လက်ရှိမိမိတို့၏လုပ်ငန်း၊ ကုမ္ပဏီဆိုင်ရာအထောက်အထားများနှင့်အတူ အောက်ပါလိပ်စာသို့(၃၀-၈-၂၀၁၃)ရက်နေ့ (၁၆:၀၀)နာရီ နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့ရန် ဖိတ်ခေါ်အပ်ပါသည်။

အဆိုပြုလွှာပေးပို့လာသည့် စိတ်ပါဝင်စားသူလုပ်ငန်းရှင်များအား ဌာနမှဖိတ်ခေါ်တွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်နိုင်မည့် အခြေအနေအား ရှင်းလင်းညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက အောက်ပါအတိုင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အမှတ်(၂၁)အကြီးစား စက်ရုံ၊မွန်ပြည်နယ်၊သထုံမြို့၊ကြာပန်းကျေးရွာအနီး၊
ရန်ကုန်–ဘားအံကားလမ်း၊မိုင်တိုင်အမှတ်(၁၅၆)။
ဖုန်း– ၀၉-၄၃၀၀၅၈၉၅၊၀၉-၄၃၀၀၅၈၉၆၊
၀၉-၂၅၅၇၀၄၇၈၁၊၀၉-၄၉၈၁၅၉၄၂

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၁၊ မြေကွက်အမှတ် (၂၉၀၂+၂၉၀၃)၊ မြေကွက်တည်နေရာအမှတ် (၂၉၀၂+၂၉၀၃)၊ (၆၁)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် ဦးကျော်ဟန် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကျော်ဟန်ထံမှ တရားနိုင် ဦးဇော်ဝင်းထွန်းက တရားမဓာရီအမှုအမှတ် (၂၅/၂၀၁၂)၊ဒဂုံမြို့သစ်(တောင်ပိုင်း)တရားရုံး၏ တရားမကြီးမှုအမှတ် (၅၄/၂၀၁၂)ဖြင့် အနိုင်ရရှိပြီး တရားရှုံး ဦးကျော်ဟန် ကိုယ်စား ဘိလစ် ဒေါ်ကြည်ကြည်စန်း ၁၄/လမန(နိုင်)၀၀၄၁၅၂ က အရောင်းမြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လူပျောက်ကြော်ငြာ

အထက်ပါဓာတ်ပုံရှင် ဦးစိန်သောင်း၏ သား မောင်သန်းထွန်း ၁၂/ဗတထ(နိုင်) ၀၃၃၅၆၅သည် ၂-၈-၂၀၁၃ ရက် ၁၅:၀၀ နာရီတွင် နေအိမ်မှထွက်သွားရာ ပြန်မလာ ပျောက်ဆုံးနေပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဦးစိန်သောင်း
ဖုန်း-၀၉-၄၄၉၀၀၁၉၁၉

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၁၊ မြေကွက်အမှတ် ၂၈၈၄+၂၈၈၅၊မြေကွက်တည်နေရာအမှတ် ၂၈၈၄+၂၈၈၅၊ (၆၁)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် ဒေါ်ချိုချို အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ချိုချိုထံမှ တရားနိုင် ဦးဇော်ဝင်းထွန်းက တရားမဓာရီအမှုအမှတ် ၂၆/၂၀၁၂၊ဒဂုံမြို့သစ်(တောင်ပိုင်း)တရားရုံး၏ တရားမကြီးမှုအမှတ် ၅၅/၂၀၁၂ ဖြင့် အနိုင်ရရှိပြီး တရားရှုံး ဒေါ်ချိုချို ကိုယ်စား ဘိလစ်ဒေါ်ကြည်ကြည်စန်း ၁၄/လမန(နိုင်)၀၀၄၁၅၂ က အရောင်းမြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမြန်လမ်း အရေးပေါ်ရှေးဦးပြုစုခြင်းစခန်းအတွက် စင်ကာပူ ကြက်ခြေနီအသင်းက လူနာတင်ယာဉ်လှူဒါန်း

မိတ္ထီလာ ဩဂုတ် ၂၁

မိတ္ထီလာမြို့ သီးကုန်း ၂၈၅ မိုင် ယာဉ်ရပ်နားစခန်းအနီးတွင် ဖွင့်လှစ်မည့် ရန်ကုန်-မန္တလေးအမြန်လမ်း အရေးပေါ် ရှေးဦးပြုစုခြင်းစခန်းအတွက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ အစီအစဉ်ဖြင့် စင်ကာပူနိုင်ငံ ကြက်ခြေနီအသင်းက ခေတ်မီလူနာတင်ယာဉ်တစ်စီးကို ဩဂုတ်လ ပထမအပတ်အတွင်းက ပေးပို့ထောက်ပံ့လှူဒါန်းကြောင်း သိရသည်။ **(အောက်ပုံ)**

"မြန်မာနိုင်ငံကြက်ခြေနီအသင်းရုံးချုပ်နဲ့ စင်ကာပူနိုင်ငံ ကြက်ခြေနီအသင်းတို့ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တစ်ခုအနေနဲ့ ပေးပို့လှူဒါန်းတာပါ။ အဓိက ရည်ရွယ်ချက်ကတော့ အမြန်လမ်းပေါ်မှာ ယာဉ်မတော်တဆမှုတွေ ဖြစ်ပွားတဲ့အခါ အရေးပေါ်ရှေးဦးပြုစုခြင်းလုပ်ငန်း ဆောင်ရွက်ပြီး လူနာတွေကို အချိန်မီ နီးစပ်တဲ့ သက်ဆိုင်ရာဆေးရုံ၊ ဆေးကုသတဲ့ဌာနကို ပို့ဆောင်ပေးနိုင်ဖို့ ရည်ရွယ်ပြီး လှူဒါန်းပါတယ်။ အခုလှူဒါန်းတဲ့ လူနာတင်ယာဉ်မှာ ဟိုက်ဒရောလစ်စနစ်သုံး လူနာအတင်အချစင်နဲ့ အရန်စင်တစ်ခု၊ အောက်ဆီဂျင်ဘူး၊ ရှေးဦးပြုစုခြင်းလုပ်ငန်းသုံး အထောက်အကူပြု ဆေးပစ္စည်းကိရိယာမျိုးစုံအပြင် လိုအပ်တဲ့ လျှပ်စစ်မီး အလင်းရောင်ရရှိနိုင်မယ့် ဘက်ထရီအိုးကြီးနဲ့ အင်ဗာတာ စတဲ့ ပစ္စည်းတွေလည်း ပါဝင်ပါတယ်။ ဟိုင်းအေ့စ် အမျိုးအစားပါ။ ယာဉ်အမှတ် YGN- 5E- 1410 ဖြစ်ပါတယ်။ ဒီယာဉ်ကို အမြန်လမ်းမှာ ယာဉ်မတော်တဆမှုများ ဖြစ်တဲ့အခါမှာ အရေးပေါ်လူနာတင်ယာဉ်အဖြစ်သာ သီးသန့်အသုံးပြုသွားမှာဖြစ်ပါတယ်" ဟု မိတ္ထီလာ ကြက်ခြေနီတပ်ဖွဲ့ ဦးစီးမှူး ဒုတိယတန်း ဦးနေဦးက ပြောပြသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်ရှိ မိတ္ထီလာခရိုင်ဧရိယာအတွင်း ပျော်ဘွယ်-မိတ္ထီလာနယ်စပ် မိုင်တိုင်အမှတ် ၂၇၆ နှင့် ဝမ်းတွင်း-မြစ်သားနယ်စပ် ပြင်စည်ကျေးရွာ မိုင်တိုင်အမှတ် ၃၁၈ အကြား၌ ယာဉ်မတော်တဆမှုများ ဖြစ်ပွားသည့်အခါ ရှေးဦးပြုစုခြင်းစခန်းနှင့် ဆက်သွယ်ပြီး အရေးပေါ်လူနာတင်ယာဉ် လိုအပ်လျှင် ဦးစီးမှူး ဒုတိယတန်း ဦးနေဦး ဖုန်း-၀၉-၂၂၀၁၉၆၂၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ရုံး ၀၆၄-၂၃၀၃၇၊ ၀၆၄-၂၅၄၇၄ ကို ဆက်သွယ် အကူအညီတောင်းခံနိုင်သည်။ ရှေးဦးပြုစုခြင်းစခန်းမြေနေရာရရှိပြီး အဆောက်အအုံတည်ဆောက် ပြီးစီးမှုမရှိသေးသော်လည်း အရေးပေါ်လူနာတင်ယာဉ်နှင့် ရှေးဦးပြုစုခြင်းလုပ်ငန်း အကူအညီပေးခြင်းများကို ယခုအချိန်တွင် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

လေပြင်းတိုက်ခတ်မှု ခေါဇမြို့နယ်၌ဖြစ်ပွား

ရေး ဩဂုတ် ၂၁

ဩဂုတ် ၂၀ ရက် နံနက် ၅ နာရီခန့်တွင် ရေးမြို့နယ် ခေါဇမြို့နယ်ခွဲ ခေါဇမြို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် ခြောက်ခန်းတွဲပါ ဝန်ထမ်းအိမ်ရာ အမိုးများ လွင့်စဉ်သွားခဲ့ပြီး**(အပေါ်ပုံ)**ဝန်ထမ်းအိမ်ရာရှိ အခန်းသုံးခန်းမှ သွပ်အချပ် ၆၀ လန်သွားခဲ့ကြောင်း သိရသည်။

နေမျိုးထွန်း(ရေး)

တာချီလိတ်၌ သေနတ်ဖြင့်ပစ်ခတ်ထွက်ပြေး

တာချီလိတ် ဩဂုတ် ၂၁

တာချီလိတ်မြို့ ဆန်ဆိုင်းရပ်ကွက် ဒေါ်မိုတ်တုတ် အိမ်ခန်းငှားတွင် ဩဂုတ် ၁၈ ရက် သန်းခေါင်အချိန်က အသံကြားရာသို့ သွားကြည့်ရာ သေနတ်ဒဏ်ရာဖြင့် သေဆုံးနေသူ စိုင်းယီတစ်ကို တွေ့ရှိရပြီး သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးသွားသူအား စုံစမ်းဖော်ထုတ်ပေးရန် ဩဂုတ် ၁၉ရက်က တိုင်တန်းမှုပြုခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တာချီလိတ်မြို့ ဆန်ဆိုင်း (ခ)ရပ်ကွက်၊ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးမျိုးဇော်ခိုင်က ဒေါ်မိုတ်တုတ် အိမ်ခန်းငှား၊ အခန်းအမှတ်(၁)၌ အသံများကြားသဖြင့် သတင်းပို့ချိန်၌ အခန်းဖွင့်မရကြောင်း တယ်လီဖုန်းဖြင့်အကြောင်းကြားချက်အရ တာချီလိတ်မြို့မရဲစခန်းမှ သက်သေများနှင့်အတူ အထက်ပါနေအိမ် လိုင်းခန်းငှားအခန်းသို့ သွားရောက်ပြီး သော့ဖွင့်၍ ဝင်ရောက်စစ်ဆေးရာ အိပ်ခန်းကြမ်းပြင်ပေါ်တွင် ယာနားအောက် ဖောက်ဝင်ဒဏ်ရာ တစ်ချက်နှင့် ဝဲမေးရိုးအောက် ဖောက်ထွက်ဒဏ်ရာ တစ်ချက်တို့ဖြင့် ပက်လက်အနေအထား သေဆုံးနေသည့် စိုင်းယီတစ်(၃၁နှစ်)ကို စစ်ဆေးတွေ့ရှိရသည်။

တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်လှစ်၍ အမှုမှ ထွက်ပြေးသွားသူကို စုံစမ်းဖော်ထုတ်ဖမ်းဆီးရေးအတွက် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

(လ/၀၁၅)

ဒုတိယကမ္ဘာစစ်လက်ကျန် ဗုံးသီးဟောင်းတစ်လုံးတွေ့ရှိ

ရှာင် ဩဂုတ် ၂၁

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာင်မြို့နယ် ဒုတ္တိုးရေကျေးရွာအဝင် လမ်းမြောက်ဘက် တောင်စောင်းအဆင်းကိုက် ၃၀၀ ခန့်အကွာ၌ ဩဂုတ် ၁၉ ရက် နံနက် ၈ နာရီက ဦးဟန်ထွန်း၏ သံပရာခြံနှင့် လက်ဖက်ခြံအတွင်း ခြံရှင်းလင်းရေးဆောင်ရွက်စဉ် အလျား ၁ ပေခန့်ရှိ သံချောင်းတစ်ချောင်း မြေကြီးပေါ်ထောင်နေသဖြင့် ဆွဲနုတ်ရာ နုတ်မရ၍ တွင်းတူးကြည့်ရာ အလျား ၃ ပေ ၃ လက်မ၊ အချင်း ၃ ပေ ၆ လက်မခန့်ရှိ သံချေးတက်နေသော ဒုတိယကမ္ဘာစစ် လက်ကျန်ဗုံးသီးဟောင်းတစ်လုံး တွေ့ရှိခဲ့ကြောင်း သိရသည်။

ထွန်းထွန်းဝင်း(ရှာင်)

ပြည်တွင်းသတင်းနှင့်ဓာတ်ပုံ

မူဆယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းကြပ်မတ်

မူဆယ် ဩဂုတ် ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့သည် တရုတ်နိုင်ငံ ရွှေလီ (ကျယ်ဂေါင်)မြို့နယ်နှင့် ဆက်စပ်နေပြီး နေ့စဉ် ခရီးသွားပြည်သူ များပြားလျက်ရှိသည်။ နယ်စပ်ဒေသ မော်တော်ယာဉ်မျိုးစုံဖြင့် စည်ကားလျက်ရှိသော်လည်း မြို့တွင်းလမ်းမ၊ လမ်းသွယ်များ ကျဉ်းလွန်းနေခြင်း၊ ခရီးသွားပြည်သူများကလည်း လမ်းစည်းကမ်း မသိနားမလည်ခြင်း၊ မော်တော်ယာဉ်မျိုးစုံမောင်းသူများ (အချို့)ကလည်း စည်းကမ်းမဲ့ မိမိဆန္ဒတစ်ခုတည်းကိုသာ ဦးစားပေး မောင်းနှင်နေခြင်းကြောင့် မကြာခဏ ယာဉ်ကြိုး၊ ယာဉ်ငယ်၊ ဆိုင်ကယ်တိုက်မှု ဖြစ်နေရသည်။ ထို့ကြောင့် ဩဂုတ် ဒုတိယပတ်မှစတင်ပြီး မြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က မူဆယ်မြို့တွင်း ယာဉ်မျိုးစုံ၊ သုံးဘီးတက္ကစီများ၊ ဆိုင်ကယ်ဦးထုပ်မဆောင်းဘဲ သွားလာနေသူများကို စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိရာ ယခုအခါ လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းလိုက်နာလျက် သွားလာခြင်း၊ သိသိသာသာ စည်းကမ်းရှိ တိုးတက်လာကြောင်း သိရသည်။ မြို့လယ်နာရီစင် လူစည်ကားရာတွင် စတိုးဆိုင်ဖွင့်သူ ပြည်သူတစ်ဦးက "နေ့တိုင်းနေ့တိုင်း စည်းကမ်းထိန်းသိမ်းရေး အဖွဲ့က ကြပ်မတ် အရေးယူမှုဆောင်ရွက်တဲ့အခါ သွားလာရတာ ပိုကောင်းမွန်ပြီး စိတ်ချမ်းသာရတယ်၊ စည်းကမ်းမဲ့မောင်းသူ မြို့ထဲမလာရဲတော့ ဈေးသွား ဈေးလာဝယ်သူ အန္တရာယ်ကင်းတယ်"ဟု ပြောကြားသည်။

အယ်လ်စိုး(iprd)

ဩဂုတ် ၁၈ ရက်က ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ဇေယျာဝတီမြို့အတွင်းရှိ ဟောင်းနွမ်းသောသစ်သားဓာတ်တိုင်များကို ကွန်ကရစ်တိုင်ဖြင့်အစားထိုးလဲလှယ်ရန် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ကြစဉ်။

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂၊ မြေကွက်အမှတ် ၁၁၇၄၊ ဧရိယာအကျယ်အဝန်း စတုရန်းပေ ၂၄၀၀၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧက၊ အကျယ်အဝန်း ပေ ၄၀×ပေ ၆၀ ရှိ ဦးထွန်းလှအမည်ပေါက် မြေချပါမစ်မူရင်းနှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အမှတ် ၁၁၇၄၊ ရွှေပြည်သာ ၅ လမ်း၊ ၃၂ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား လက်ဝယ်ပိုင်ဆိုင်နေထိုင်သူ ဒေါ်လွင်လွင်ငြိမ်း ၁၂/ဒဂန(နိုင်)၀၁၀၀၈၀ နှင့် ဦးကျင်သိန်း ၁၂/တမန(နိုင်)၀၇၀၉၁၉ တို့သည် မူလအမည်ပေါက် ဦးထွန်းလှထံမှ အဆက်အစပ်စာချုပ်များအရနှင့် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၇-၂-၂၀၀၁ ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၅၅၄/၂၀၀၁ ကို ဦးထွန်းလှမှ ဦးကျင်သိန်းသို့ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအရသော်လည်းကောင်း၊ ၂၄-၁၁-၂၀၀၅ ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၈၅၃၅/၂၀၀၅ အရ ဦးထွန်းလှမှ ဦးအောင်ငွေးသို့ လွှဲအပ်ထားသော ကိုယ်စားလှယ်လွှဲစာအရနှင့် ဒေါ်အုန်းသန်းမှ ဒေါ်လွင်လွင်ငြိမ်းသို့ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၈၄၉၂/၂၀၁၀ ၏ ၆-၈-၂၀၁၀ ရက်စွဲပါ ကိုယ်စားလှယ်လွှဲစာများအရနှင့် ဦးထွန်းလှ၏ မြေချပါမစ်မူရင်း လက်ဝယ်ရရှိပိုင်ဆိုင်နေထိုင်သူများမှ အပြီးအပိုင်ရောင်းချရန် သဘောတူညီသဖြင့် ကျွပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်လတ်(LL.B)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၄၉၂၉)
အခန်း ၅၊ တိုက် ၅၅၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၆၈၃၁၇၊ ၀၉-၄၂၀၀၆၁၅၆၉

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ တိုက်အမှတ် (B)၊ အခန်းအမှတ် ၁၀၀၄၊ ဒသမထပ်အခန်းသည် ဦးစောဘလထူး အမည်ဖြင့်ရှိသော တိုက်ခန်းဖြစ်ပါသည်။ ယင်းအခန်း၏တိုက်ခန်းပိုင်ဆိုင်မှု မှတ်ပုံတင်စာအုပ်မူရင်းပျောက်ဆုံးသွားပါသဖြင့် ဦးစောဘလထူး ၁၂/သဃက(နိုင်)၀၅၅၈၁၂ ထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဒေါ်ကေခိုင်မျိုး ၁၂/ကမရ(နိုင်)၀၁၃၉၅၉ က ပိုင်ဆိုင်မှုစာအုပ် ပြန်လည်ထုတ်ပေးပါရန် လျှောက်ထားခြင်းအား ကန့်ကွက်လိုပါက မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)သို့ ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ပြင်ဆင်ဖတ်ရှုပါရန်

၁၁-၈-၂၀၁၃ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ (၁၈)တွင်ပါရှိသော ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဖဒိုကျေးရွာ သစ်ဦးအောင်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း လီမိတက်ပိုင် မြေလွတ်မြေကွက် ၀ ဒသမ ၆၁ ဧကအား ထုခွဲရောင်းချရန် အိတ်ဖွင့်လေလံခေါ်ယူခြင်း ကြော်ငြာပါ အိတ်ဖွင့်လေလံရောင်းချမည့်ရက် ၂၆-၈-၂၀၁၃ ရက် (အင်္ဂါနေ့)အစား ၂၆-၈-၂၀၁၃ ရက် (တနင်္လာနေ့)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

သွေးသည် အသက်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝဇီရာ ၂ လမ်း၊ မြေကွက်အမှတ် ၁၉၉၁/၂၊ အလျားပေ ၂၀×အနံ ပေ ၆၀ ပေါ်ရှိ ဒေါ်ကျင်စိန် ဂရန်အမည်ပေါက်သော အိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိသူ ကိုနိုင်ဝင်း ၅/တဆန(နိုင်)၀၇၂၈၈၀ ထံမှ ဆက်စပ်စာချုပ်များဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား စပ်ဆိုင်သူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအေးသီ	ဒေါ်ချိုသဲလွင်	ဒေါ်အိသူနွယ်စိုး
(B.A,R.L)	(LL.B,D.I.L)	(LL.B,LL.M)
တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ
(စဉ်-၇၈၃၈)	(စဉ်-၈၆၈၄)	(စဉ်-၈၇၄၈)
ဖုန်း-၀၉-၅၁၈၀၁၂၀	၀၉-၇၃၀၆၃၃၈၈	၀၉-၇၃၉၀၁၇၀၇

ရှေ့နေများရုံးခန်း၊ စုပေါင်းရုံးကြီးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

နိုင်ငံတကာအားကစားသတင်း

မိုယက်စ် နဲ့ မော်ရင်ဟို စီးချင်းထိုးမယ့်ပွဲ

မိုးမြင့်လင်းလက် ရေးသားသည်

ပရီမီယာလိဂ်ပွဲစဉ် (၂)ကို ဩဂုတ် ၂၄ ရက်နဲ့ ၂၅ ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်ကြပါလိမ့်မယ်။ ဒီတစ်ပတ်ပွဲစဉ်တွေမှာ နည်းပြသစ်တွေ ကိုယ်စီနဲ့ပွဲထွက်လာတဲ့ မန်ယူနဲ့ ချယ်လ်ဆီးတို့ကတော့ ပရိသတ်တွေ စိတ်ဝင်စားမှုအရှိဆုံး ပွဲစဉ်အဖြစ် ပရိသတ်တွေ အာရုံစိုက်ခြင်းခံရမယ့်ပွဲပါပဲ။ ဒါ့အပြင် ဗီလာကွင်းမှာ ကစားရမယ့် လီဗာပူးနဲ့ ဖူလ်ဟမ်ကွင်းမှာ သွားရောက်ယှဉ်ပြိုင်ရမယ့် အာဆင်နယ်တို့ပွဲတွေကလည်း ရင်ခုန်စရာကောင်းတာတော့ အမှန်ဖြစ်နေပါတယ်။

မန်ယူနှင့် ချယ်လ်ဆီး

အိုးထရက်ဖို့ဒ် ကွင်းမှာတော့ မိုယက်စ်နဲ့ မော်ရင်ဟိုတို့ စီးချင်းထိုးရမယ့် ပွဲပါပဲ။ မန်ယူကွင်းမှာ ကစားတိုင်း ချယ်လ်ဆီးတို့ အပြင်းအထန်ရုန်းကန်ခဲ့ရပြီး ရှုံးပွဲများခဲ့တဲ့ မှတ်တမ်းတွေ ရှိထားပါတယ်။ ဒါပေမယ့် မော်ရင်ဟိုကိုင်တွယ်တဲ့ ချယ်လ်ဆီးကို မန်ယူတို့ အသက်ရှူမှားအောင် ရင်ဆိုင်ခဲ့ရတာလည်း ငြင်းလို့မရနိုင်ပါဘူး။

ဒီနှစ်ပရီမီယာလိဂ် တာအတွက်မှာ အပြိုင်ခြေစွမ်းပြနိုင်တဲ့ အသင်းတွေမှ အများမခံတဲ့ အနေအထားရှိပြီး တိုက်စစ်အားထုတ်မှုအပိုင်းမှာ မန်ယူတို့သာလွန်မှုရှိတာတော့ သေချာပါတယ်။ မန်ယူမှာ အက်ရှ်လေယန်း၊ ရာဖေးလ်၊ ဟာနန်ဒက်ဇ်၊ နာနီ၊ ဖလက်ချာတို့ ဒဏ်ရာတွေ ရရှိထားတာမို့ ပါဝင်ကစားနိုင်ဖို့ မသေချာပါဘူး။ ချယ်လ်ဆီးကတော့ ကာလူး တစ်ဦးတည်းသာ ဒဏ်ရာရနေတာကြောင့် မန်ယူတို့အတွက် အကျပ်အတည်းနဲ့ ရင်ဆိုင်ရဖို့ ရှိနေပါတယ်။

ပရီမီယာလိဂ်ပွဲစဉ် (၁)၌ မန်ယူမှ ဗန်ပါစီနှင့် ဆွမ်ဆီးနောက်ခံလူတို့ ဘောလုံးယှဉ်လုစဉ်။

မန်ယူကို ကိုင်တွယ်ပြီး ချယ်လ်ဆီးကိုရင်ဆိုင်ဖူးတဲ့ အတွေ့အကြုံ မိုယက်စ်မှာ မရှိပေမယ့် ချယ်လ်ဆီးကို တာဝန်ယူပြီး မန်ယူကို ရင်ဆိုင်ဖူးတဲ့ အတွေ့အကြုံက မော်ရင်ဟိုမှာ ရှိပြီးသားမို့ နည်းပြပိုင်းမှာ ချယ်လ်ဆီးအတွက် အားသာချက်ရှိနေတာတော့ အမှန်ပါပဲ။ ဒီပွဲရလဒ်ဟာ နှစ်သင်းစလုံးအတွက် ညီမျှခြင်း ကျသွားနိုင်ပေမယ့် အကြိုက်ကတော့ မန်ယူဖြစ်တာမို့ မဖြစ်မနေ အားပေးရမယ့် ပွဲဖြစ်ပါတယ်။

ဗီလာနှင့် လီဗာပူး

အက်စ်တွန်ဗီလာရဲ့ ဗီလာပါ့ခ် ကွင်းမှာတော့ ကြိုးကြာနီတို့တောင်ပံခတ်နိုင်ပါ့မလားဆိုတာ စဉ်းစားစရာပါပဲ။ ပြီးခဲ့တဲ့အဖွင့်ပွဲစဉ်မှာ အာဆင်နယ်ကို သူ့ကွင်းသူ့ပရိသတ်တွေရှေ့မှာ သင်ခန်းစာပေးပြီး ဗီလာတို့ အနိုင်ယူခဲ့တာမို့ ဒီပွဲမှာ လီဗာပူးပရိသတ်တွေ ရင်ပူစရာတော့ အမှန်ပါပဲ။

လီဗာပူးရဲ့ အားထားရတဲ့ တိုက်စစ်မှူး ဆွာရက်ဇ်ဟာ ပွဲပယ်ပြစ်ဒဏ်ကြောင့် မပါဝင်နိုင်တာမို့ ဂျရတ်၊ တော်တင်ဟိုနဲ့ စတားရစ်ချ်တို့အုပ်စုကို အမာခံနဲ့ ပွဲထွက်လာဖို့ရှိပါတယ်။ တန်ပြန်တိုက်စစ်အားကိုးမယ့် ဗီလာအပေါ် လီဗာပူးတို့ ဘယ်လိုကျော်ဖြတ်မလဲကြည့်ရမှာပါ။ လီဗာပူးနည်းပြရော်ဂျာရဲ့ ပုံသွင်းမှုက ရလဒ်အပြောင်းအလဲကို ဖြစ်ပေါ်စေပါလိမ့်မယ်။

ကာဒစ်နှင့် မန်စီးတီး

တန်းတက်ကာဒစ်ရဲ့ ခြေစွမ်းက အိမ်ကွင်းမှာ ဘယ်လောက်မာကျောမလဲကြည့်ရမှာပါ။ မန်စီးတီးရဲ့ ကစားအားကို ကာဒစ်ခံစစ်မှူးတွေ တောင့်ခံဖို့ သိပ်မလွယ်ပေမယ့် အိမ်ကွင်း အားထုတ်ကောင်းတဲ့ ကာဒစ်ကို မန်စီးတီးတို့ ပေါ့ပေါ့ဆဆကစားလို့ မရနိုင်ပါဘူး။ မန်စီးတီးအတွက် အမှတ်ပြည့်ရယူအောင် ကြိုးစားမယ့်ပွဲပါပဲ။

ဖူလ်ဟမ်နှင့် အာဆင်နယ်

ချန်ပီယံလိဂ် ခြေစစ်ပွဲကြောင့် ပွဲပန်းပြီး ဒဏ်ရာရကစားသမားတွေကြောင့် နည်းပြအာစင်ဝင်းဂါး ခေါင်းပူနေပါတယ်။ ဆက်ဂ်နာ၊ ရိုဆစ်စကီး၊ ရမ်ဆေး၊ မွန်ရီရယ်၊ ဗာမေလန်၊ အာတီတာနဲ့ ဒီယာဘီတို့ အာဆင်နယ်မှာ ဒဏ်ရာရနေကြတာမို့ ဒီပွဲမှာလည်း နည်းပြဝင်းဂါး ရင်မောရပါဦးမယ်။

ဘရာဇီးကွင်းလယ်ကစားသမားဝီလျံ စပါးက ပေါင်သန်း ၃၀ ဖြင့် ခေါ်မည်

စပါးက ဘရာဇီးကွင်းလယ်ကစားသမား ဝီလျံကို ရုရှားကလပ် အင်ဇီအသင်းမှ ပေါင်သန်း ၃၀ ဖြင့် ခေါ်ယူစာချုပ်ချုပ်ရန်ဆွေးနွေးနေပြီ ဖြစ်သည်။ အသက်၂၅ နှစ်ရှိ ဝီလျံကို လီဗာပူးကလည်း ခေါ်ယူရန် စိတ်ဝင်စားနေသည်။ ဝီလျံအနေဖြင့် ၎င်း၏အနာဂတ်နှင့်ပတ်သက်ပြီး မကြာမီ ဆုံးဖြတ်ချက်ချလိမ့်မည်ဟုဆိုသည်။ စပါးက ၎င်းအား စာချုပ်ခဲ့လျှင် ယခုနှစ်တွင် စပါးက ခေါ်ယူခဲ့သည့် စံချိန်တင်ပြောင်းရွှေ့ကြေး တတိယမြောက်အများဆုံး ကစားသမားဖြစ်လာမည်ဖြစ်သည်။ စပါးအသင်းသည် ဇူလိုင်လက ဘရာဇီးကွင်းလယ်ကစားသမား ပေါ်လင်ဟိုကို ပေါင် ၁၇ သန်းဖြင့် ကိုရင်သီယန်အသင်းမှ ခေါ်ယူခဲ့သည်။ ယခုလအစောပိုင်းကလည်း တိုက်စစ်မှူး ရောဘတ်တို ဆိုလ်ဒါဒိုကို ပေါင် ၂၆ သန်းဖြင့် ဗလင်စီယာမှ ခေါ်ယူခဲ့သည်။

စင်စင်နာတီဖလားဆွတ်ခူးပြီးနောက် ရာဖေးလ်နာဒယ် ကမ္ဘာ့နံပါတ်နှစ် နေရာရောက်ရှိ

ရာဖေးလ်နာဒယ်သည် ဩဂုတ် ၁၈ ရက်က စင်စင်နာတီအိုးပင်းဖလားပြိုင်ပွဲတွင်အနိုင်ရဗိုလ်စွဲခဲ့ပြီးနောက် အမေရိကန်အိုးပင်းမတိုင်မီ အင်ဒီမာရေး၏ ကမ္ဘာ့နံပါတ်နှစ်နေရာကို လွှဲပြောင်းရယူလိုက်သည်။ ရာဖေးလ်နာဒယ်သည် လက်ရှိချန်ပီယံ အင်ဒီမာရေးကိုကျော်ပြီး လာမည့် ဩဂုတ် ၂၆ ရက်တွင် နယူးယောက်မြို့၌ ယူအက်စ်အိုးပင်းပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မာရေးသည် ကမ္ဘာ့နံပါတ်သုံးနေရာမှ ယှဉ်ပြိုင်မည်ဖြစ်သည်။ ရော်ဂျာဖက်ဒရားသည် ကမ္ဘာ့အဆင့်ခုနစ်သို့ ဆင်းသွားသည်။ ယင်းမှာ ၁၁ နှစ်အတွင်း အနိမ့်ဆုံးကျဆင်းမှုဖြစ်သည်။

ကောင်းမြတ်သူ-စုစည်းသည်

ဆရာအာသာ SUCCESS LANGUAGE ACADEMY
Y.W.C.A အမှတ်(၁၁၉)၊ ဘိုကလေးဈေးလမ်း၊ ရိုက်ဘောင်
202046, 392048, 256954, 09492249463

Basic English Speaking 7:30 - 9 Mon-Thurs 26/8, 2/9 3:30 - 5 Mon-Thurs 27 Aug 2 - 5:00 Sat+Sun 31 Aug 6 - 7:30 Mon-Thurs 3 Sep	Basic Grammar 7:30 - 9 Mon-Thurs 27 Aug 3:30 - 5 Mon-Thurs 16 Sep
	Intermediate Grammar 7:30 - 9 Mon-Thurs 2 Sep
Four Skills English (Basic) 6 - 7:30 Mon-Thurs 20 Aug 7:30-10:30 Sat+Sun 24 Aug 7:30 - 9 Mon-Thurs 27 Aug 1 - 2:30 Mon-Thurs 27 Aug	Basic Writing 1:30-3:30 Sat+Sun 31 Aug 3:30 - 5 Mon-Thurs 16 Sep
	Intermediate Writing 10-11:30 Mon-Thurs 2 Sep
Pre-Intermediate (4-Skill English) 2 - 5:00 Sat+Sun 31 Aug 7:30 - 9 Mon-Thurs 2 Sep 10-11:30 Mon-Thurs 11 Sep	IELTS Four Skills 7:30-9:30 Mon-Thurs 5 Aug 1 - 3:30 Mon-Thurs 19 Aug
Intermediate (Academic English) 7:30 - 9 Mon-Thurs 2 Sep 10-11:30 Mon-Thurs 10 Sep 3:30 - 5 Mon-Thurs 30 Sep	IELTS Exam Practice 3:30 - 5 Mon-Thurs 20 Aug
	IELTS Speaking 1 - 2:30 Mon-Thurs 9 Sep
Vocab Enrichment 3:30 - 5 Mon-Thurs 25 Aug	IELTS Reading 7:30-9:30 Mon-Thurs 20 Aug

Ph: 256954, 202046, 392048
SUCCESS MARITIME ACADEMY
O.O.W နှင့် Chief Mate
ECDIS နှင့် RADAR/ARPA
DMA အသိအမှတ်ပြုသင်တန်းများ
(Master Mariner, Fleetwood,U.K.),
H.N.D in Nautical Science(Fleetwood,U.K.)
Ph.D Instructor
20% Discount
သင်္ဘောဆိုင်ရာ သိစရာ
+ Marlins English
4:30-7:30 (Sat+Sun) Sep 7

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ဇော်ဝင်း ၁၂/ဗဟန(နိုင်)၀၈၃၈၁၀ ၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၃၁၀၇၃၃၈၁

ဥတုရာသီ တောကိုမှီ၏

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက် (၁၀)မိုင်၊ အောင်သုခလမ်း၊ အမှတ် (၇၈၉/အေ)နေ ဒေါ်ခင်ခင်အေး CJ -၀၂၈၆၇၀ ပိုင်ဆိုင်သော အလျား ၅၅ ပေ × အနံ ၈၅ ပေရှိ မြေကွက်နှင့် မြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ကျွန်တော် ဦးဝင်းဇော်လွင်(ဘ)ဦးဌေးလွင် ၁၂/မဂဒ(နိုင်)၀၇၅၅၉၈က အပြီးအပိုင်ဝယ်ယူရန် အတွက်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများယူ၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လိုသူမရှိပါက အထက်ဖော်ပြပါ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဝင်းဇော်လွင်(ဘ)ဦးဌေးလွင်
အမှတ် (ဘီ-၁၄)၊ ပိတောက်ဝါ ၂ လမ်း၊ FMI CITY,
လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၁၉၃၃၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတွင် အသုံးပြုရန် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

(က) လုံခြုံမှုစနစ်ပါဝင်သည့် ရောင်စုံပုံနှိပ်စက္ကူ 70 gsm Size A4 ရွက်ရေ ၅၀၀ ပါ (၁၀၀၀)ထုပ်

(ခ) စက္ကူဖြူ Wood Free 70 gsm Size A4 ရွက်ရေ ၅၀၀ ပါ (၁၀၀၀၀)ထုပ်

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၆-၈-၂၀၁၃ ရက်

တင်ဒါပိတ်မည့်ရက်၊ အချိန် - ၂-၉-၂၀၁၃ ရက်၊ ၁၅း၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ပြည်တွင်းအခွန်များဦးစီးဌာန၊ ငွေစာရင်း၊ စာရင်းအင်းနှင့်အထွေထွေဌာနခွဲ၊ ရုံးအမှတ် ၄၆၊ နေပြည်တော်တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၃၀၀၅၄ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ညွှန်ကြားရေးမှူး
ပစ္စည်းဝယ်ရေးအဖွဲ့

'ကံကောင်း'
အိမ်၊ ခြံ၊ မြေ အကျိုးဆောင်
သီလဝါ၊ ဖလမ်း၊ တပ်ရာကုန်း၊ စံချိန်မီ(၃)၊ (၂)၊ (၁)
အောင်ချမ်းသာတိုးချဲ့၊ V.I.P အကွက်များ၊ လုံးချင်းတိုက်များ
သန်လျင်၊ ကျောက်တန်းမြေကွက်များရောင်းဝယ်ရန်ရှိသည်။
(သန်လျင်၊ ကျောက်တန်း၊ သီလဝါသီးသန့်)
ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၈၅၅၉၉၊ ၀၉-၄၂၀၁၈၅၅၇၇
၀၉-၄၄၀၀၀၅၀၁၈၊ ၀၉-၇၃၂၂၇၅၅၆

ဆောင်းပါးနှင့်နယ်သတင်း

တစ်ပင်လုံးအသုံးဝင် ဒန့်သလွန်ပင်

ဒန့်သလွန်ပင်သည် တစ်ဆယ့်နှစ်လရာသီလုံး စားသုံးနိုင်သောအပင်တစ်မျိုးဖြစ်သည်။ ဒန့်သလွန်၏ ဇာတိနေရာသည် အိန္ဒိယနိုင်ငံဖြစ်ပြီး အပူပိုင်းဒေသနိုင်ငံများတွင် ပျံ့နှံ့ပေါက်ရောက်နေသည်။ အာဖရိကနိုင်ငံများ၊ တောင်အမေရိက၊ သီရိလင်္ကာ၊ မက္ကဆီကို၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံများတွင် စိုက်ပျိုးကြသည်။ နိုင်ငံအလိုက်သက်ဆိုင်ရာ ဘာသာစကားများဖြင့် အမည်အမျိုးမျိုးတွင်သော်လည်း အသီးပုံသဏ္ဌာန်ကြောင့် Drumstick tree ဟု လူသိများသည်။

ဒန့်သလွန်ပင်သည် ကင်ဆာရောဂါကို ကာကွယ်နိုင်ခြင်း၊ အသည်းပျက်စီးခြင်းမှ ကာကွယ်နိုင်ခြင်း၊ ဓာတ်ရောင်ခြည်သင့်မှုမှ ကာကွယ်နိုင်ခြင်း၊ ဆီးချို၊ သွေးချိုဝေဒနာရှင်များ၊ လေငန်းရောဂါဝေဒနာရှင်များ၊ ဒူလာ၊ မီးယပ် ဝေဒနာရှင်များနှင့်သွေးတိုးရောဂါရှင်များအတွက် ဆေးဖက်ဝင်သော ဟင်းသီးဟင်းရွက်ပင် ဖြစ်သည်။ နှာစေး၊ နှာမွန်ကို သက်သာစေပြီး ဆီးနှင့်ဝမ်းကို ရှင်စေသည်။ အစာကို ကြေညက်စေသည်။ မျက်စိကို အကျိုးပြုသည်။ ဒန့်သလွန်ရွက်၊ အပွင့်၊ အသီး၊ အခေါက်နှင့် အမြစ်စသည်ဖြင့် အပင်တစ်ပင်လုံးသည် နေရာစုံတွင် အသုံးဝင်သည်။ ဒန့်သလွန်ရွက်တွင် ပိုတက်ဆီယမ်၊ သံဓာတ်၊ ပရိုတိန်းနှင့်ဗီတာမင်စီဓာတ်များ ပါရှိသည်။ မြန်မာနိုင်ငံတွင် ဒန့်သလွန်ရွက်ကို သွေးတိုးရောဂါရှင်များအတွက် ရောဂါသက်သာရန်အလို့ငှာ ကြော်၍ တစ်ဖုံ၊ ဟင်းရည်ချက်၍တစ်မျိုး စားသုံးကြပါသည်။ အရွက်ကို ကြော်စားခြင်းထက် ဟင်းချိုချက်သောက်ခြင်းက ပို၍အကျိုးသက်ရောက်စေပါသည်။ အခြားနိုင်ငံများတွင်အရွက်ခြောက်ကို အမှုန့်ပြုလုပ်၍ဟင်းရည်များတွင် ထည့်ကာ ချက်ပြုတ်လေ့ရှိကြောင်းသိရသည်။ ဒန့်သလွန်ပွင့်တွင် ကယ်လ်စီယမ်၊ သံဓာတ်၊ ဗီတာမင်အေ၊ ဘီ၊ စီနှင့်ပရိုတိန်းဓာတ်များ ကြွယ်ဝစွာ ပါဝင်ပါသည်။ ဒန့်သလွန်ပွင့်ကို ဟင်းချက်စားလျှင် မှိုနှင့်အရသာဆင်တူသည်။ ဖောရောင်ခြင်း၊ အဖျဉ်းကြီးခြင်းနှင့် အကြောရောဂါနှင့် လေဖောက်ပြန်သော ရောဂါများအတွက် ဆေးဖော်စပ်ရာတွင် ဒန့်သလွန်ပွင့်ကို သုံးကြောင်း သိရသည်။

ဒန့်သလွန်သီးအခြောက်တွင် ပရိုတိန်း၊ ကာဗိုဟိုက်ဒရိတ်၊ ဗီတာမင်အေ၊ စီ၊ အီး၊ ဖောလစ်အက်စစ်နှင့်ဇင့်ဓာတ်တို့ပါဝင်သည်။ ဒန့်သလွန်သီးကို ကြော်၍စားခြင်းနှင့်ချဉ်ရည်ဟင်းများတွင် ချက်စားခြင်းဖြင့် ကလေးများတွင် သန်ကောင်၊ တုတ်ကောင်များကို ကင်းရှင်းစေပါသည်။ ရင့်သောအစေ့များကို မြေပဲကဲ့သို့ စားနိုင်သည်။ သွေးတိုးရောဂါ ရှိသူများသည် ဒန့်သလွန်သီးအစေ့ကို စားရုံဖြင့် သွေးပေါင်ချိန်ကို လျှော့ကျရန် အထောက်အကူဖြစ်စေနိုင်ပါသည်။

ဒန့်သလွန်ပင် အခေါက်ကိုခွာ၍ အဝတ်သန့်သန့်ဖြင့်ထုပ်ကာ ထုချေပြီး များများရှူပေးပါက ခေါင်းအုံခြင်း၊ ဇက်လေးခြင်းများကို သက်သာစေပါသည်။ ရောင်ရမ်းသောနေရာများတွင်အမြစ်ကိုကြိတ်ရည်စည်းပေးလျှင် သက်သာစေသည့်အပြင် အမြစ်ကြိတ်ရည်ကို နို့နှင့်ရောသောက်လျှင် ဆီးချိုရောဂါကိုလည်း သက်သာပျောက်ကင်းစေသည်ဟု သိရသည်။ ဒန့်သလွန်ပင် ပင်စည်ကို ဓားဖြင့်ထစ်၍ ထွက်လာသောအစေးကို ရေနွေးနှင့်ရောစပ်၍ မကြာခဏ ပလုတ်ကျင်းပေးလျှင် ခံတွင်းနံခြင်း၊ သွားဖုံးသွေးယိုခြင်းများကို သက်သာပျောက်ကင်းစေသည်။

ထို့ကြောင့် လူကြီး လူငယ်မရွေး ဒန့်သလွန်ပင်တစ်ပင်လုံးကို အမျိုးမျိုးစီမံချက်ပြုတ်စားသောက်ခြင်းဖြင့် အစာလည်းဆေး ဆေးလည်းအစာ ဖြစ်စေသည့်အတွက် ဒန့်သလွန်ပင်ကို အိမ်တိုင်းစိုက်ပျိုးသင့်ကြောင်း ဆေးပညာဆောင်းပါးများမှ မှတ်သားမိသမျှ ကောက်နုတ်၍ ဝေမျှလိုက်ပါသည်။

လပြည့်သော်တာ

ဟိုပုံးမြို့နယ်၌ ဘိန်းစိုက်ပျိုးမှုပပျောက်ရေးပညာပေး

ဟိုပုံး ဩဂုတ် ၂၁

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် လုံပေးကျေးရွာ၌ ဘိန်းစိုက်ပျိုးမှုပပျောက်ရေး ပညာပေးဟောပြောပွဲကို ဩဂုတ် ၁၇ ရက် နံနက် ၁၀ နာရီခွဲက လုံပေးဘုန်းတော်ကြီးကျောင်း၌ကျင်းပခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး လုံပေးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် မြို့နယ်စည်းရုံးရေးမှူး ကော်မတီဝင်နှင့် လုံပေးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ခုနစ်ရွာမှ ပြည်သူ ၂၅၀ ခန့် တက်ရောက်ကြသည်။ **(ယာပုံ)**

မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ဝင်းက ယခင်က ဟိုပုံးမြို့နယ် မဲနယ်တောင်တွင် သနပ်ဖက်၊ ကြက်သွန်ဖြူများ စိုက်ပျိုးကြပြီး ၂၀၁၀ နောက်ပိုင်း ဘိန်းများကို စိုက်ပျိုးခဲ့ကြောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်လာခဲ့ခြင်းကြောင့် ပအိုဝ်းအမျိုးသားဂုဏ်သိက္ခာထိန်းသိမ်းကာ ဘိန်းအစားထိုးသနပ်ဖက်၊ ကြက်သွန်ဖြူ၊ စီပီပြောင်းများကို စိုက်ပျိုးကြစေလိုကြောင်း ပြောကြားသည်။

လုံပေးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့်ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ မြို့နယ်ကော်မတီဝင် တစ်ဦးတို့ကလည်း ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ခရီးသွားလုပ်ငန်း အထောက်အကူပြု သင်တန်းများ ဖွင့်

လွိုင်ကော် ဩဂုတ် ၂၁

ကယားပြည်နယ် လွိုင်ကော်မြို့တွင် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ အခြေခံသင်တန်းလေးမျိုးနှင့်ဒေသဆိုင်ရာ ဧည့်လမ်းညွှန်(အခြေခံ)သင်တန်းများကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက စက်တင်ဘာလအတွင်း စတင်ဖွင့်လှစ်သင်ကြားပို့ချသွားမည် ဖြစ်သည်။

"လွိုင်ကော်မှာ ဟိုတယ်ဝန်ဆောင်မှုနဲ့ဧည့်လမ်းညွှန်သင်တန်းတွေ ဖွင့်လှစ်ပေးမယ်ဆိုတော့ ဒေသခံလူငယ် လူရွယ်တွေအတွက် အလုပ်အကိုင် အခွင့်အလမ်းတွေ ရရှိလာနိုင်တာပေါ့။ နောက်နောင်မှာလည်း သင်တန်းမျိုးစုံဖွင့်လှစ်သင်ကြားပေးစေချင်ပါတယ်" ဟု ဒေသခံတစ်ဦးက ပြောကြားသည်။

အဆိုပါ သင်တန်းတက်ရောက်လိုသူများ ပညာအရည်အချင်းအလိုက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများသို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ကြီးမြင့်နိုင်(လွိုင်ကော်)

အမှတ်(၁) ပလတ်စတစ်စက်ရုံ(ရန်ကုန်)ရှိ ပလတ်စတစ်ကုန်ကြမ်းများနှင့် ကုန်ချောများရောင်းချရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (မြန်မာကျပ်ငွေဖြင့်)

ရောင်းချမည့်ပစ္စည်းအမည် - ပလတ်စတစ်ကုန်ကြမ်းများနှင့် ကုန်ချောများ
တင်ဒါပိတ်ရက်နှင့်အချိန် - ၁၇-၉-၂၀၁၃ ရက် ၁၆း၀၀ နာရီ
ဈေးနှုန်းတင်သွင်းရမည့်နေရာ - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၇၊ နေပြည်တော်

တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်း အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်
ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း ၀၆၇-၄၀၈၃၇၇
ရောင်းချဖြန့်ဖြူးရေးဌာန(နေပြည်တော်) ၀၆၇-၄၀၈၃၈၁

Aluminium Top Seal အဝယ်တင်ဒါ

၁။ **ဝယ်ယူမည့်ပစ္စည်းအမည်နှင့်** - Aluminium Top Seal
အရေအတွက် - ၂၇၅၀၀၀၀ ခု
၂။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၆-၉-၂၀၁၃ ရက်၊ ညနေ ၄ နာရီ
၃။ **ပစ္စည်းပေးသွင်းရမည့်စက်ရုံ** - အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

တယ်လီဖုန်းအမှတ်
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်) ၀၆၇-၄၀၈၀၇၆
ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော် ၀၆၇-၄၀၈၃၅၄

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ဗီဒီယိုဆင်ဆာအဖွဲ့တွင် အသုံးပြုရန်အတွက် ဗီဒီယိုဆင်ဆာလက်မှတ်အသေး (Sticker) ၁.၅"×၁.၂"အရွယ်အစား ဆင်ဆာလက်မှတ်(Sticker) ခုရေ ၁၈၀၀၀၀၀၀ (သိန်းတစ်ရာ့ရှစ်ဆယ်တိတိ)ကို ပြုလုပ်တင်သွင်းရန်အတွက် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။
၂။ တင်ဒါတင်သွင်းရမည့်အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-
(က) **တင်ဒါပုံစံထုတ်ယူရမည့်ရက်** - ၂၆-၈-၂၀၁၃ ရက်မှ ၂၀-၉-၂၀၁၃ ရက်အထိ ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။
(ခ) **တင်ဒါတင်သွင်းရန်နေရာ** - မြန်မာ့ရုပ်ရှင်လုပ်ငန်း(ရုံးချုပ်)၊ အမှတ် ၂၈၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
(ဂ) **တင်ဒါတင်သွင်းရမည့်ရက်** - ၂၃-၉-၂၀၁၃ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း မြန်မာ့ရုပ်ရှင်လုပ်ငန်း(ရုံးချုပ်)၊ အမှတ် ၂၈၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ အိတ်ဖွင့်တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။
၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မြန်မာ့ရုပ်ရှင်လုပ်ငန်း ဖုန်း-၀၁-၅၃၅၂၄၂၊ ၀၁-၅၃၅၀၀၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါရွေးချယ်ရေးအဖွဲ့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ဗဟိုဆေးသိုလှောင်ရေးဌာနသည် ဆေးရုံသုံးစက်ကိရိယာပစ္စည်းများ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များကို ဒုတိယညွှန်ကြားရေးမှူး (ဆေးပစ္စည်း)၊ ဗဟိုဆေးသိုလှောင်ရေးဌာနရုံးခန်း၊ အမှတ်(၅၇)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

ဈေးနှုန်းတင်သွင်းလွှာပုံစံများ
စတင်ရောင်းချမည့်ရက် - ၂၃-၈-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၃-၉-၂၀၁၃ ရက် မွန်းလွဲ ၂ နာရီ
ဆက်သွယ်ရန်ဖုန်း-၃၇၁၂၈၄၊ ၃၇၂၃၆၂

ဗဟိုဆေးသိုလှောင်ရေးဌာန
ကျန်းမာရေးဦးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်များ၏ ၂၀၁၄ ပညာသင်နှစ်အတွက် အောက်ပါလုပ်ငန်းများ လုပ်ဆောင်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ ဈေးနှုန်းလွှာတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-
(က) ပို့ချချက်စာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း
(ခ) လေ့လာမှုလမ်းညွှန်စာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း
(ဂ) စာစဉ်မေးခွန်းများနှင့် အဖြေလွှာစာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း
(ဃ) သင်ခန်းစာပို့ချချက်၊ စီဒီ၊ ဗွီစီဒီများ ကူးယူ၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း
၂။ ဈေးနှုန်းလွှာတင်သွင်းရန်အတွက် လျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ၂၃-၈-၂၀၁၃ရက် (သောကြာနေ့)မှစ၍ တစ်စုံလျှင် ကျပ် ၁၀၀၀၀ (ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် အောက်ပါလိပ်စာ၌ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း ဝယ်ယူတင်သွင်းနိုင်ပါသည်။
တာဝန်ခံပါမောက္ခချုပ်ရုံးခန်း၊ ရန်ကုန်အဝေးသင်တက္ကသိုလ်
အမှတ် ၄၇(က)၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
၃။ ဈေးနှုန်းလွှာများကို ၉-၉-၂၀၁၃ရက် (တနင်္လာနေ့)ညနေ ၄း၃၀ နာရီထက် နောက်မကျစေဘဲ အထက်ပါလိပ်စာရှိ တင်ဒါပုံးတွင် မှတ်ပုံတင်စာရင်းသွင်းပြီး တင်သွင်းရမည်။
၄။ ဈေးနှုန်းလွှာနှင့်အတူ တင်သွင်းမည့်နမူနာများကို လုံခြုံစွာထုပ်ပိုး၍ ပြည့်စုံစွာ တင်ပြရမည်။
၅။ ထုတ်ဝေမည့်နမူနာများကို အောက်ဖော်ပြပါနေရာများတွင် ကြည့်ရှုနိုင်သည်။
(က) ရန်ကုန်အဝေးသင်တက္ကသိုလ်
(ခ) မန္တလေးအဝေးသင်တက္ကသိုလ်
၆။ အသေးစိတ်သိရှိလိုသောအချက်များကို အထက်ဖော်ပြပါလိပ်စာတွင်လည်းကောင်း၊ ဖုန်း-၀၁-၅၃၆၅၅၅၊ ၀၁-၅၃၅၀၇၃၊ ၀၁-၅၂၅၁၃၈၊ ၀၂-၆၂၁၇၀၊ ၀၂-၆၀၅၄၄ နှင့် ၀၂-၆၂၄၁၀တို့သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အဝေးသင်တက္ကသိုလ်များ၏စာအုပ်များနှင့်သင်ခန်းစာ
ပို့ချချက် စီဒီ၊ ဗွီစီဒီများထုတ်လုပ်ရေးလုပ်ငန်းကော်မတီ

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန၊ စက်မှုတိုင်း(၁) ဧမိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆည်မြောင်းဦးစီးဌာန၊ စက်မှုတိုင်း(၁)၊ ရန်ကုန်မြို့ရှိ စက်ပြင်ဆင်ခြင်းနှင့် အဆောက်အအုံပြင်ဆင်ခြင်းလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လိုအပ်လျက်ရှိသော အောက်ဖော်ပြပါပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

စက်မှုတိုင်း(၁)၊ ဆည်မြောင်းဦးစီးဌာန၊ ရန်ကုန်မြို့
စက်ပြင်ဆင်ခြင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ

စဉ်	စက်အမျိုးအစား	အစိတ်အပိုင်းများ	အရေအတွက်	ရှင်းလင်းချက်
1	Tractor, Shantui SD-22, Kom; D85ESS-2	Engine, Hydraulic, Transmission, Undercarriage Parts	1 Lot	
2	Backhoe,Hitachi EX 220-5,ZX-230, Kom; PC-220-6	Engine,Hydraulic, Undercarriage Parts	1 Lot	
3	Dump Truck Nissan CWM-430,CWB-520, CWB-450, Mitsu; FV-415	Engine, Chassis	1 Lot	
4	Submersible Pump, Road Machine, Mini Carrier Truck, Medium Dredge, Uniflote, Pontoon, Dynapac CC-122 Roller, Over Head Crane, Toyota L/C, Dodge RG-11	Engine, Chassis, Hydraulic Parts	1 Lot	
5	လမ်းခင်းခြင်းလုပ်ငန်း၊ အဆောက်အအုံပြင်ဆင်ခြင်း လုပ်ငန်း	သဲ၊ကျောက်စရစ်၊သစ်၊ ဂဝံ၊ ကျောက်၊ အုတ်၊ သုတ်ဆေးနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ	1 Lot	

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ခုနှစ် ဩဂုတ် ၂၆ ရက် ဖြစ်ပါသည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ
စက်မှုတိုင်း(၁)၊ ဆည်မြောင်းဦးစီးဌာန
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ဧမိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၆၃၃၀၄

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်သူရစိုး ၁၂/ကတတ(နိုင်)၀၂၉၆၃၁၈၏ PPနံပါတ်(မမှတ်မိ)သည် နိုင်ငံကူးလက်မှတ် ကျပျောက်သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **ဖုန်း-၀၉-၇၃၀၅၁၉၀၁**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ချင်းပြည်နယ်တွင် သစ်ထုတ်လုပ်မှု လျှော့ချရန် ဒေသခံများလိုလား

ကလေး ဩဂုတ် ၂၁

မြန်မာနိုင်ငံ၏ အဓိကသစ်ထုတ်လုပ်မှုနေရာတွင် ပါဝင်သော ချင်းပြည်နယ်တွင် သစ်ထုတ်လုပ်မှုလျှော့ချရန် ဒေသခံများလိုလားနေကြကြောင်း ဒေသတွင်းပြည်သူများထံမှ သိရသည်။

"မြန်မာနိုင်ငံအနောက်ဘက်ပိုင်း ဒေသတွင် ရခိုင်ရိုးမ၊ ချင်းပြည်နယ်၊ ပုံတောင်ပုံညာဒေသနှင့် ကလေးဝမြို့နယ် မဟာမြိုင်တောတွေဟာဆိုလျှင် မြန်မာနိုင်ငံတွင် နာမည်ကြီးသစ်တောများထဲတွင် ပါဝင်ကြောင်း သိရပါတယ်။ ပုံတောင်ပုံညာဒေသဆိုရင် ကမ္ဘာမှာနာမည်ကြီးသည့် ကျွန်းသစ်များ ထွက်ရှိရာဒေသဖြစ်ပါတယ်။ ၁၉၉၀ ခုနှစ်ဝန်းကျင်အထိ လမ်းဘေးဝဲယာတစ်လျှောက် သစ်ပင်ကြီးတွေနှင့်အုံ့အုံ့ဆိုင်းဆိုင်းပါ။ ကလေး-ဂန့်ဂေါ ကားလမ်းမဆိုလျှင် လမ်းဘေးနှစ်ဖက်စလုံးသစ်တောတွေ ချည်းပါပဲ။ ခုတော့ကွင်းခေါင်ခေါင်ဖြစ်နေပါပြီ။ ဂန့်ဂေါမြို့ရဲ့တောင်ဘက်မှာ နတ်တောင်ဆိုတာရှိပါတယ်။ နတ်တောင်က အုံ့အုံ့ဆိုင်းဆိုင်းဖြစ်ပြီဆိုလျှင် ဂန့်ဂေါမြို့မိုးရွာပြီဆိုတာ အသေအချာပါပဲ။ ယခုတော့ မိုးရာသီတောင် လယ်တွေပျိုးမထောင်

ရသေးပါဘူး။ ဒါ့အပြင် ဂန့်ဂေါဒေသထွက် သစ်တွေသာ ကုန်သွားတယ်။ ဒေသဖွံ့ဖြိုးတိုးတက်မှုကိုမည်မည်ရရမပြနိုင်ဘူး။ သစ်လုံးတင်ကားတွေက ၁၅ တန်၊ ၁၆ တန် တင်ပြီး မုံရွာတို့၊ မန္တလေးတို့၊ ညောင်ပင်ကြီးဆိပ်ကမ်းတို့ကို ပို့ပါတယ်။ လမ်းတွေကခံနိုင်အားမရှိတော့ ပြင်ထားလည်း ခဏပါပဲ။ ပုံတောင်ပုံညာလမ်းဆိုရင် မြန်မာနိုင်ငံမှာ အဆိုးဆုံးလမ်းအဖြစ် နာမည်ကြီးပါတယ်"ဟု ဂန့်ဂေါဒေသမှ စာရေးဆရာတစ်ဦးကပြောသည်။

"ကျွန်တော်တို့ချင်းပြည်နယ်ဟာ ဖွံ့ဖြိုးမှုနောက်ကျတဲ့ပြည်နယ်တစ်ခုပါ။ ဒါပေမယ့် ချမ်းသာပါတယ်ဆိုတဲ့ သစ်ကုမ္ပဏီတွေလာရောက်ပြီးသစ်တွေထုတ်လုပ်သွားကြတာ သစ်တွေလည်း ကုန်သလောက်နီးနီး ဖြစ်နေပါပြီ။ ချင်းပြည်နယ်တွင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်ဆိုတဲ့ သစ်မာမျိုးစုံထွက်ရှိပါတယ်။ ထိုသစ်မျိုးစုံကို ထုတ်ယူသုံးစွဲနေသော်လည်း ပြည်နယ်အတွက် အကျိုးအမြတ် မည်မျှရသည်ကိုမသိရဘူး၊ ကျွန်တော်တို့က သစ်တောတွေကို အမှီပြုပြီးနေကြရတယ်။ ရာသီဥတုက ဆယ်စုနှစ်နှစ်ခုအတွင်း သိသိသာသာကို ပြောင်းလဲနေပြီ။ ဒါကြောင့် ချင်းပြည်နယ်မှာ သစ်ထုတ်လုပ်မှုကို လျှော့ချစေချင်ပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

ချင်းပြည်နယ်သည် ပင်လယ်ရေမျက်နှာပြင် ထက်အမြင့် အနည်းဆုံးပေ ၃၀၀၀ မှ ပေ ၁၀၀၀၀မှ ကျော် မြင့်သည့် ဒေသများဖြစ်သည်။ တောင်ပေါ်ဒေသဖြစ်၍ သွားလာရန် ခက်ခဲသည်။ ဒေသတွင်းကို တစ်ခါတည်း ပေါက်ရောက်အောင် မသွားနိုင်ဘဲ တစ်ဆင့်ခံပြီးမှ သွားရသည်။ ဥပမာ တောင်ပိုင်း မတူပီ၊ မင်းတပ်၊ ပလက်ဝမြို့များကို သွားမယ်ဆိုလျှင် ဂန့်ဂေါမြို့မှတစ်ဆင့် ထီးလင်း၊ ကျောက်ထုက သွားရသည်။ ဒေသတွင်းကျေးရွာများကိုလည်း တစ်ခါတည်းခရီးမပေါက်ရာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းကလည်း သစ်ခိုးထုတ်မှုများကို နှိမ်နင်းရာမှာ ထိရောက်မှု အားနည်းစေသည်။ တချို့ဆိုလျှင် လွှစက်များဖြင့် တောအတွင်း သစ်ခွဲထုတ်နေကြကြောင်း ဒေသခံတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ချင်းပြည်နယ်တွင် ကြိုးဝိုင်းသစ်တော ၃၈၉၉၀၁ ဧက၊ ကြိုးပြင်ကာကွယ်တော ၈၅၄၅၂၆ ဧက၊ သဘာဝထိန်းသိမ်းနယ်မြေ ၁၇၆၃၀၀ ဧကရှိပြီး နိုင်ငံတော်အနေဖြင့် သစ်ထုတ်လုပ်မှုကို လာမည့် ၂၀၁၄ ခုနှစ်တွင် သစ်လုံး တင်ပို့မှု ရပ်ဆိုင်းမည်ဖြစ်ကြောင်း သိရသည်။

သျှင်နေမင်း

ထိုင်း-မြန်မာချစ်ကြည်ရေးတံတားများ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ကြည့်ရှု

တာချီလိတ် ဩဂုတ် ၂၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ ဩဂုတ် ၁၇ ရက် နံနက် ၁၁ နာရီက ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာချီလိတ်ခရိုင်အတွင်းရှိ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ တွေ့ဆုံပွဲ အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အမှာစကားပြောကြားပြီးနောက် ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိဏ်းမောင်က အခွန်ဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆွေးနွေးခြင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူက စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆွေးနွေးခြင်း၊ ပြည်နယ်ဥပဒေချုပ် ဦးမောင်မောင်က ဥပဒေဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခြင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးရဲနိုင်အောင်က အုပ်ချုပ်ရေးဆိုင်ရာနှင့်ပတ်သက်၍ မြန်မာနိုင်ငံအုပ်ချုပ် ရေးတွင်အကြီးအကဲနှင့်အဖွဲ့ဝင်များ အရည်အသွေးတိုးတက်မြင့်မားရေးဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆွေးနွေးခြင်း၊ တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးက ဒေသဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြကာ မြို့မိမြို့ဖများက အပြန်အလှန်ဆွေးနွေးကြပြီး ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားခဲ့သည်။ ထို့နောက်ဝန်ကြီးနှင့်အဖွဲ့သည် ထိုင်း-မြန်မာနယ်စပ်ရှိ အမှတ်(၁) ချစ်ကြည်ရေးတံတား ရွှေနန်းတော်ကုန်တိုက်၊ မေဖလားဝါးကွင်းထိပ်ရှိ ရေစီးရေလာမြောင်းများအားလည်းကောင်း၊ အမှတ်(၂) ချစ်ကြည်ရေးတံတားထိပ် မယ်ခေါင်ရပ်ကွက်ရှိ ရေမြောင်းများအားလည်းကောင်း၊ လွယ်စတုံရွာရှိ သချိုင်းမြေနေရာနှင့် အမှိုက်ပုံနေရာချထားရေးအတွက် လိုက်လံကြည့်ရှုပြီးနောက် မိုင်းကိုးကျေးရွာအုပ်စု စံပြစပါးစိုက်ကွင်းသို့ သွားရောက်ကာ တောင်သူလယ်သမားများနှင့်တွေ့ဆုံ၍ မိုးတွင်းရေကြီးမှုအခြေအနေနှင့်စိုက်ပျိုးရေးအခက်အခဲများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

(လ/၀၁၅)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်ရှိ တည်ဆောက်ရေးစီမံကိန်းများသို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ တတိယ(၃)လ (၂၀၁၃ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလ)အတွင်း စီမံကိန်းစခန်းဂိုဒေါင်အရောက် တည်ဆောက်ရေးပစ္စည်းများ၊ စက်ပစ္စည်းများ၊ ကွန်တိန်နာများ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၉-၈-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၂-၉-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆း၃၀ နာရီ

အိတ်ဖွင့်တင်ဒါပုံစံနှင့်တင်ဒါဆိုင်ရာအသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်-

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်(မိတ္ထီလာ)

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ နည်းပညာတက္ကသိုလ်(မိတ္ထီလာ)အတွက် အောက်ဖော်ပြပါ ပရိဘောဂပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁	Computer Table	၃၅ လုံး
၂	ခေတ်ခွဲခန်းသုံးစားပွဲ(8'×4'×3.5')	၁၇ လုံး
၃	ပလတ်စတစ်ထိုင်ခုံ(လက်တန်းမပါ)	၁၀၀ လုံး
၄	ပလတ်စတစ်ထိုင်ခုံ(လက်တန်းပါ)	၅ လုံး
၅	Aluminium Ladder (14 feet, 2 way Combination)	၁ ခု

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို (၁၉-၈-၂၀၁၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်း နည်းပညာတက္ကသိုလ် (မိတ္ထီလာ)တွင် လာရောက်ဝယ်ယူနိုင်ပြီး (၁၆-၉-၂၀၁၃)ရက်နေ့ (၁၆း၃၀)နာရီ နောက်ဆုံးထား၍ တင်ဒါများ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို နည်းပညာတက္ကသိုလ်(မိတ္ထီလာ) ဖုန်းနံပါတ် ၀၆၄-၂၃၈၈၈၊ ၀၆၄-၂၃၉၀၀နှင့် ၀၉-၂၂၀၀၆၅၀ တို့တွင် စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
နည်းပညာတက္ကသိုလ်(မိတ္ထီလာ)

အမြန်အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

၁။	Admin Office Experience in English Writing, Speaking Knowledge of Computer Words,Excel,Good in Typing Speed.	**(1) Post**
၂။	စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းဖြန့်ချိရေးအတွက် အရောင်းမြှင့်တင်ရေးဝန်ထမ်း	**ကျား (၃)ဦး**
၃။	Designer(Photoshop,Illustrator & in design) (Design Concept & Artwork Sense ရှိရမည်။) (Catalogue,Brochure,Web Photo တင်တတ်ရမည်။ Color Separation ခေတ်ပုံရိုက်တတ်ရမည်။)	**ကျား/မ (၃)ဦး**
၄။	ငွေကိုင်	**မ (၅)ဦး**
၅။	ယာဉ်မောင်း (ရုံးကား/အိမ်ကား)	**ကျား (၅)ဦး**

Royal Mart Supermarket
၅၂/၅၄၊ အခန်း-၁၆၊ လေးလွှာ၊ ဗိုလ်အောင်ကျော်လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါသည်

မူဆယ်မြို့၊ မိုင်းယု ၁၀၅ မိုင်၊ အကွက်အမှတ် ၈၊ ဦးပိုင်အမှတ် ၅၊ ဧရိယာ ၀ဒသမ ၉၄၃၊ မြေကွက်မှာ ဦးအိုင်ထွန်း ၉/မရမ(နိုင်)၀၂၈၁၃၅ အမည်ဖြင့် ၂-၁-၂၀၀၉ မှ ၁-၁-၂၀၃၉ ရက်အထိ နှစ် ၃၀ ဂရန်ရရှိပြီးဖြစ်ပါသည်။ အဆိုပါဂရန်မှာ မိမိလက်ဝယ်၌ ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်လျှောက်ထားလာမှုအပေါ် မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားအပြည့်အစုံဖြင့် ကြော်ငြာသည့်ရက်မှ ၂၈ရက်အတွင်း မူဆယ်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါသည်။

မူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေး
ဦးစီးဌာန၊ မူဆယ်မြို့၊
ဖုန်း-၀၈၂-၅၀၅၀၃၊ ၅၀၆၉၀

ကန့်ကွက်နိုင်ပါသည်

မူဆယ်မြို့၊ မိုင်းယု ၁၀၅ မိုင်၊ အကွက်အမှတ် ၈၊ ဦးပိုင်အမှတ် ၃၊ ဧရိယာ ၀ဒသမ ၉၉၄၊ မြေကွက်မှာ ဒေါ်နန်းခင်ညွန့် ၉/မရမ(နိုင်)၀၂၈၁၃၆ အမည်ဖြင့် ၂-၁-၂၀၀၉ မှ ၁-၁-၂၀၃၉ ရက်အထိ နှစ် ၃၀ ဂရန် ရရှိပြီးဖြစ်ပါသည်။ အဆိုပါဂရန်မှာ မိမိလက်ဝယ်၌ ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်လျှောက်ထားလာမှုအပေါ် မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားအပြည့်အစုံဖြင့် ကြော်ငြာသည့်ရက်မှ ၂၈ရက်အတွင်း မူဆယ်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါသည်။

မူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေး
ဦးစီးဌာန၊ မူဆယ်မြို့၊
ဖုန်း-၀၈၂-၅၀၅၀၃၊ ၅၀၆၉၀

နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဘိလပ်မြေစက်ရုံ(နေပြည်တော်)

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဘိလပ်မြေစက်ရုံ (နေပြည်တော်) နှင့် မက်စ်မြန်မာဘိလပ်မြေစက်ရုံတို့တွင် သဘာဝဓာတ်ငွေ့ထိန်းချုပ်ရုံမှ စက်ရုံ(၂)ရုံသို့ သွယ်တန်းအသုံးပြုမည့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်း Steel Grade API 5L GRADE B PSL 2, Ø 6" 1520 PSI (Grade A)- (7640 Ft) နှင့် ဆက်စပ်ပစ္စည်းများဝယ်ယူလိုပါသဖြင့် တင်ဒါပေးသွင်းလိုသည့် ကုမ္ပဏီများအား ဖိတ်ခေါ်အပ်ပါသည်။

၂။ အသေးစိတ်ပစ္စည်းစာရင်းနှင့်တင်ဒါပုံစံများကို(၂၂-၈-၂၀၁၃)ရက်မှ (၃၀-၈-၂၀၁၃) ရက်အထိ အောက်ဖော်ပြပါနေရာများတွင် ရုံးချိန်အတွင်း ဆက်သွယ်ထုတ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများကို (၈-၉-၂၀၁၃)ရက်နေ့ (၁၆း၀၀)နာရီတွင် နောက်ဆုံးထားပေးသွင်းရမည်ဖြစ်သည်-

(က) ဘိလပ်မြေစက်ရုံ(နေပြည်တော်) လယ်ဝေးမြို့နယ်
ဖုန်း-၀၁-၃၃၃၄၀၁၅၊ ၀၉- ၅၁၁၀၃၃၁၊ ၀၉-၄၉၂၀၂၈၃၇၊ ၀၉-၆၅၂၀၂၃၅

(ခ) နေပြည်တော်စည်ပင်သာယာရေးကော်မတီ
(ဘိလပ်မြေအရောင်းဌာနခွဲ)
ဖုန်း-၀၆၇-၄၃၂၃၁၂၊ Fax-၀၆၇-၄၃၂၃၁၂

အမည်မှန်

အဖဦးထွန်းနေဝင်း ၅/တဆန (နိုင်)၀၈၃၂၀၇၏ သမီး ကာဘိုးအထက နဝမတန်း(B) မှ မစိုးကလျာ၏ အမည်မှန်မှာ မစိုးရတနာ ဖြစ်ပါကြောင်း။

မစိုးရတနာ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဒ/၃၆)၊ မြေကွက်အမှတ် ၉၃၉၊ အကျယ်အဝန်း ပေ၄၀×ပေ၆၀ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၉၃၉၊ ဒ/၃၆ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်ဟုခေါ်တွင်သော မြေကွက်နှင့်အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒုအရာခံဗိုလ်ကြည်မောင်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် လက်ဝယ်ရရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးသက်တင် ၉/ညဥန(နိုင်)၁၂၆၉၆၉ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောမူရင်းစာရွက်စာတမ်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇော်မင်းနိုင် LL.B, DL-101 Wipo (Switzerland)	**ဒေါ်သက်ဆုရည် LL.B**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**
ဖုန်း-၀၉-၇၃၉၀၃၃၀၇	**ဖုန်း-၀၉-၄၂၁၀၂၄၈၈၆**

ရုံးအမှတ်-၅၀၊ ဒုတိယထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောရပ်ကွက်၊ မကြီးကြီးလမ်း၊ အမှတ် ၅၈၊ မြေအကျယ်ပေ(၂၅×၅၀)ပေါ်ရှိ နှစ်ခန်းတွဲ ခုနစ်ထပ် ကန်ထရိုက်တိုက်မှ မြေညီထပ်(ခြေရင်းခန်း) (အလျားပေ ၁၂½×အနံပေ ၅၀×အမြင့်ပေ ၁၂)ကိုဝယ်ယူပိုင်ဆိုင်သူ ဒေါ်ဇုန်းလောမ် ၁/မကန(နိုင်)၀၀၁၇၅၈ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေထားပါသည်။ အကျိုးသက်ဆိုင်၍ ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိလျှင် ဥပဒေနှင့်အညီ တိုက်ခန်းအရောင်းအဝယ်ကိစ္စပြီးမြောက်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

မေစပယ်မြင့် အထက်တန်းရှေ့နေ (စဉ်-၃၂၉၉၂)
LL.B, D.B.L, D.I.L, D.L.P (101) WIPO (SWITZERLAND)
အမှတ် ၇ (မြေညီ)၊ ၃၃ လမ်းတို၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၁၃၂၆၅၅

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဆ/၈၅၇၂၊ Thaw lin Htun, P/Uယာဉ်လက်ဝယ်ရှိသူ ဦးဝင်းကို ၉/မနတ(နိုင်)၀၂၁၀၀၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

တစ်ဦးတည်းဖြစ်ပါကြောင်း

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ပိုင်ကျုံမြို့နယ်ခွဲ၊ နောင်ဘိုကြီးကျေးရွာ နေဦးခေ့ဖိုး(၃/လဘန (နိုင်)၀၆၉၂၁၀) နှင့် ဦးကျော်သန်းရင်တို့မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ဘားအံတက္ကသိုလ်၊ ပထမနှစ်(မြန်မာစာ)မှ နန်းအေးသန္တာအောင်၏ ဖခင်အမည်မှန်မှာ ဦးခေ့ဖိုး(ခ) ဦးကျော်သန်းရင်ဖြစ်ပါကြောင်း။

22-8 (16).pmd 1 8/20/2013, 7:10 AM

အရှေ့တောင်အာရှကျွန်းဆွယ်ရေကူးပြိုင်ပွဲအတွက် ပြင်ဆင်လေ့ကျင့်ခြင်းနှင့်သွားရောက်ယှဉ်ပြိုင်ခြင်းပုံရိပ်

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး နိုင်ငံ့မြေပေါ်တွင်ကျင်းပရန်ရက်ပေါင်း၁၀၀ ကျော်သာလိုပါတော့သည်။ ပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆိုင်ရာကော်မတီ၊ ဆပ်ကော်မတီများက ကြိုတင်ပြင်ဆင်မှုများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နေကြသည်။ ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများကလည်း ပြိုင်ပွဲအောင်နိုင်ရေးအတွက် ပြင်းပြင်းထန်ထန် လေ့ကျင့်နေကြသည်။ အဆိုပါ ပြင်ဆင်မှုများ၊ စည်းရုံးလှုံ့ဆော်မှုများ၏ ပုံရိပ်များကို သတင်းစာ၊ ရုပ်မြင်သံကြား၊ ရေဒီယိုစသည့်မီဒီယာများ၌ နေ့စဉ်တွေ့မြင်နေရသည်။

ယင်းသို့ မြင်တွေ့နေရသည့်အတွက် မိမိတို့ပါဝင်ဆင်နွှဲခဲ့ရသည့် ၁၉၅၉ ခုနှစ် ထိုင်းနိုင်ငံ၌ ကျင်းပသည့် ပထမအကြိမ် အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်ဆင်နွှဲခဲ့ရသည့် အချိန်ကာလကို ပြန်လည် မြင်ယောင်မိပါသည်။ မြန်မာနိုင်ငံ ရေကူးအားကစားအဖွဲ့ချုပ်အပါအဝင် အားကစားအဖွဲ့ချုပ်အသီးသီးမှ အုပ်ချုပ်သူများ၊ အားကစား မောင်မယ်များအား အသိပေး မျှဝေလိုက်ပါသည်။

၁၉၅၉ ခုနှစ် ထိုင်းနိုင်ငံ၌ ကျင်းပသည့် ပထမအကြိမ်မြောက် အရှေ့တောင်အာရှ ကျွန်းဆွယ် အားကစားပြိုင်ပွဲတွင် မြန်မာရေကူးအားကစားအဖွဲ့ ပါဝင်ယှဉ်ပြိုင်ရန် ရေကူးအားကစားသမား ရှစ်ဦးရွေးချယ်ခဲ့သည်။ (အားကစားပွဲတစ်ပွဲတွင် ပြေးခုန်ပစ်နှင့်ရေကူးပြိုင်ပွဲများသည် မပါမဖြစ်သော အားကစားဖြစ်ကြသည်) ရွေးချယ်ခံထားရသော အားကစားသမားများမှာ တင်မောင်နီ(ဗိုလ်ကြီး-ကွယ်လွန်)၊ မြသီး (အား/ကာ နည်းစနစ်မှူး -ငြိမ်း)၊ အောင်သန်း(လုပ်ငန်းရှင်)၊အေးကျော် (ဒုတိယဗိုလ်မှူးကြီး -ရေ-ငြိမ်း)၊ ဒဲရစ်လင်းဒေး (သရုပ်ပြဆရာ၊ ခာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ သက်ဝင်း(အားကစားနည်းပြ-ငြိမ်း၊ ရန်ကုန်တက္ကသိုလ်)၊ စောအောင်သိန်း (ကုန်သွယ်ရေး-ငြိမ်း) နှင့် အဲလန်အော်ကင်းတို့ ဖြစ်ကြသည်။

ထိုအချိန်က မြန်မာနိုင်ငံ၌ မီတာ ၅၀ ရှိ စံချိန်မီရေကူးကန်မရှိသေးပါ။ ထို့ကြောင့် ၃၃⅓မီတာသာရှိသော ရန်ကုန်တက္ကသိုလ် ရေကူးကန်၌ တနင်္လာ၊ အင်္ဂါ၊ ကြာသပတေးနေ့များတွင် နံနက် ၆ နာရီမှ ၈ နာရီ၊ တနင်္ဂနွေနေ့တွင် မွန်းလွဲ ၁ နာရီမှ ညနေ၄နာရီ၊ ဗုဒ္ဓဟူးနေ့နှင့်သောကြာနေ့များတွင် အင်းလျားကန်စီးပွားရေးတက္ကသိုလ်ဘက်ကမ်းစပ်မှ ယခင်ကုန်သွယ်ရေး သင်တန်းကျောင်းကမ်းစပ်သို့ တာဝေးရေကူးခြင်းကို လေ့ကျင့်ခဲ့ရသည်။ (ဗုဒ္ဓဟူးနေ့၊ သောကြာနေ့နံနက်သည် တက္ကသိုလ်ရေကူးကန်တွင် အမျိုးသမီးနေ့ဖြစ်ပြီး တနင်္ဂနွေနေ့နံနက်သည် မိသားစုနေ့ဖြစ်၍ လေ့ကျင့်ခွင့်မရပါ)။

နည်းပြဆရာဂျပန်ကိုရိုး (Gosho Co.) မှ မြန်မာပြည်တာဝန်ခံ မစ္စတာ T.Matsuda ဖြစ်သည်။ အကူနည်းပြများမှာ ဦးနေမြင့်နှင့် ဦးတင်လှတို့ ဖြစ်ကြသည်။ ရေကူးအဖွဲ့ချုပ်တွင် ဘဏ္ဍာငွေချို့တဲ့သည့်အတွက် နည်းပြ မစ္စတာ Matsuda က လေ့ကျင့်ပြီး အားကစားသမားများအား အာဟာရဖြည့်တင်းကျွေးမွေးလေ့ရှိသည်။

တင်မောင်နီမှာအလွတ်ကူးမီတာ ၁၀၀၊ မီတာ ၂၀၀ တွင် ရွှေ၊ လိပ်ပြာကူးမီတာ ၁၀၀ တွင်ကြေး၊ မြသီးမှာ မီတာ ၂၀၀ တွင် ငွေ၊ လေးယောက်တွဲ မီတာ ၁၀၀ လွှန်းပြန်အလွတ်ကူးတွင်ငွေနှင့်လေးယောက်တွဲ မီတာ ၁၀၀ လေးမျိုးကူး လွှန်းပြန်တွင် ပဥ္စမဆုဖြင့် ဒီပလိုမာရရှိခဲ့သည်။

အောင်သန်း၊ ဒဲရစ်လင်းဒေး၊ အေးကျော်တို့က တစ်ဦးချင်းပြိုင်ပွဲတွင် အဆင့်ခြောက်ထဲဝင်ပြီး ဒီပလိုမာရရှိခဲ့သည်။ မြန်မာအသင်းအနေဖြင့် အဆင့်တစ်ရရှိခဲ့သည်။

အသင်း အုပ်ချုပ်သူများ၊ နည်းပြဆရာများ၏လမ်းညွှန်ပြသမှုနှင့်အညီရေကူးကစားသမားအားလုံးက တက်ညီလက်ညီ ဇွဲအားမာန်ဖြင့် ကိုယ်တိုင်ပါဝင်ဆင်နွှဲခဲ့သည့် ပထမအကြိမ် အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲတွင် မြန်မာရေကူး အားကစားသမားများ ကြိုတင်ပြင်ဆင် လေ့ကျင့်ယှဉ်ပြိုင်ခဲ့သည့်ပုံရိပ်အချို့ကို (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်နေကြသည့် အားကစားမောင်မယ်များသိရှိရန် ဖော်ပြလိုက်ပါသည်။

အေးကျော်

> **“ ၁၉၅၉ ခုနှစ် ထိုင်းနိုင်ငံ၌ ကျင်းပသည့် ပထမအကြိမ် အရှေ့တောင်အာရှ ကျွန်းဆွယ် အားကစား ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့် ဆင်နွှဲခဲ့ ရသည့် အချိန်ကာလကို ပြန်လည် မြင်ယောင်မိ ”**

သတင်းဆောင်းပါးနှင့်နယ်သတင်း

သွေးလွန်တုပ်ကွေးကာကွယ်ရေး ကြိုတင်ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၁

မိုးရာသီနှင့်အတူ အပြိုင်ဝင်ရောက်လာတတ်သော သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ရေစီးရေလာကောင်းမွန်ရေး၊ အမှိုက်သရိုက်များ ကင်းရှင်းရေးအပြင် ရေစည်ရေကန်များအတွင်းသို့ အဘိတ်ဆေးများခတ်ခြင်း၊ ခြင်ပေါက်ပွားစေသည့် ပိုးလောက်လမ်းများကိုစစ်ဆေးခြင်း၊ အဖုံးအုပ်များထားရှိခြင်း၊ လဲလှယ်စစ်ဆေးခြင်းများကို ဩဂုတ် ၁၅ ရက်က ကြည့်မြင်တိုင်မြို့နယ် မကျည်းတန်းတောင် အရှေ့ရပ်ကွက်၌ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ရဲသွေးနှင့်အဖွဲ့များ၊ရပ်မိရပ်ဖများ၊ ရပ်ကွက်လူမှုဖွံ့ဖြိုးတိုးတက် ရေးအဖွဲ့ဝင်များ၊ ရပ်ကွက် NGO အဖွဲ့ဝင်များက စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။ **(အပေါ်ပုံ)**

တင်ဝင်းလေး(ကြည့်မြင်တိုင်)

အသိပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော အမျိုးသမီးများသိသင့်သိထိုက်သော ဥပဒေများအကြောင်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၇ ရက်က မှော်ဘီမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မေတ္တာရောင်ခြည်ခန်းမ၌ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းမာက အမှာစကားပြောကြားပြီး မှော်ဘီမြို့နယ်ဥပဒေအရာရှိ ဦးစိုင်းမျိုးဇော်က အမျိုးသမီးများသိသင့်သိထိုက်သော ဥပဒေများအကြောင်း ပြောကြားခဲ့သည်။

ငွေသိန်း(မှော်ဘီ)

ဖြူးဆရာတော်တပည့် မြိုင်ဆရာတော် အထူးတရားပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ(၁)လမ်း၊ မြိုင်မဟာစည်သာသနာ့ရိပ်သာ၊ ပဓာနနာယက မြိုင်ဆရာတော် အရှင်ပညာဇောတ(ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ ပြည်တွင်းပြည်ပ နယ်လှည့်ဓမ္မကထိက)အရှင်သူမြတ်သည် ၂၀၁၃ခုနှစ် ဩဂုတ် ၂၁ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့၊ ရွာသစ်ရွာ ပရဟိတမေတ္တာရှင်လူငယ်များဦးစီးသော (၇၊ ၈၊ ၉၊ ၁၀)တန်း ပညာ့ရိပ်သာ အခမဲ့ပညာရေးကျောင်း၏ ဒုတိယအကြိမ် အထူးဓမ္မသဘင်၌ ည ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည်ဖြစ်သည်။

မြိုင်မဟာစည် – ရန်ကုန်
မြိုင်ရတနာဘောဇနသာလာ (၃)ထပ်ယောဂီဆွမ်းစားကျောင်းတော်ကြီး ဆောက်လုပ်ရာ၌ ပါဝင်ကုသိုလ်ယူနိုင်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ(၁)လမ်း၊ မြိုင်မဟာစည်သာသနာ့ရိပ်သာအတွင်း၌ အလျားပေ ၇၀×အနံပေ ၅၀ ရှိ မြိုင်ရတနာဘောဇနသာလာ (၃)ထပ် ယောဂီဆွမ်းစားကျောင်းတော်ကြီးကို နိုင်ငံတော်သံဃာ့မဟာနာယကဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးမှ ပန္နက်တင်မင်္ဂလာပြုလုပ်ပေးပြီး ကျောင်းတော်ကြီးကိုစတင်၍ ဆောက်လုပ်နေပြီဖြစ်ရာ ရပ်ဝေးရပ်နီးရှိ အလှူရှင်များ ကျောင်းဒါယကာ၊ ကျောင်းဒါယိကာမ ဖြစ်ကြရလေအောင် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

အကျိုးတော်ဆောင်အဖွဲ့
မြိုင်မဟာစည်သာသနာ့ရိပ်သာ
တောင်ဥက္ကလာပမြို့နယ်
ဖုန်း-၀၉-၅၀၄၇၇၆၁၊ ၀၉-၈၆၂၅၂၂၃၊ ၀၉-၄၂၁၁၅၁၀၃၀

BBS - U HLA BU'S TOEFL
Intensive Course Aug 26 မနက်စမည် ph 220403
၁၈ (A) ဦးလူနီလမ်း ၊ ကြည့်မြင်တိုင် ။ (သီတာရုံအနီး)

ဦးဇင်အောင် ၈/ရနခ(နိုင်)၀၇၅၈၉၁နှင့် အများသိစေရန်ကြေညာ

၁။ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ၁၆၁ လမ်း၊ အမှတ် ၁၄တွင် နေထိုင်သူ ဒေါ်အေးဇာမျိုးဟန် ၁၂/တမန(နိုင်)၁၀၅၆၆၇၏ ညွှန်ကြားချက်အရ-
၂။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးဇာမျိုးဟန်နှင့် ဦးဇင်အောင်တို့သည် ၂၀၀၈ခုနှစ်တွင် နှစ်ဦးသဘောတူ လက်ထပ်ခဲ့ကြသော်လည်း ဦးဇင်အောင်သည် လင့်ဝတ္တရားကျေပွန်ခြင်းမရှိဘဲ ဒေါ်အေးဇာမျိုးဟန် စိတ်ဆင်းရဲစေရန် ပြုမူပြောဆိုဆောင်ရွက်နေပါသောကြောင့် သည်းခံနိုင်စွမ်းမရှိသည့်အပြင် သဘောထားချင်းမတိုက်ဆိုင်ပါသဖြင့် ၁၆-၈-၂၀၁၃ရက်မှစ၍ ဦးဇင်အောင်အား ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ပါကြောင်းနှင့် မသက်ဆိုင်တော့သည့်အတွက် အနှောင့်အယှက်ပေးခြင်းမပြုလုပ်ရန် သတိပေးတားမြစ်လိုက်ပါကြောင်း ဦးဇင်အောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
မေစပယ်မြင့် အထက်တန်းရှေ့နေ (စဉ်-၃၂၉၉၂)
LL.B, D.B.L, D.I.L, D.L.P (101) WIPO (SWITZERLAND)
အမှတ် ၇၊ မြေညီ၊ ၃၃ လမ်းတို၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၁၃၂၆၅၅

မအူပင်မြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲ

မအူပင်မြို့နယ်အသင်း(ရန်ကုန်)၏ (၁၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်ပူဇော်ပွဲကို ရွှေတိဂုံစေတီတော်မြောက်ဘက်မုခ်အနီးရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ဓမ္မာရုံ၌ ၂၀၁၃ခုနှစ် ဩဂုတ် ၂၅ရက် (တနင်္ဂနွေနေ့) (၁၃၇၅ခုနှစ် ဝါခေါင်လပြည့်ကျော် ၄ရက်) နံနက် ၉နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းဝင်များ၊ အသင်းဝင်မိသားစုများ၊ မြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြည်ညို လှူဒါန်းပူဇော်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့၊ မအူပင်မြို့နယ်အသင်း(ရန်ကုန်)

ကန့်ကွက်နိုင်ပါကြောင်း

ကျွန်တော် ဦးသီဟတင်စိုး ၁၂/ဗဟန(နိုင်)၀၅၆၃၀၇ ပိုင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ မြေကွက်ကြီးအမှတ် ၆၀၊ မြေကွက်အမှတ် ၁၃၁နှင့် သက်ဆိုင်သော အထောက်အထား စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် သက်ဆိုင်ရာဌာနများတွင် အထောက်အထားစာရွက်စာတမ်းများ ပြန်လည်ပြုလုပ်မည်ဖြစ်ရာ ကန့်ကွက်ရန်ရှိပါက ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဦးသီဟတင်စိုး
၁၂/ဗဟန(နိုင်)၀၅၆၃၀၇

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇/၂၊ လူနေရပ်ကွက်အမှတ် ၅၊ ရွှေလမ်း၊ အမှတ် ၂၃၁/က၊ အကျယ်အဝန်းပေ(၂၀×၆၀)ရှိ ဦးဗလတင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ် ရေမီးစုံ အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်ဥမ္မာကျော် ၁၂/ရပသ(နိုင်)၀၀၇၇၂၅ ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ တရားဝင်အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးဆုံးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သင်းသင်းခိုင် LL.B, D.B.L,D.M.L
အထက်တန်းရှေ့နေ (စဉ်-၂၃၀၀၇)
တိုက် ၁၅ /ပထမထပ်၊ ဇမ္ဗူရစ်လမ်း၊ ကျွန်း/တောင်၊
စမ်းချောင်းမြို့နယ်၊
ဖုန်း-၀၉-၅၁၈၇၃၇၂၊ ၀၉-၇၃၀၇၆၅၇၂

သတိပေးတားမြစ်ချက်

ကွယ်လွန်သူ ဦးစီစီဂျိုးဇက် ပိုင်ဆိုင်သော မင်္ဂလာဒုံမြို့နယ်၊ ၃/ခရပ်ကွက်၊ ၇ လမ်း၊ အမှတ် ၃၃/၃၃-က၊ ယခင် ၁၈၁ မြေအကျယ်အဝန်းပေ(၇၀×၅၀)အား ကျန်ရစ်သူ ဦးစီစီဂျိုးဇက်၏ သားသမီးအရင်းရှစ်ဦးမှာ အဆိုပါမြေကွက်နှင့်ပတ်သက်၍ သားသမီးအရင်းများ အညီအမျှအကျိုးတူခံစားရေးအတွက် ညှိနှိုင်းဆွေးနွေးတိုင်ပင်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းဆောင်ရွက်လျက်ရှိသည့်ကာလအတွင်း မည်သူတစ်ဦးတစ်ယောက်ကမျှ သားသမီးရှစ်ဦး၏ သဘောဆန္ဒမပါဘဲ ယင်းမြေကွက်အား အပြီးအပိုင်ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်းနှင့် ခွဲစိတ်ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်းများကိုမပြုလုပ်ရန် အထူးသတိပေးတားမြစ်အပ်ပါသည်။ အဆိုပါမြေကွက်အား ဦးစီစီဂျိုးဇက်၏ သားသမီးအရင်းရှစ်ဦးမသိရှိဘဲ အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်လာပါက ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း ကြိုတင်သတိပေးအပ်ပါသည်။

ဒေါ်နုနုလွင် ၁၂/မဂဒ(နိုင်)၀၇၀၂၀၉ နှင့်
ဦးစီစီဂျိုးဇက်၏ သားသမီးအရင်းများ

ဝါရှောင် အာစရိယပူဇော်ကန်တော့ပွဲ ဖိတ်ကြားလွှာ

ဝါရှောင် ကျောင်းသားဟောင်းများအသင်း (ယခင် ၁၈ လမ်း)ကျောင်းသည် နှစ်စဉ်ကျင်းပမြဲဖြစ်သော အာစရိယပူဇော်ကန်တော့ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် အသင်းသူ အသင်းသားများ မပျက်မကွက်ပါဝင်ရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေရာ - WESTERN PARK RESTAURANT (I)
နေ့ရက် - ၆-၉-၂၀၁၃ ရက် (သောကြာနေ့)
အချိန် - ညနေ ၆ နာရီ

တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရှင်စာရင်းကို ၃၁-၈-၂၀၁၃ရက်နောက်ဆုံးထား၍ ပေးပို့ပါရန်။

ဆက်သွယ်ရန် - ဦးစန်းညွှန့် ဖုန်း-၀၁-၃၇၄၃၃၁၊ ၀၁-၂၄၀၄၇၂၊
ဦးကျော်သိန်း ဖုန်း-၀၁-၂၂၅၇၄၄၊ ၀၉-၅၀၂၀၉၁၉၊
ဦးကြည်သိန်း ဖုန်း-၀၉-၅၁၁၃၉၃၅

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဒ/၃၆၊ မြေကွက်အမှတ် ၉၃၈၊ အကျယ်အဝန်းပေ(၄၀×၆၀)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၉၃၈၊ ဒ/၃၆ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်ဟုခေါ်တွင်သော မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးစံမြင့်ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် လက်ဝယ်ရရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးသက်တင် ၉/ညဥန(နိုင်) ၁၂၆၉၆၉ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောမူရင်းစာရွက်စာတမ်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇော်မင်းနိုင်
LL.B,DL-101 Wipo(Switzerland)
အထက်တန်းရှေ့နေ
ဖုန်း-၀၉-၇၃၉၀၃၃၀၇

ဒေါ်သက်ဆုရည် LL.B
အထက်တန်းရှေ့နေ
ဖုန်း-၀၉-၄၂၁၀၂၄၈၈၆

ရုံးအမှတ် ၅၀၊ ဒုတိယထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၉/က၊ မြေကွက်အမှတ် ၂၆၄/ခ၊မြေကွက်တည်နေရာအမှတ်-၂၆၄/ခ၊ ၁၉/က ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ဦးအုန်းမောင် AD-၀၅၁၇၀၄ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးအုန်းမောင်ကွယ်လွန်သဖြင့် ဒေါ်ဝင်း ၁၂/ကမတ(နိုင်)၀၄၂၆၇၃ က တရားဝင်ဖနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်အိမ်ရာ၊တိုက်အမှတ် ၄၉၂၊ အခန်းအမှတ် ၂၀၂သည် ယခုလက်ရှိ ဒေါ်ခင်ခင်သန်း အမည်ဖြင့်ရရှိသော တိုက်ခန်းဖြစ်ပါသည်။ ဒေါ်ခင်ခင်သန်းထံမှ ဒေါ်အိအိဖြူသို့ စာချုပ်အဆက်အစပ်ဖြင့် တန်ဖိုးသတ်မှတ်ရောင်းချခဲ့ပါသဖြင့် ဒေါ်အိအိဖြူ ၁၀/ဘလန(နိုင်)၀၇၀၅၅၀ က တိုက်ခန်းပိုင်ဆိုင်မှုအမည်ပြောင်းလဲရန် လျှောက်ထားခြင်းအား ကန့်ကွက်လိုပါက မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)သို့ ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

မှုခင်းသတင်းနှင့်ကြော်ငြာ

လှိုင်ကော်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

လှိုင်ကော် ဩဂုတ် ၂၁

ဇူလိုင် ၃၁ ရက် နံနက် ၇ နာရီခွဲက ကယား ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး၊ လွိုင်ကော်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးနှင့် တောင်ကြီးမူးယစ်(အထူး)အဖွဲ့က ရဲတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ လွိုင်ကော်မြို့ နောင်ယား (က) ရပ်ကွက်ရှိ ခရိန်(၄၀နှစ်)၏ နေအိမ်ကို မူးယစ် ဆေးဝါး သတင်းအရ ဝင်ရောက်ရှာဖွေရာ ခရိန်နှင့်အတူ မူးယစ် ဆေးဝါးသုံးစွဲရန် ရောက်ရှိနေသူ ဒေါဥခူ ရပ်ကွက်နေ ပြည့်စုံ (၄၀နှစ်)တို့ကို တွေ့ရှိရပြီး နေအိမ်ဧည့်ခန်း အတွင်း အနက်ရောင် သားရေခါးပတ်အိတ်ထဲမှ ဆရာခို အနာလိမ်းဆေး ပလတ်စတစ်ဘူး အဖြူရောင်ဖြင့် ထည့်လျက် ငွေကျပ် ၉၄၀၀၀ တန်ဖိုးရှိ WY စာတန်းပါ ပန်းရောင်စိတ်ကြွ ရူးသွပ်ဆေးပြား ၄၇ ပြား သိမ်းဆည်း ရမိသည်။ ထိုအမှုကို လွိုင်ကော်ရဲစခန်းက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **(ယာပုံ)**

ကြီးမြင့်နိုင်(လွိုင်ကော်)

လမ်းဘေးရေကာန်တွင်း ရေဆင်းကူးသူရေနစ်သေဆုံး

ဖြူး ဩဂုတ် ၂၁

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် တံခွန်တိုင်ကျေးရွာ အုပ်စု ပဒတ်ခင်ရွာသွား လမ်းဘေး မြေတူး၍ လမ်းဖို့ထားသော ၁၅ ပေပတ်လည်ရှိ ရေအိုင်အတွင်း ရေဆင်းကူးရာမှ လူတစ်ဦး ရေနစ်သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၇ ရက် ညနေ ၃ နာရီခွဲခန့်က တံခွန်တိုင်ကျေးရွာအုပ်စု ဖြူး-အုတ်ဖြတ်ကားလမ်း တောင်ဘက် ပဒတ်ခင်ရွာသွားလမ်းဘေးရှိ ရေအိုင်တွင် ရေနစ်သေဆုံး၍ လူတစ်ဦး ဖြူးပြည်သူ့ဆေးရုံသို့ ရောက်ရှိလာကြောင်း သတင်းအရ တာဝန်မှူး တပ်ကြပ်ကြီး ကျော်ဆွေက သွားရောက်စစ်ဆေးရာ ဩဂုတ် ၁၇ရက် မွန်းလွဲ ၂ နာရီခွဲက တိုင်တန်းစင်ရွာသို့ အလည် သွားရောက်ခဲ့သောအသေး(ခ)ကျော်ဆန်းထွန်း (၂၃ နှစ်) ဖြူးအရှေ့ကျေးရွာအုပ်စု နတ်ရေကန်ရွာနေသည် ပဒတ်ခင်ရွာသွား လမ်းဘေးရှိ မြောင်းတူးထားသော ၁၅ ပေပတ်လည် အကျယ်ရှိ ရေအိုင်အတွင်း ရေဆင်းကူးစဉ် ရေနစ်သေဆုံးခဲ့ကြောင်း ၎င်းနှင့်အတူခရီးသွားခဲ့သူ သီဟလွင် (၂၆ နှစ်)က ပြောပြသည်။

သေဆုံးသူ အသေး(ခ)ကျော်ဆန်းထွန်းသေဆုံးခြင်းသည်မမွှတာအတိုင်း သေဆုံးခြင်းဟုတ်မဟုတ်စစ်ဆေးပေးရန် တပ်ကြပ်ကြီးကျော်ဆွေက တိုင်တန်း၍ ဖြူးမြို့မရဲစခန်းက အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြူး(မြင့်ဦး)

ငွေနှလက ပျောက်ဆုံးသွားသောယာဉ် တိုက်ကြီးမြို့နယ်၌ ပြန်တွေ့

ရန်ကုန် ဩဂုတ် ၂၁

သစ်ထုတ်လုပ်ရေး(မြန်မာ့သစ်လုပ်ငန်း) လက်ထောက်မန်နေဂျာ ဦးညီညီထွေးသည် သစ်ထုတ်လုပ်ရေးဦးစီးဌာနပိုင် မော်တော်ယာဉ် ၁ခ/. . . ကိုရိုလာဗင်အဖြူရောင် ယာဉ်ကို ဇွန် ၈ ရက် ည ၉ နာရီခန့်က ပုဇွန်တောင်မြို့နယ် အမှတ်(၁၀) ရပ်ကွက် ဗိုလ်မြတ်ထွန်းလမ်း အထက(၄)ကျောင်းရှေ့တွင် ရပ်တန့်ထားခဲ့စဉ် ည ၁၀ နာရီ ၁၅ မိနစ်ခန့်က ပျောက်ဆုံးနေ၍ ပုဇွန်တောင်မြို့မရဲစခန်းမှ အမှုဖွင့်စုံစမ်းရှာဖွေခဲ့ကြောင်း သိရသည်။ အမှုမှ ပျောက်ဆုံးယာဉ်ကို စုံစမ်းရှာဖွေနေစဉ် ဩဂုတ် ၁၇ ရက် ညနေ ၄ နာရီခွဲခန့်တွင် တိုက်ကြီးမြို့နယ် တိုးဂိတ်အလွန် ဖောင်ကြီး-ပဲခူးလမ်းမှ ဖူးကြီးသို့သွားသည့်လမ်းတွင် ရှေ့နောက်နံပါတ်ပြားမပါရှိဘဲ ရပ်ထားသည်ကို ပြန်လည်တွေ့ရှိခဲ့ရပြီး အဆိုပါယာဉ် ခိုးယူသွားခဲ့သူကို စုံစမ်းဖော်ထုတ်ရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

အမျိုးသားနှစ်ဦးနှင့်အမျိုးသမီး ပူးပေါင်းလုယက်

လှိုင်သာယာ ဩဂုတ် ၂၁

ဩဂုတ် ၁၇ ရက် ည ၁၀ နာရီက လှိုင်မြို့နယ်နေ ဦး. . . သည် သီရိမင်္ဂလာဈေးသစ်အနီး နန်းထိုက်တော်ဝင်ဆိုင်၌ စားသောက်ပြီး ပြန်ထွက်လာစဉ် မလှမ်းမကမ်း၌ တွေ့ရသည့် မိန်းကလေးတစ်ဦးအားပျော်ပါးရန် ခေါ်ယူခဲ့ရာ ၎င်းမိန်းကလေးနှင့်အတူ အမည်မသိ အမျိုးသားနှစ်ဦး အတူလိုက်ပါခဲ့ကာ အငှားယာဉ်ဖြင့် တည်းခိုခန်းကို လိုက်လံရှာဖွေခဲ့ကြသည်။

ထိုသို့ တည်းခိုခန်းကိုလိုက်လံရှာဖွေခဲ့ရာမှ လှိုင်သာယာမြို့နယ် စက်မှုဇုန်သို့ အရောက် ဦး. . နှင့် မိန်းကလေးသည် ယာဉ်ပေါ်မှဆင်းကာ လမ်းဘေး၌ အပေါ့သွားနေစဉ် အတူလိုက်ပါလာသည့် အမျိုးသားနှစ်ဦးက ဦး. . ကို ဆောင့်တွန်း၍ လွယ်ထားသည့်အနက်ရောင်ဘေးလွယ်အိတ်ကို လုယူထွက်ပြေးသွားခဲ့ကြသည်။ အိတ်အတွင်း ငွေကျပ် နှစ်သိန်းကျော်ခန့်၊ လက်ကိုင်ဖုန်းတစ်လုံး၊ ယာဉ်မောင်းလိုင်စင်၊ ဘဏ်ငွေထုတ်ကတ် တစ်ခုတို့ပါရှိပြီး ဆောင့်တွန်းခံရသဖြင့် ဦး. . တွင်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

အဆိုပါဒဏ်ရာရရှိသူ ဦး. . က ဩဂုတ် ၁၈ ရက်တွင် သောင်ကြီးနယ်မြေရဲစခန်းသို့ လာရောက်တိုင်တန်းခဲ့သဖြင့် အရေးယူစုံစမ်းခဲ့ရာ လှိုင်သာယာမြို့နယ် (၂၀) ရပ်ကွက်နေသူများဖြစ်သည့် ကျော်နိုင်(ခ) ကုလားလေး၊ ကျော်မင်းသန့်(ခ)ရဲမင်းသူနှင့် သင်းသင်းအေး(ခ) တောသူမတို့ သုံးဦး ပူးပေါင်းကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း၊ သက်သေခံပစ္စည်းများ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

စိုးဝင်း(SP)

ဆိုင်ကယ်နှင့်အတူဖမ်းမိ

သရက်ချောင်း ဩဂုတ် ၂၁

တနင်္သာရီတိုင်း ဒေသကြီး သရက်ချောင်းမြို့နယ် မြို့မရဲစခန်းမှ ရဲတပ်ကြပ်ထွေးမြင့် (နယ်ထိန်း) သည် ဩဂုတ် ၁၀ ရက် မွန်းလွဲ ၁ နာရီခွဲက မြို့မရပ်ကွက် ကျောက်တိုင်စားသောက်ဆိုင်ရှေ့တွင် အေးလှိုင်ဝင်း(ခ)မျိုးမင်း (၂၆ နှစ်) ကျပန်းအလုပ်သမား နွယ်ခွေကြီးကျေးရွာ သာယာဝတီမြို့နေသူအား ဆိုင်ကယ်အမှတ် ၈ယ/. . . ဟွန်ဒါဒရင်း 125 ရေလှိုင်းဆိုင်ကယ်တစ်စီးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိရသဖြင့် သက်သေဦးကျော်ကျော်ထွေး၊ ဦးနိုင်ဝင်းတို့ရှေ့တွင် စစ်မေးရာ ဆိုင်ကယ်ပိုင်ဆိုင်ကြောင်း အထောက်အထား တစ်စုံတစ်ရာ မပြနိုင်သည့်အတွက် မြို့မရဲစခန်းတွင် ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ဉာဏ်လင်း

ဟိုက်ဒရောလစ်/လေဖိအားသုံး
ကွန်ကရစ်အုတ်ရိုက်စက်များ(ရောင်း/ငှား)
ဘိလပ်မြေဖျော်စက်၊ အုတ်အမျိုးအမျိုး
(၆ရ) သံသုဓာလမ်း၊ သုဝဏ္ဏ (သွားဆေးတက္ကသိုလ်အနီး)
09 73199410 , 09 420035882
09 73199257, 09 73248097

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈စ/၄၂၃၃၊ INNLAY L/T (INNLAY.02) P/U (4x2) R ယာဉ် လက်ဝယ်ရှိသူ ဦးစိုင်းကျော်ကျော်စိုး ၁၃/မမတ(နိုင်)၀၀၄၇၇၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ် ၆၄၄/ခ၊ မြေကွက်တည်နေရာအမှတ် ၆၄၄/ခ၊ သံသုမာလမ်း၊ (၁၀) ရပ်ကွက်၊ တောင်ဥက္ကလာပ ဒေါ်ခင်ညို၊ ဒေါ်တင်အေးအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်တင်အေးနှင့်ခင်ပွန်း ဦးစန်းအောင် ကွယ်လွန်သဖြင့် ဒေါ်စမ်းစမ်းဝင်း ၁၂/ဥကတ(နိုင်)၀၈၇၇၈၀၊ ဒေါ်တင်တင်ဝင်း ၁၂/ဥကတ(နိုင်)၀၈၇၇၇၈ တို့က သမီးများတော်စပ်ကြောင်း ကျမ်းကိုန်လွှာတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့်စွန့်လွှတ်စာချုပ်ရန် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ခင်ညို ၁၂/ဥကတ(နိုင်)၀၁၇၁၀၇နှင့်ပူးတွဲ၍ မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ မြေကွက်အမှတ် ၅၉၁/က၊ မြေကွက်တည်နေရာအမှတ် ၅၉၁/က၊ မနော်ဟရအောက်လမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်စိန်ခိုင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဒေါ်စိန်ခိုင် မြေကွက်အား ဒေါ်မြင့်မြင့်စန်းမှ သာကေတမြို့နယ်တရားမရုံး၌ ၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်(၄၄/၂၀၁၂)ဖြင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ တရားရုံးကိုယ်စား ဘိလစ်ဒေါ်တင်မေလွင် ၁၂/ဗဟန(နိုင်)၀၂၀၈၆၇က မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဗီဒီယို၊ ဓာတ်ပုံ အာကိုင်း
AKAI Video & Photo Services
Office - အမှတ် (၈)၊လသာလမ်း(အောက်လမ်း)၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
Photo Studio - အမှတ် (ဒီ ၉)၊ မင်္ဂလာလမ်း ၊ မင်းရဲကျော်စွာအိမ်ရာ၊ တာမွေကလေး(ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းအနီး)၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ ။
Ph - 09 42 1162666 , 09 86 18988, 09 86 16669
01 710491, 01 86 03595 ,

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ်၊ (၇)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်၊ မြေကွက်အမှတ် - ရွှေ/သာ/စ/၉/တိုးချဲ့/၄၇၀၊ မြေအကျယ် အလျား ၄၀' × အနံ ၆၀' ၊ ဒေါ်မြမြဝင်း အမည်ပေါက် ပါမစ်မြေနှင့် မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်နိုင်နိုင်ကျော် (ပီကိုယု-၂၆၃၅၄၅)ထံမှ စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူခဲ့သူ ဦးသက်မိုးအောင် (၁၂/မရက(နိုင်)၀၄၀၃၀၆)က ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ ရောင်းချသည်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေမှ တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်အား ကန့်ကွက်သူရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်အတူ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်က အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဓနဖြူ-ဦးစိုးမြင့် (စဉ်-၁၅၁၃)	ဒေါ်ခင်ဝင်းမြင့် (စဉ်-၅၈၃၃)
B.A (Law), LL.B	LL.B
တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ
၀၉-၅၁၅၀၄၁၈	၀၉-၅၀၈၆၃၃၅

အမှတ်-၉/၁၁၊အခန်းအမှတ်-၁၀၁(အေ)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊(၁)ရပ်ကွက်၊ဗဟိုလမ်း(ခိုင်ရွှေဝါ)၊ အမှတ်(၁၆၄)၊ဗလွှာ(B)တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်။

အထက်ပါတိုက်ခန်းကို တရားဝင်ပိုင်ဆိုင်သည်ဟုဆိုသူဒေါ်သဥ္ဇာနိုင် (၁၂/ရပသ(နိုင်)၀၆၈၄၅၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား ၊စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ပြီးဆုံးအောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ
ဦးထွန်းအောင်(ငါးသိုင်းချောင်း)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၂၉)
ရုံး။ ။အမှတ်(၃၈၅)၊ကျိုက္ကဆံလမ်း၊တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၅၄၃၆၆

PS ပေါ်ပြူလာစတား ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
"ဘုရားအဆူဆူပွင့်တော်မူရာဗုဒ္ဓဂယာမြေမြတ်မဟာသို့ဗုဒ္ဓဘာသာဝင်တိုင်းရောက်ရှိဖူးမြော်နိုင်စေရန်ရည်သန်လျက်ပို့ဆောင်ပေးနေခြင်းဖြစ်ပါသည်"
သီတင်းကျွတ်လပြည့်နှင့် တန်ဆောင်တိုင်ကထိန်အထူးအစီအစဉ်များ
(၁၄) ညအိပ် (၁၅) ရက်ခရီးစဉ်များ
၆.၁၀.၁၃ မှ ၂၀.၁၀.၁၃ (သီတင်းကျွတ်လပြည့်အထူး)
၃.၁၁.၁၃ မှ ၁၇.၁၁.၁၃ (တန်ဆောင်မုန်းကထိန်အထူး)
သံဝေဇနီယ (၄) ဌာန
အဝိဇဟိတ (၄) ဌာန
တာ့ချ်မဟာ
နယူးဒေလီ
(၈) သိန်းကျပ်
(စရိတ်ငြိမ်း)
Air Bus A320
လေယာဉ်ကြီးဖြင့်သာ
ဦးရာလူရရှိမည့်အထူးအခွင့်အရေး ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း ပထမဆုံးစာရင်းပေးသွင်းသူ (၁၀၀) ဦး အား အထူးနှုန်း(၇၆၀၀၀၀/)ကျပ်နှုန်းဖြင့် ၅% လျှော့ပေးမည်ဖြစ်ပါသဖြင့် စရန်ငွေ(၁)သိန်း ကျပ်သွင်းရုံဖြင့် အထူးအခွင့်အရေးရရှိမည် ဖြစ်ပါသည်။
◆ နယ်မှခရီးသည်များအတွက် ရန်ကုန်မြို့တွင်တည်းခိုစရာ အစက်အခဲရှိပါက စီစဉ်ပေးခြင်း ◆ ခရီးစဉ်တစ်လျှောက်နွေးထွေးသော ဝန်ဆောင်မှုဖြင့် နေရာစုံသို့ မစ္ဆင်းမချန်ပို့ ပေးခြင်း။ ◆ မည်သည့်အပိုကြေးမှုထပ်မံပေးဆောင်ရန်မလိုအပ်ခြင်း။ ◆ (၄၅)ခုံပါသော လေအိတ်ကားကြီးများတွင် (၃၂)ဦးသာပို့ဆောင်ပေးခြင်း။ ◆ အုပ်စုအဖွဲ့များ၊(၁၆)ဦးလျှင်(၁)ဦးအခမဲ့၊ (၁၁)ဦးလျှင်(၁)ဦး၅၀%လျှော့၊ (၆)ဦးလျှင်(၁)ဦး ၂၀% လျှော့ပေးခြင်း။
အောက်တိုဘာလ(၆-၁၀-၂၀၁၃)မှဧပြီလအထိတနင်္ဂနွေနေ့များတွင်လစဉ်ထွက်ခွာပါမည်။
ရန်ကုန်ရုံးချုပ် - အမှတ်(၂၂၁)၊ မြေညီထပ်၊ငုဝါလမ်း၊ စောရန်ပိုင်မြောက်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ (ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်အမှတ် - ၆/၂၀၀၉)
☎:01 214526 :09 5129134, 09 73083106

သာကေတမြို့နယ် ၊ ရှုခင်းသာလမ်းမကြီး၊မြန်မာ့ကြယ်ငါးပွင့်သင်္ဘောဆိပ်ကမ်းဝင်းအတွင်းရှိ

HTET OO MARITIME TRAINING INSTITUTE

(၁၀)တန်းမအောင်သော်လည်း Sea going Service (3) နှစ် ရှိသော ကုန်းပတ်သင်္ဘောသားများ၊ တပ်မတော် (ရေ) ကုန်းပတ်ဝန်ထမ်းဟောင်းများ၊ ကမ်းဝေး/ကမ်းနီးသွား Tanker ကုန်းပတ် သင်္ဘောသားများ၊ ဆိပ်ကမ်းအာဏာပိုင် ကုန်းပတ်ဝန်ထမ်းများအတွက် အရာရှိဖြစ်နိုင်မည့် သတင်းကောင်း

ပင်လယ်လုပ်သက် **Sea-going Service** အနည်းဆုံး (၃)နှစ် ရှိသူများသည် **Htet Oo Maritime Training Institute** မှ မကြာမီ ဖွင့်လှစ်ရန် စီစဉ်နေသော **Deck Officer Class - 5 (Home Trade Mate)** သင်တန်းကို ၂၀၁၃ စက်တင်ဘာလ (၂၃) ရက်နေ့တွင် ဖွင့်လှစ်မည်။ စုံစမ်းမေးမြန်း စာရင်းပေးသွင်းနိုင်ပါသည်။

(မှတ်ချက်။ ။ (၁၀)တန်းမအောင်သော်လည်း **English** ကို ဖတ်နိုင်၊ ရေးနိုင်၊ နားလည်ရမည်။)

သင်တန်းလက်ခံဌာန

(၁) သာကေတမြို့နယ်၊ ရှုခင်းသာလမ်းမကြီး၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘော ဆိပ်ကမ်းဝင်း အတွင်းရှိ ထက်ဦးရေကြောင်းပညာသင်တန်းကျောင်း
Ph/Fax:01-544562,098553104,Email: htetoo.maritime@gmail.com

(၂) အမှတ်-က/၁၆၈၊ ဒေါပုံသင်္ဘောကျင်းလမ်း(ရေကြောင်းဦးစီးဌာနလမ်း)ဒေါပုံမြို့နယ်။
Ph: 09 421154222

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ဗဟန်းမြို့နယ်ရဲစခန်း ပွင့်လင်းမြင်သာဆောင်ရွက်ထား

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မြို့နယ်ရဲစခန်း၌ ရဲလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာအောင် ဆောင်ရွက်ထားမှုအခြေအနေများအား ရှင်းလင်းပြောကြားသည့် အခမ်းအနားကို ဩဂုတ် ၁၉ ရက် ညနေပိုင်းက မြို့နယ်ရဲစခန်း၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့ ဒုတိယရဲမှူး မြင့်လွင်သန်း (စခန်းမှူး) ဦးဆောင်သောအဖွဲ့နှင့် ဖိတ်ကြားထားသော မီဒီယာနှင့် ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရဲလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာအောင် ဆောင်ရွက်ထားမှု အခြေအနေများကို မြို့နယ် ဒုတိယရဲမှူး မြင့်လွင်သန်း(စခန်းမှူး)က ရှင်းလင်းပြောကြားရာ၌**(အပေါ်ပုံ)** မြို့နယ်ရဲစခန်းသို့ ပြည်သူများမှ အမှုဖွင့်လှစ်တိုင်တန်းရန် ရောက်ရှိလာပါက ပြည်သူ့ဆန္ဒဝန်ဆောင်မှုပေးရေးအဖွဲ့ ထံသို့ မိမိ၏ အကြောင်းအရာများ တင်ပြဆွေးနွေးအကြံပြုပြီး လိုအပ်ပါက တာဝန်မှူးနှင့် တပ်ကြပ်ကြီးစာရေး တို့ထံသို့ ပို့အပ်၍ ဥပဒေနှင့်အညီ လုပ်ဆောင်ပေးလျက်ရှိကြောင်း ဗဟန်းစခန်းအတွင်း အမှုစစ်အခန်းကို သီးသန့်ထားရှိ၍ မည်သည့်အမှုကြီးငယ် မဆိုအမှုစစ်အခန်းတွင်သာ စစ်ဆေးပြီး အမှုစစ်အခန်း၌ တရားလို၊ တရားခံများအား စစ်ဆေးရာတွင် အသံဖိုင်နှင့် CCTV ကင်မရာများ တပ်ဆင်ထားကြောင်း၊ အမှုစစ်ဆေးခြင်းကို ပြင်ပဧည့်ခန်းရှိ တီဗွီမှတစ်ဆင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်လျက်ရှိကြောင်း၊ စခန်းရှေ့မြင်ကွင်းတွင် သိရှိကြည့်ရှုလေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း ဗဟန်းရဲစခန်းအတွင်း ပွင့်လင်းမြင်သာအောင်ဆောင်ရွက်ထားမှုကို ဩဂုတ် ၉ ရက်က စတင်ဆောင်ရွက်ထားကြောင်း သိရသည်။

တင်စိုး(မြန်မာ့အလင်း)

ယာဉ်/လမ်းစည်းကမ်းရှောင်တခင်စစ်ဆေး

သီပေါ ဩဂုတ် ၂၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မြို့တစ်မြို့ ဖြစ်သည်နှင့်အညီ နေ့စဉ် မော်တော်ယာဉ်ကြီး၊ ယာဉ်ငယ်နှစ်ထောင်ခန့်နှင့် မော်တော်ဆိုင်ကယ် အများအပြားသွားလာရာ ဒေသတစ်ခု ဖြစ်သည်။

ထို့ကြောင့် ယာဉ်တိုက်မှုများ နေ့စဉ်ဆိုသလို တွေ့မြင်နေကြရသည်။ ယာဉ်တိုက်မှုဖြစ်ပွားရသည့်အကြောင်းရင်းများမှာ ရာသီဥတုဒဏ်ကြောင့် အပါအဝင် လမ်းများ မကောင်းမှုကြောင့်လည်းကောင်း၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာမှုမရှိခြင်းတို့ကြောင့်လည်းကောင်း စသည်ဖြင့် ယာဉ်တိုက်မှုများ ဖြစ်ပွားကြောင်း၊ ၎င်းတို့တွင် ယာဉ်တိုက်မှုဖြစ်စဉ်များ၏ ၇၀ ရာခိုင်နှုန်းသည် ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာမှုမရှိခြင်းကြောင့် ယာဉ်တိုက်မှုများဖြစ်ပွားရခြင်းဖြစ်ကြောင်း၊ မြို့နယ်ယာဉ်ထိန်း ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ယာဉ်တိုက်မှုလျော့နည်းစေရေး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းသိရှိနားလည်စေရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့မှူး၏ လမ်းညွှန်မှုဖြင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းအသိပညာပေးဟောပြောပွဲများ ပြုလုပ်၍ အသိပညာပေးခြင်း၊ တစ်ဖက်မှလည်းယာဉ်စစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေး ဆောင်ရွက်လျက်ရှိပြီး လိုက်နာမှုမရှိသော ယာဉ်မောင်းများအား စစ်ဆေးအရေးယူမှုများလည်းရှိသည်ကို တွေ့ရသည်။

ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် ဩဂုတ် ၁၂ ရက် နံနက် ၈ နာရီခွဲက ယာဉ်ထိန်းရဲတပ်ဖွဲ့ တာဝန်ခံတပ်ကြပ်ဝင်းဇော်လတ်နှင့်အဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မီးသတ်ကြက်ခြေနီများပါဝင်သော မြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များက မြို့၏ လူစည်ကားရာမိုင်းပွန်လမ်းတစ်လျှောက် လမ်းဆုံ၊ လမ်းခွများတွင် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များကို သတ်မှတ်စည်းကမ်းများနှင့်မောင်းနှင်မှုရှိ မရှိစစ်ဆေးမှုပြုပြီး **(အောက်ပုံ)** လိုက်နာမှုမရှိသော ယာဉ်မောင်းများအား အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

သံဝေဇနိယလေးဌာန ဘုရားဖူးခရီးစဉ်

ဒေါ်နန္ဒာဝင်း ဦးစီးသော သံဝေဇနိယလေးဌာန ဘုရားဖူးခရီးစဉ်များကို ၅-၁၀-၂၀၁၃၊၁၈-၁၀-၂၀၁၃၊၄-၁၂-၂၀၁၃ ခရီးစဉ်များကို စရန်ငွေ ကျပ်တစ်သိန်း ပေးသွင်းပြီး စာရင်းပေးသွင်းနိုင်ကြောင်းကို သတင်းကောင်းပါးအပ်ပါသည်။

ခရီးစဉ်တိုင်းကို လူခြောက်ဦးလျှင် ကားတစ်စီးနှုန်းဖြင့် အထူးစီစဉ်ထားပါသည်။

ဆက်သွယ်ရန်လိပ်စာ-

အမှတ်(၆၁)၊ ရွှေဘုံသာလမ်း(အောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၁-၃၈၆၅၈၅၊ ၀၁-၃၈၇၂၇၆၊ ၀၉-၅၅၀၀၁၃၁၊ ၀၉-၃၃၃၆၄၇၇၇၊ ၀၉-၇၃၁၅၉၉၇၁၊ ၀၉-၂၅၀၀၃၉၄၃၄၊ ၀၉-၄၄၄၀၂၈၃၇၈၊ ၀၉-၅၀၂၆၂၅၈

ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(H)မှ မောင်မင်းချစ်သူ၏ဖခင်အမည်မှန်မှာ ဦးမောင်မျိုး ဖြစ်ပါသည်။

ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်း(ဃ)မှ မမျိုးအိအိခိုင်၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်မြင့် ၉/မထလ(နိုင်)၂၂၂၄၂ ဖြစ်ပါသည်။

မိခင်အမည်မှန်

လားရှိုးမြို့၊ အထက(၆)၊ တက္ကသိုလ်ဝင်တန်း(ဂ)မှ မခင်ဖုန်းတင့်၏မိခင်အမည်မှန်မှာ ဒေါ်စောင်ဝါ ၁၃/လရန(နိုင်)၁၀၈၁၇၅ ဖြစ်ပါသည်။

ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(G)မှ မယဉ်ယဉ်ဌေး(ခ)မဖြူဖြူနွယ်၏ ဖခင်အမည်မှန်မှာ ဦးကျော်နိုင်ဦး ဖြစ်ပါသည်။

ပြောင်းလဲခေါ်ပါရန်

ဦးသောင်းထိုက်အောင်၏သမီး လားရှိုးမြို့၊ အလက(၃)၊ ထ(ခွဲ)၊ ပထမတန်း(က)မှ မယဉ်မင်းထိုက်အား မယမင်းထိုက်ဟု ပြောင်းလဲခေါ်ပါရန်နှင့် မွေးသက္ကရာဇ်အမှန်မှာ ၂၆-၉-၂၀၀၇ဖြစ်ပါသည်။

အမည်ပြောင်း

ဦးသန်းဇော်၏သမီး လားရှိုးမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(င)မှ မနှင်းထက်ခိုင် ၁၃/လရန(နိုင်)၁၆၀၄၂၃အား မနှင်းထက်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မနှင်းထက်နိုင်

☎: 01-512443, 09-73017656

အရောက်ပို့ **ပွဲတော်အုပ်** စက်နှင့်သန့်စင်ပြီး

ရွှေဘို ပေါ်ဆန်းမွှေး(ထူးရှယ်) - Ks 42000/
ပုသိမ် ပေါ်ဆန်းမွှေး(ထူးရှယ်) - Ks 34000/
ဖျာပုံ ပေါ်ဆန်းမွှေး(ထူးရှယ်) - Ks 32000/

ဖခင်အမည်မှန်

တောင်ငူ အထက(၄) တက္ကသိုလ်ဝင်တန်း(C)မှ မထွန်းနဒီလှိုင်း၏ ဖခင်အမည်မှန်မှာ ဦးကျော်စိုးမိုး ၇/တငန(နိုင်)၁၆၉၃၇၆ ဖြစ်ပါသည်။

ဖခင်- ဦးကျော်စိုးမိုး(တောင်ငူ)

အမည်မှန်

လားရှိုးမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း (B)မှ ကျောင်းဝင်အမှတ် ၇၃၃ဖြစ်သူ နန်းစိန်ညွန့်(ခ)နန်းကြည်အွမ်၏ ဖခင်အမည်မှန်မှာ ဦးစိုင်းစီးန(ခ)ဦးဆန်လူဖြစ်ပြီး မိခင်မှာ ဒေါ်နန်းမြစော(ခ)မအေးစောဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ကျိုက်လတ်မြို့၊ အထက(၁)၊ သတ္တမတန်း(B)မှမထက်ထက်ခိုင်နှင့် ပဉ္စမတန်း(A)မှ မငယ်မတို့၏ ဖခင်အမည်မှန်မှာ ဦးကြည်အေး ဖြစ်ပါသည်။

ဦးကြည်အေး ၁၄/ကလန(နိုင်)၀၁၀၈၆၀

မွေးသက္ကရာဇ်မှန်

ကျိုက်လတ်မြို့ အမှတ် ၃၇၊ ၅ လမ်းနေ ဦးသန်းမြင့်၏သမီး မဟေမာလင်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၅-၁၀-၁၉၈၅ ဖြစ်ပါသည်။

ဆွမ်းလောင်းလှူပွဲဖိတ်ကြားခြင်း

တရားရုံးချုပ်ဓမ္မာရုံတွင် ၂၁-၉-၂၀၁၃ ရက် အရုဏ်ဆွမ်း အတူတကွ လောင်းလှူကြရအောင်။ လုပ်ငန်းဝင်သင်တန်း အပတ်စဉ်(၃)သူငယ်ချင်းများအားလုံးအား ဖိတ်ကြားအပ်ပါသည်။

(သီးခြားဖိတ်စာများပေးပို့ခြင်းမရှိပါ။)

လုပ်ငန်းဝင်အပတ်စဉ်(၃)

တရားရေးအရာရှိများ

တစ်ဦးတည်းဖြစ်ကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ဟိုပန်မြို့၊ ဈေးရပ်ကွက်အိမ်အမှတ် ၁၂၂ နေ ဦးရွက်ခမ်း၏သား ၅/ကလတ(နိုင်)၀၁၅၀၀၁ ကိုင်ဆောင်သူ ဦးအိုက်ဆိုင်(ခ)ဦးစံအေးမှာ တစ်ဦးတည်းဖြစ်ပါသည်။

မိဘအမည်မှန်

လားရှိုးမြို့၊ အထက(၆)၊ တက္ကသိုလ်ဝင်တန်း(ဂ)မှ နန်းနွံမ်မို၏မိဘအမည်မှန်မှာ ဦးအိုက်ရီ ၁၃/သနန(နိုင်)၀၁၄၇၁၀နှင့် ဒေါ်အေးလိုက် ၁၃/သနန(နိုင်)၀၃၇၉၃၄ ဖြစ်ပါသည်။

ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(၆) တက္ကသိုလ်ဝင်တန်း(ဂ)မှ မောင်တွမ်ရန်ဖန့်နှင့် နဝမတန်း(ဂ)မှ မခင်သက်ဦးတို့၏ဖခင်အမည်မှန်မှာ ဦးတွမ်မူချမ်းဖြစ်ပါကြောင်း။

ဦးတွမ်မူချမ်း

ယနေ့မော်ဒယ်မြင့် ကားများအတွက် ကွန်ပျူတာထိန်းချုပ်စနစ် OBD II သင်တန်း

(Modern Automotive Technology, Software များနှင့် OBD II စက်များအသုံးပြုပုံ)

လုပ်ငန်းခွင်လက်တွေ့ Practical Center တစ်ခုကို တိုးချဲ့ဖွင့်လှစ်ထားပါသည်။

အမှတ်စဉ် (၂၇) (၂၈) (၂၉) ပုံမှန်တန်းခွဲသစ်များကို စက်တင်ဘာ ၂ရက်နေ့တွင်စတင်ဖွင့်လှစ်ပါမည်

➤ အကြိုမိတ်ဆက် (အခမဲ့) သင်တန်းကို အပတ်စဉ် စနေနေ့တိုင်း ဖွင့်လှစ်ပါသည်။

မော်ဒယ်မြင့်ကားများကို ပြစ်ချက်ရှာဖွေစစ်ဆေးသော OBDII , OBDI စက်အမျိုးမျိုးရရှိနိုင်ပါပြီ။

Engine Doctor Engineering

No, 102, GFloor, 52nd st, Middle, Yangon. Tel : 09 4211 444 95, 96, 97

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

Aspect Management (Myanmar) Co.,Ltd

ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ တောင်ကြီး၊ လားရှိုးနှင့် မော်လမြိုင်မြို့များအတွက်

၁။ လုံခြုံရေးဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ရန် ကျား/မ(၃၀)ဦး

- ◆ သက်ဆိုင်ရာမြို့များမှ နယ်ခံများအား ဦးစားပေးမည်။
- ◆ အကျင့်စာရိတ္တကောင်းမွန်ပြီး ပြစ်မှုကင်းရှင်းရမည်။
- ◆ ကျန်းမာသန်စွမ်းပြီးရောဂါကင်းဝေးရမည်။
- ◆ အသက် ၂၀ မှ ၅၀ အတွင်း ဖြစ်ရမည်။
- ◆ စကားအပြောအဆိုပြေပြစ်ကောင်းမွန်ရမည်။
- ◆ လုပ်ငန်းအတွေ့အကြုံမရှိသူများလည်း လျှောက်ထားနိုင်သည်။
- ◆ စစ်မှုထမ်းဟောင်း၊ ရဲမှုထမ်းဟောင်းများနှင့် နယ်ခံများအား ဦးစားပေးပြီး အသက်လျှော့ပေါ့စဉ်းစားမည်။
- ◆ ညအိပ်ညနေအဆောင်နေမည့်သူများလည်း လျှောက်ထားနိုင်သည်။
- ◆ အရက်သေစာ သောက်စားသူများ လုံး၀(လုံး၀) လက်ခံစဉ်းစားမည်မဟုတ်ပါ။

အရည်အချင်းရှိသောဝန်ထမ်းများဖြစ်စေရန် နိုင်ငံတစ်ကာအဆင့်မီသော သင်တန်းများအဖြစ် စာတွေ့ လက်တွေ့များကို ကုမ္ပဏီမှ အခမဲ့သင်ကြားပို့ချပေးမည်။

စိတ်ပါဝင်စားသူများသည် အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ မူရင်း CV Form၊ ဓာတ်ပုံ(၂)ပုံ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်းတို့နှင့်အတူ လာရောက်လျှောက်ထားနိုင်သည်။

Aspect Management (Myanmar) Co.,Ltd

အမှတ်(39-A)၊ဖိုးစိန်လမ်း၊(Holiday Restaurant ဘေးလမ်းမှဝင်ရန်)ဗဟန်း၊ရန်ကုန်မြို့။

Ph : 01-541758, 549069, 09-5406730, 09-5109884, 09-73206432

ဌာနဆိုင်ရာနှင့် စီးပွားရေးကြော်ငြာ

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

(က) ကွန်ကရစ်တိုင်	(2) Items
(၁) ၇-မီတာ ကွန်ကရစ်တိုင် (125 mmØ/200 mmØ)	180-Nos
(၂) ၈-မီတာ ကွန်ကရစ်တိုင် (150 mmØ/235 mmØ)	3160-Nos
(ခ) Telephone	(2) Items
(၁) Lineman Test Phone (DR-700)	17- Nos
(၂) Auto Telephone (LCD Display) (Caller ID)	1000- Nos
(ဂ) Computer & Printer	(3) Items
(၁) Desktop Computer (Acer) Aspire XC 600 Intel Core i3 3220,3.3 GHz Processor	36- Nos
(၂) Laptop Computer (ASUS) Vivobook S400CA Ultrabook Intel Core i5 (i5 3317U), 1.7 GHz Processor	3- Nos
(၃) Printer (Canon) (LPB-2900)	18- Nos
(ဃ) Solar Power System (Max 800 W DC 480 Volt) (24 Hour/Day)	(14) Nos
(င) Rectifier (30A, 48 VDC) Single Phase (Vapel KXY 4830) (150-280Vac)	(40) Nos
(စ) ရုံးသုံးပရိဘောဂ	(4) Items
(၁) Document Shelf (Leeco, 4 Shelf)	1- No
(၂) Computer Office Desk (Leeco) 4'x2'x2'6"	42- Nos
(၃) Aluminium Cupboard (Leeco) 4'x2'x2'6"	21- Nos
(၄) Computer Chair (Revolving) (Leeco) (LSC 420 LG-F)	33- Nos
(ဆ) Battery	(2) Items
(၁) 2V Battery 800AH (Maintenance Free)	2- Banks
(၂) 12V Battery, 150AH (GS) (Acid Type) (Without Acid)	300- Nos
(ဇ) AVR & UPS	(3) Items
(၁) 10 KVA 220V (Single Phase AVR) Automatic Mode Only (50 Hz, 220V Single Phase Voltage Regulation)	1-No
(၂) 5 KVA AVR (Single Phase) (50Hz) Over Voltage Protector	10-Nos
(၃) 2 KVA UPS (Single Phase) (60/50Hz)(With Battery, 24V)	10-Nos
(ဈ) Engine Generator	(3) Items
(၁) 15 KVA Diesel Generator (Single Phase) Cummins, Deudz, Perkins, Lister Petter	1-No
(၂) 10 KVA Diesel Generator (Single Phase) Cummins, Deudz, Perkins, Lister Petter	20-Nos
(၃) 5 KVA Engine Generator Olympic GE 6700 LXB	5-Nos
(ည) PSTN Exchange	(5)Items
(၁) Lines (200)PSTN Exchange	9-Nos
(၂) Lines (300)PSTN Exchange	4-Nos
(၃) Lines (400)PSTN Exchange	1-No
(၄) Lines (500)PSTN Exchange	1-No
(၅) Lines (1120)PSTN Exchange	1-No
(ဋ) စက်ပစ္စည်း	(3) Items
(၁) Optix OSN 8800 (T-bit Intelligent Switched WDM/ OTN/SDH)	1-Set
(၂) IP Microwave Equipment(1+1) Including Training	1-Hop
(၃) NGN (Soft Switch & Gateway) Including Training	1-Set
(ဌ) Underground Telephone Cable	(6) Items
(၁) 10x 2x 0.4 mm	4-Kms
(၂) 20x 2x 0.4 mm	6-Kms
(၃) 30x 2x 0.4 mm	6-Kms
(၄) 50x 2x 0.4 mm	10-Kms
(၅) 70x 2x 0.4 mm	4-Kms
(၆) 150x 2x 0.4 mm	2-Kms
(ဍ) (၁) Vacuum Cleaner (220V) (50Hz) (1500 Watt include Blower Function)	11-Nos
(၂) Binding Machine (ibico) (ibimaster) 450 Sheets, Sheets/punch-25, Note-Adjustable Features, Plastic & Wire Binding, 14"	1-No
(ဎ) သံတံဆိပ်ခံ	(4)Items
(၁) ၂၀၁၄ နှစ်တိုတံဆိပ်ခံ(အင်္ဂလိပ်)	3705-Nos
(၂) ၂၀၁၄ နှစ်ရှည်တံဆိပ်ခံ(အင်္ဂလိပ်)	1799-Nos
(၃) ၂၀၁၄ နှစ်တိုတံဆိပ်ခံ(မြန်မာ)	4134-Nos
(၄) ၂၀၁၄ နှစ်ရှည်တံဆိပ်ခံ(မြန်မာ)	1873-Nos

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀ိ/-နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၆-၉-၂၀၁၃ ရက် ၁၃း၀၀နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့် တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)
အမှတ်(၄၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၃၈၀၂၃၁၊ ၀၁-၃၈၄၇၂၂

စက်မှုဝန်ကြီးဌာန
ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁) ဆေးဝါးစက်ရုံ(ရန်ကုန်)၊ ပုလင်းဖုံးစက်ရုံခွဲ၊ အမှတ်(၂) ပလတ်စတစ်စက်ရုံ (ကျောက်ဆည်)နှင့် မကွေးအချိုရည်နှင့် ရေခဲစက်ရုံတို့မှ အသုံးမလိုပိုလျှံစက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၂၆-၈-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၀-၉-၂၀၁၃ ရက် ညနေ ၁၆း၀၀ နာရီ

၃။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း (ရုံးချုပ်)
ရုံးအမှတ် ၃၇၊ စက်မှုဝန်ကြီးဌာန
နေပြည်တော်၊
ဖုန်း-၀၆၇-၄၀၈၂၇၅၊ ၄၀၈၂၇၆
Fax-၀၆၇-၄၀၈၁၉၅

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပျော်ဘွယ်မြို့၊ ရွှေပြည်ရန်လုံရပ်ကွက်၊ ကွင်းအမှတ် ၄၈၊ မြေကွက်အမှတ် ၂၀၊ အကျယ်အဝန်း ၁ ဒသမ ၃၄၇ ဧကရှိ မြေနေရာတွင် ၂၅၄ ပေ×၉၉ ပေ၊ ခေတ်မီတစ်ထပ်ဈေးသစ်အား ဆောက်လုပ်ရန်အတွက် ဆောက်လုပ်လိုသည့်ကုမ္ပဏီအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရွေးချယ်သွားမည်ဖြစ်ပါသည်။

၂။ ဆောက်လုပ်လိုသည့် ကုမ္ပဏီများသည် ပျော်ဘွယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သတ်မှတ်ထားသောဒီဇိုင်းပုံစံနှင့် ပါရှိရမည့်အခြေခံအဆောက်အအုံအတိုင်းတွက်ချက်၍ လျှောက်ထားရမည်ဖြစ်ပါသည်။ သတ်မှတ်ရက်၊ သတ်မှတ်ချိန်ကျော်လွန်သော လျှောက်လွှာများကို လက်ခံခြင်းပြုမည်မဟုတ်သည့်အပြင် အိတ်ဖွင့်တင်ဒါတင်သွင်းခွင့်ပြုမည်မဟုတ်ပါ။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းသောကုမ္ပဏီသည် ကုမ္ပဏီဒါရိုက်တာစာရင်း(၆/၂၆) တင်ပြနိုင်ရမည်။ ကုမ္ပဏီတည်ရှိရာ ရဲစခန်း၏ပြစ်မှုကင်းရှင်းကြောင်းထောက်ခံစာ ပါရှိရမည်။

၄။ လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်းတင်ပြနိုင်ခြင်းမရှိသူအား အိတ်ဖွင့်တင်ဒါ တင်သွင်းခွင့်ပြုမည်မဟုတ်ပါ။

၅။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါစည်းကမ်းများကို ပျော်ဘွယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး ဖုန်း-၀၆၄-၄၉၂၉၂ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၆။ အိတ်ဖွင့်တင်ဒါစနစ်အား ၁၆-၉-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀နာရီတွင် အဖွဲ့ရုံး၌ကျင်းပမည်ဖြစ်ပြီး နောက်ကျရောက်ရှိသူများအား တင်ဒါတင်သွင်းခွင့်ပြုမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

အတွင်းရေးမှူး
ဈေးသစ်ဆောက်လုပ်ရေးကြီးကြပ်မှုကော်မတီ

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်အေးအေးချို ပိုင်ဆိုင်သော မြေကွက်အမှတ် ၂၃-B၊ ၁၃၅၀၊ ပဲခူးမြို့ ဥဿာမြို့သစ် ရပ်ကွက်ကြီး မြေပါမစ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၀၉၇၅၆၀**

မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ ယုဇန(၂)လမ်း၊ အမှတ်(၂၀၁)ရှိ ဂရန်မြေကွက်ပေ(၄၀×၆၀)နှင့် တစ်ထပ်အိမ်ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါ မြေတိုင်း(၂)၊ မြေကွက်(၂၀၁)ရှိ မြေကွက်နှင့် တစ်ထပ်အိမ်အား လက်ရှိနေထိုင်ပိုင်ဆိုင်ပြီး မြို့တော်စည်ပင်တွင်တရားဝင်အမည်ပေါက်သူ ဦးစန်းအောင် ၁၂/ဥကမ(နိုင်)၁၂၆၁၀၆နှင့် ဒေါ်နွဲ့ရီ ၁၂/ဥကမ(နိုင်)၀၄၇၉၈၅တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီအပြီးတိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးဘုန်းမြင့်(ငါးသိုင်းချောင်း) LL.B
တရားလွှတ်တော်ရှေ့နေ(၃၁၄၈/၈၅) Japan Tokyo 4 years,Legal Consultant
အမှတ်(၂၂)၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်၊ ဖုန်း-၀၉-၄၂၀၇၁၀၈၈၈၊
၀၉-၄၂၀၇၂၆၉၉၉၊ ၀၉-၄၂၀၇၃၀၃၁၁၊ Email: hponemyint007@gmail.Com

အယူတော်ခံမှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူတော်ခံတရားပြိုင်များသို့ ကြားသိစေသည့် အကြောင်းကြားစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
မကွေးခရိုင်တရားရုံး
၂၀၁၃ ခုနှစ် တရားမပထမအယူခံမှုအမှတ်-၆၈

ဦးသန်းခိုင်	နှင့်	၁။ ဒေါ်စန်းစန်းဝင်း
		၂။ ဦးစိုးမြင့်အောင်
		၃။ မသီရိရွှေစင်ထွန်း(အတူနေမောင်နှမ) ကျွန်းစုရွာ၊ သရက်ပင်ကွက်၊ နံကပ်ကျွန်းအုပ်စု၊ မကွေးမြို့။
အယူခံတရားလို		**အယူခံတရားပြိုင်များ**

၂၀၁၃ ခုနှစ် ဇူလိုင် ၁၈ ရက်စွဲပါ မကွေးမြို့နယ်တရားရုံးတော်မှ ဒီကရီကို အယူတော်ခံမှု။

(၂)(၃)အယူတော်ခံတရားပြိုင် ဦးစိုးမြင့်အောင်နှင့် မသီရိရွှေစင်ထွန်း(ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

ယခုအမှုတွင် မကွေးမြို့နယ်တရားရုံးတော်ကချပေးသည့်ဒီကရီကို အယူခံတရားလို ဦးသန်းခိုင်က အယူတော်ခံရာ ဤရုံးတော်တွင် မှတ်ပုံစာရင်းတင်သွင်း ထိုအယူခံမှုကို ၂၀၁၃ ခုနှစ် စက်တင်ဘာ ၂၃ ရက်(၁၃၇၅ခုနှစ် တော်သလင်းလပြည့်ကျော် ၄ရက်)တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့၏ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင်တို့အတွက် ရှက်ဆောင်ရန် တရားဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်တို့မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်တို့ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းထားသည့်အချိန်အတွင်း ဤကဲ့သို့ သင်တို့က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၁၃ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဌေးဌေးကြည်
ခရိုင်တရားသူကြီး
မကွေးခရိုင်တရားရုံး

* နွားမသည်…
ပိပိကိုယ်မှဖြစ်သော နွားနို့ကိုလူအား
နေ့စဉ်ပေး၏ ၊ သို့သော်…
ဒါနနှင့် တခြားစီဝေးကွာလွန်းလှ၏။
ဒါနဟုသိသော
အသိဉာဏ်မရှိသောကြောင့်… ။
* နွားထီးသည်…
ပသတ်၊မခိုး၊မပစ်မှား၊မလိမ်၊မသောက်
အသက်ထက်ဆုံးနေ၏။ သို့သော်…
သီလနှင့် တခြားစီ ဝေးကွာလွန်းလှ၏။
သီလဟုသိသော
အသိဉာဏ်မရှိသောကြောင့်… ။
* ကျွန်ုပ်တို့သည်…
နိဗ္ဗာန်နှင့်တစ်သားတည်းနေ၏၊ သို့သော်
နိဗ္ဗာန်နှင့်တခြားစီ ဝေးကွာလွန်းလှ၏။
နိဗ္ဗာန်ဟုသိသော
အသိဉာဏ်မဖြစ်သောကြောင့်… ။

ငါသူတပါး
ပိုးကောင်းကင်တရားများ
ဓမ္မပါလ

ဖြန့်ချိရေး
(ရန်ကုန်) ဦးစိုးဝင်း ၀၉၇၃၁၉၆၂၇၁
(မန္တလေး) စိုးဇင်စာပေ ၂၂၀၂၉၇
၀၉၅၀၄၉၇၀၃ ၊ ၀၉၄၅၀၀၄၀၇၆၇

အမည်ပြောင်း

လားရှိုးမြို့၊ အထက(၂)၊ သတ္တမတန်း (F)မှ (ဦးမောင်မောင်အေး)၏သား မောင်ရဲရင့်အောင်အား မောင်ဝေဖြိုးမောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဝေဖြိုးမောင်

ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း၊ အခန်း(A)မှ မနှင်းဖြူ၏ ဖခင်အမည်မှန်မှာ ဦးယန်ကျီးဟုန် ၁၃/လရန(နိုင်)၀၇၅၁၁၅ ဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉၅/၁၃၃၅၄ ယာဉ်လက်ဝယ်ရှိသူ ဦးတင်စိုး ၈/စလန(နိုင်)၀၃၀၇၃၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ မင်းဘူးမြို့**

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ပတ္တမြား/တောင်)၊ မြေကွက်အမှတ် ၅၆၅၊ မြေကွက်တည်နေရာအမှတ် ၅၆၅၊ နဝရတ်လမ်း၊ ပုလဲ(၃)၊ တကကအုန်းသွင် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ပိုင်ဆိုင်ခဲ့သူ ဒေါ်နန်းမာလာခိုင် ၁/မကတ(နိုင်)၀၂၅၈၂၄ က မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိခံဝန်ချက်၊ ကျမ်းကျိန်လွှာတို့ကို တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၅၊ မြေကွက်အမှတ် ၁၁၂၈၊ မြေကွက်တည်နေရာအမှတ်-၁၁၂၈၊ (၄၅)ရပ်ကွက်၊ စက်မှုလယ်ယာလမ်း၊ ဒဂုံမြောက်မြို့နယ် ဒေါ်လှမြင့်(CI-၀၁၆၁၇၃) အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်လှမြင့်နှင့်ခင်ပွန်း ဦးစိန်သန်း မိခင်၊ ဖခင်တို့ အသီးသီးကွယ်လွန်သဖြင့် ဒေါ်ခင်သက်ဦး ၁၂/သကတ(နိုင်)၀၀၄၄၈၂ က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စီးပွားရေးကြော်ငြာ

မဟာဗောဓိထူး ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

မြတ်ဗုဒ္ဓ၏(ဖွားပွင့်၊ဟောစံ)အာဂရာ၊တပ်ချ်မဟာ၊နယူးဒေလီ၊ကိုးလ်ကတ္တား (၁၄ည/၁၅ရက်)ခရီးစဉ်အား ၂၀၁၃စက်တင်ဘာလမှ၂၀၁၄ဧပြီလအထိ လစဉ်စီစဉ် ထားပါသည်။ ရပ်ဝေးရပ်နီးမှလိုက်ပါမည့် မိဘပြည်သူများ မိမိနှစ်သက်ရာခရီးစဉ်တွင် လိုက်ပါနိုင်ရန် စရန်ငွေ(၁)သိန်း ပေးသွင်း၍ ကြိုတင်စာရင်း ပေးနိုင်ပါသည်။ နိုင်ငံကူးလက်မှတ်သက်တမ်း (၆) လအထက်ရှိသူများ (၅၀၀၀၀) ကျပ်လျှော့ပေးပါမည်။ မိသားစုလိုက်၊ အဖွဲ့လိုက် သွားလိုပါက အထူးစီစဉ် ပေးပါသည်။ ဗုဒ္ဓဂယာခရီးစဉ်တွင် အဖွဲ့လိုက် (၁၆)ဦး ပြည့်လျှင် (၁)ဦး အခမဲ့ပို့ဆောင်ပေးပါသည်။ ဝန်ဆောင်မှုများအတွက် စိတ်ပူစရာများမရှိစေရန်နှင့် စိတ်လက် ကြည်နူးစွာဘုရားဖူးနိုင်ရန် စီစဉ်ထားပါသည်။

သာသနာ့ဝန်ထမ်းများအား(၅၀၀၀၀)ကျပ်လျှော့ပေးပြီး ကုသိုလ်ဖြစ် ပို့ဆောင်ပေးလျက်ရှိပါသည်။

(၇ည/၈ရက်) ခရီး (၇.၅) သိန်းကျပ် ၊ (၁၄ည/၁၅ရက်) ခရီး (၉.၅) သိန်းကျပ် ။

အောက်တိုဘာလခရီးစဉ်အတွက် လက်မှတ်စောင်ရေအနည်းငယ်သာကျန်ပါတော့သည်။

၂၀၁၃-၂၀၁၄ ဗုဒ္ဓဂယာခရီးစဉ်ထွက်ခွာမည့်ရက်များ- Oct (20) , Nov (3,17) , Dec (15 , 29) , Jan (12 , 26) , Feb (9 , 23) , Mar (9) , April (12 , 13)

ရန်ကုန်ရုံးချုပ် - အမှတ်(၂၆၄)၊ပန်းဆိုးတန်းလမ်း(ဂုံးတံတားအနီး)။ ဖုန်း-၀၁-၃၇၇၈၁၄။ ၀၁-၃၇၈၄၆၅ ။
မန္တလေးမြို့ - အမှတ်(၁၃၅)၊၈၅လမ်း၊၃၃× ၃၄လမ်းကြား၊ ဖုန်း-၀၂-၆၄၉၅၉ ၊ ၀၉-၄၃၁၁၅၅၉၈။
မော်လမြိုင်မြို့ - ၀၉-၇၃၇၆၀၉၁၁။ ပဲခူးမြို့ - ၀၉-၅၃၀၀၁၇၁။
ဘားအံမြို့ - ၀၉-၇၃၇၆၀၈၂၉။ လှိုင်းဘွဲ့မြို့ - ၀၉-၅၆၆၁၇၁၄။

"ဖွားပွင့် ၊ဟောစံ" သကြိန်အထူးခရီးစဉ် (၇ည/၈ရက်) ခရီး (၁၃ည/၁၄ရက်)ခရီး

DORA

Wedding Dress & Photo Studio

မိုးရာသီအထူးအစီအစဉ် (20.8.2013) = (30.9.2013)

ဝါကျွတ်မင်္ဂလာဆောင်မည့်စုံတွဲများအတွက် *Pre -Wedding Photo* ရိုက်လျှင်

ပုံကြီး+ ရေစိုခံပန်းဘောင်(၁)ပုံ နှင့်

မိမိတို့၏ **Wedding Photo** များဖြင့် **Table Calendar**(၁) ခု

လက်ဆောင်ပေးပါမည်။

အမှတ် (၁၁၄)၊ ဆရာစံလမ်း (ရန်ကင်းစင်တာရှေ့)၊ ဗဟန်းမြို့နယ်။ Ph - 09 31642585, 09 31188704, 09 31166287

DORA Digital Color Lab & Photo Studio ဆိုင်ခွဲများအားလုံးတွင် ကြိုတင်ရက်ချိန်းယူနိုင်ပါသည်။ ဖုန်း - ၅၅၈၁၉၉ ၊ ၇၀၇၃၁၇

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
တောင်ကြီးခရိုင်တရားရုံး
၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ်-၁၁၉ နှင့် ဆက်သွယ်သည့်
၂၀၁၃ ခုနှစ် တရားမဇာရီမှုအမှတ်-၉၀

ဒေါ်အေးခင်(ခ)လီဆိုက်ချင်း **နှင့်** ဒေါ်ရန်မိန်(ခ)ဒေါ်ရင်မေ
ဒီကရီအနိုင်ရသူ **တရားရှုံး**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ သီရိမင်္ဂလာလမ်း၊ အမှတ် (၃၆၇)နေ ဒေါ်ရန်မိန်(ခ)ဒေါ်ရင်မေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၁၁၉တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်အေးခင်(ခ)မလီဆိုက်ချင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆို နိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၃ ခုနှစ် ဩဂုတ် ၂၉ရက် (၁၃၇၅ ခုနှစ် ဝါခေါင်လပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၃ ခုနှစ် ဩဂုတ် ၁၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လင်းလင်း)
ခရိုင်တရားသူကြီး
တောင်ကြီးခရိုင်တရားရုံး

အမည်မှန်၊ တစ်ဦးတည်းဖြစ်ကြောင်း

အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်၊ ရှမ်းကုန်းလမ်း၊ အမှတ် ၇၄ နေ ဦးစောဘရေး(လ်)၊ ဒေါ်လှိုက်ထော တို့၏သမီး ၁၂/အစန(နိုင်)၀၂၆၈၆၅ ကိုင်ဆောင်သူ၏ အမည်မှန်မှာ နော်ဖေးလေ (ခ) နော်ဖေးဘရိတ် ဖြစ်ပါကြောင်း။

အမည်ပြောင်း

အထက (၃) လှိုင်သာယာ၊ အဋ္ဌမတန်း (D)မှ ဦးမောင်ဉာဏ်ထွန်း၏သမီး မစုမြတ်စံ (၁၁၁၅/၁၁)အား မခင်ဆုဆုဟန်၊ အမက (၃၄) လှိုင်သာယာ စတုတ္ထတန်း (A) မှ ဦးမောင်ဉာဏ်ထွန်း၏သမီး မဝင်းဝင်းရွှေ (၂၁၀/၀၉)အား မဆုလာဘ်ပိုင်ဟု ခေါ်ပါရန်။

မခင်ဆုဆုဟန်၊ မဆုလာဘ်ပိုင်

ဖခင်အမည်မှန်

ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့၊ အထက (၁)၊ တက္ကသိုလ်ဝင်တန်း (D)မှ မအေးအေးဝင်း၏ ဖခင်အမည်မှန်မှာ ဦးဉာဏ်တင့်(ခ)ဦးစိုးငယ် ၅/ကဘလ(နိုင်)၀၅၉၀၈၄ ဖြစ်ပါကြောင်း။ **ဦးဉာဏ်တင့် (ခ) ဦးစိုးငယ်**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၂၈၄

ဒေါ်လှဲ့လှဲ့ခိုင် **နှင့်** (၁) ဒေါ်အေးမြင့်၊ (၄) ဒေါ်သွယ်သွယ်ခိုင်
(၂) ဦးမင်းဇော်၊ (၅) ဒေါ်ရီရီခိုင်
(၃) ဦးအေးမင်း၊ (၆) ဦးအောင်ကိုလတ်

တရားလို **တရားပြိုင်များ**

